

တက္ကသိုလ်
သိဟအောင်
ဓားကြွယ်နှင့်
ခေါင်းနှစ်လုံးမြွေဆွေး
ဒု-ဇာတ်သိမ်း

စာမူ ခွင့်ပြုအမှတ် ၄၆၁/၉၅(၈)

မျက်နှာဖုံး ခွင့်ပြုအမှတ် ၄၅၇/၉၅(၈)

ပထမအကြိမ်

၁၉၉၅ ခုနှစ်၊ အောက်တိုဘာလ

တန်ဖိုး ၈၀/- အုပ်ရေ [၄၀၀]

ထုတ်ဝေသူ ဦးလှဌေး (မြ-၀၁၁၈၃)
လှဌေးစာပေ
အမှတ် ၂၅၊ ၁၂၆ လမ်း၊
တာမွေ၊ ရန်ကုန်မြို့။

ပုံနှိပ်သူ ဒေါ်ကျင်ငွေ (မြ ၀၃၁၄၆)
ဇမ္ဗူအောင်ပုံနှိပ်တိုက်
အမှတ်(၁)၊ စပယ်ခြံ(၃)လမ်း
ကမာရွတ်၊ ရန်ကုန်။

မျက်နှာဖုံးရိုက် ဦးကျော်မိုးစိန် (မြ-၀၃၁၃၇)
အောင်သာပုံနှိပ်တိုက်
၀၇၂၊ ၃၁ လမ်း၊
ရန်ကုန်မြို့။

တက္ကသိုလ် သီဟအောင်

---

# ဓားကြယ် နှင့် ခေါင်းနှစ်လုံးမြွေခွေး

(ဒုတိယပိုင်း–ဇာတ်သိမ်း)

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး.... (ဒို့အရေး)
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး.... (ဒို့အရေး)
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး.... (ဒို့အရေး)

စည်းကမ်းလိုက်နာ ဘေးကင်းကွာ။
စည်းကမ်းရှိမှ တိုးတက်မည်။
စည်းမျဉ်းကိုက်ညီ ဘေးကင်းသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ပဓာနကျသောတာဝန်ဖြစ်သည်။

အတိတ်ခင်း

နေရောင်ဖြာကျနေသည်။

ဝန်းကျင်တစ်ခုလုံး သာယာလှပနေလေသည်။

လှပသောဝန်းကျင်တွင် နေချင့်စဖွယ်ကောင်းသော အိမ်
လေးတစ်လုံး ရှိနေပါသည်။

ထိုအိမ်လေးရှေ့ မြေကွက်လပ်တွင် အသက် ဆယ့်သုံးနှစ်
အရွယ် ကောင်လေးတစ်ယောက်နှင့် အသက် လေးဆယ်ခန့်
ရှိသူ တစ်ယောက်တို့ ရှိနေကြပါသည်။

ကောင်လေးသည် မြေကွက်လပ်တွင် သိုင်းပညာလေ့ကျင့်
နေခြင်း ဖြစ်လေသည်။

တစ်ကိုယ်လုံး ချွေးအလိမ်းလိမ်းဖြင့် ပါးစပ်မှ ဖြာသံပေးကာ လေ့ကျင့်နေခြင်းဖြစ်သည်။

အသက်လေးဆယ်ခန့်ရှိသူက ကောင်လေးကို ကြည့်ကာ သဘောကျသည့်အလား ဦးခေါင်းတဆတ်ဆတ် ညိတ်နေပါသည်။

အတန်ကြာလျှင်....

'ကောက်ယိ.... ဒီနေ့အဖို့တော့ တော်လောက်ပြီ၊ မင်း လုပ်စရာရှိတာ သွားလုပ်ဦး၊ ညကျမှဆက်ပြီးလေ့ကျင့်ပေါ့'

ဟု ပြောလိုက်လေသည်။

ကောင်လေး ခေါင်းညိတ်လိုက်၏။

'ဟုတ်ကဲ့ ဆရာ'

ဆရာဖြစ်သူကို ဦးညွှတ်ကာ ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

ဆရာက....

'ခဏနေဦး'

ဟု ဟန့်တားလိုက်ခြင်းကြောင့် ကောက်ယိ ခြေလှမ်းရပ်သွားလေသည်။

'ဟုတ်ကဲ့၊ အမိန့်ရှိပါ ဆရာ'

ကောက်ယိ၏ဆရာမှာ ယင်ထင်နန်ဆိုသူ ဖြစ်ပါသည်။

ယင်ထင်နန်သည် သိုင်းလောကတွင်ထင်ရှားသောဓားသမားတစ်ယောက် ဖြစ်လေသည်။



မိဘမဲ့ တစ်ကောင်ကြွက် ကောက်ယိကို တပည့်အဖြစ် လက်ခံကာ သူ၏ဓားပညာကို သင်ကြားပေးနေခြင်း ဖြစ်လေသည်။

ယင်ထင်နန်က....

'မင်းဟာ တစ်နေ့ ဓားသမားတစ်ယောက်အဖြစ် သိုင်းလောကမှာ ကျင်လည်ကျက်စားရမှာဆိုတော့ မင်းအတွက် ဓားတစ်လက်လိုတယ်၊ ဒါကြောင့် ငါက မင်းကို ဓားတစ်လက် အမွေပေးမယ်လို့ စိတ်ကူးထားတယ်'

ဟု ပြောလေသည်။

ထိုစကားကြားလျှင် ကောက်ယိ ဝမ်းသာသွားလေ၏။

'ဟာ....ဝမ်းသာလိုက်တာ၊ ဆရာ့ကျေးဇူးကို ဘယ်လိုပြန်ဆပ်ရမှန်းတောင် မသိတော့ပါဘူး ဆရာရယ်'

လှိုက်လှိုက်လှဲလှဲ ပြောလိုက်မိလေသည်။

ယင်ထင်နန် ပြုံးလိုက်သည်။

'ငါ့ရဲ့ကျေးဇူး ဆပ်ချင်တယ်ဆိုရင် ငါသင်ပေးတဲ့ပညာကို ကျွမ်းကျင်အောင် လေ့ကျင့်ပါ၊ လေ့ကျင့်အောင်မြင်ပြီဆိုရင် သိုင်းလောကအကျိုး၊ အများအကျိုး ဆောင်ရွက်ပါ၊ ဒါဆို ငါ့ကို ကျေးဇူးဆပ်ရာရောက်ပြီ'

ကောက်ယိက....

'စိတ်ချပါ ဆရာ၊ ဆရာ့စကားကို မြေဝယ်မကျ နားထောင်ပါ့မယ်လို့ ကတိပေးပါတယ်'

ဟု ကတိပေးလိုက်သည်။

သူ၏ဘဝအတွက် ဆရာသခင်သည်သာလျှင် မိဘသဖွယ် ဖြစ်ခဲ့ရပါသည်။

ယင်ထင်နန်ကသာ သူ့အား လက်ခံခြင်း မပြုခဲ့ပါလျှင် လမ်းပေါ်တွင် ပေတေ လေလွင့်နေသည့် အခြေအနေမဲ့ ကောင်လေးတစ်ယောက်ဘဝသို့ ရောက်နေတော့မည် ဖြစ်လေသည်။

ယင်ထင်နန်က....

'ငါ့ရဲ့စာကြည့်စားပွဲပေါ်မှာ ကျောက်စိမ်းနဲ့ ဓားရိုးဘတ်ထားတဲ့ ဓားတစ်လက်ရှိတယ်၊ အဲဒါကို မင်းယူလိုက်ပါ၊ ဒီကနေ့ကစပြီး မင်းပိုင်သွားပြီ'

ဟု ပြောကာ လက်ဝေ့ယမ်းပြလိုက်သည်။

ကောက်ယိလည်း ဦးညွတ်ကာ ဝမ်းသာအားရပြေးထွက်သွားလေ၏။

အိမ်ထဲဝင်ကာ ဆရာ၏စာကြည့်စားပွဲတွင် ကျောက်စိမ်းဓားကို ရှာဖွေလိုက်သည်။

ယင်ထင်နန်က အသင့်ထုတ်ထား၍ အဆင်သင့်ပင် တွေ့ရလေသည်။

ကောက်ယိသည် ကျောက်စိမ်းဓားကိုယူကာ နမ်းရှုံ့လိုက်သည်။

'ငါ့အတွက် ဓားတစ်လက်ပိုင်ပြီ၊ တစ်နေ့ ငါဟာ အများအကျိုးဆောင်ရွက်တဲ့ ဓားသမားတစ်ယောက်အဖြစ် သိုင်းလောကမှာ ကျင်လည် ကျက်စားနိုင်မှာပဲ'



ကစားစရာရသည့်ကလေးငယ်တစ်ယောက်ပမာ ပျော်မြူးမဆုံးအောင် ဖြစ်နေရပေတော့သည်။

ထိုစဉ် အပြင်ဘက်မှ ကျယ်လောင်သော စကားသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

'ဓားသမား ယင်ထင်နန် ရှိသလားဗျို့'

ကောက်ယိ အံ့သြသွားလေ၏။

'ဧည့်သည်တစ်ယောက် ရောက်လာတာပဲ'

သူသည် ဆရာယင်ထင်နန်နှင့်အတူ နေခဲ့သည်မှာ အတော်ကြာပြီ ဖြစ်လေသည်။ ယင်ထင်နန်သည် သိုင်းလောကသို့ ဆင်းသွားလေ့ရှိသော်လည်း ပြင်ပမှဧည့်သည်များကား လာရောက်လည်ပတ်သည်ဟု မရှိသလောက်ပင်။

ယနေ့အဖို့ ဧည့်သည်တစ်ယောက် ရောက်လာသည်မို့ ထူးထူးဆန်းဆန်း ဖြစ်နေရာ....

'ဘယ်သူများပါလိမ့်'

ကောက်ယိ စိတ်ဝင်စားသွားပြီး စာဖတ်ခန်း၏ ပြတင်းပေါက်ဆီသို့ လှမ်းသွားကာ အပြင်ဘက် လှမ်းကြည့်လိုက်လေသည်။

ယင်ထင်နန်သည် အိမ်ကလေးဝဲဘက်ရှိ ပန်းပင်များကြားမှ ထွက်လာပါသည်။

အိမ်ရှေ့မြေကွက်လပ်တွင် အစိမ်းရောင် ဝတ်ဆင်ထားသည့် လူရွယ်တစ်ယောက် ရောက်ရှိနေသည်ကို တွေ့ရလေသည်။

ထိုလူရွယ်မှာ အသက်နှစ်ဆယ်ကျော်ခန့်ရှိပြီး ယောကျာ်းပီသစွာ ချောမောခံ့ညားသူ ဖြစ်လေသည်။

ခါး၌ ဓားတစ်လက်ချိတ်ထားသဖြင့် သိုင်းပညာ တတ်မြောက်ထားသူဖြစ်ကြောင်း ကောက်ယိ ဆင်ခြင်မိလိုက်လေသည်။

ယင်ထင်နန်သည် ထိုလူရွယ်ရှေ့သို့ လှမ်းသွားပြီး....

'ကျုပ်က ယင်ထင်နန်ပါ၊ ဘာကိစ္စရှိလို့လဲကွယ့်'

ဟု မေးလိုက်လေ၏။

လူရွယ်က....

'ကျွန်တော့်နာမည် ကျူစိမ်ရှန်လို့ခေါ်ပါတယ်'

ဟု ကိုယ့်ကိုကိုယ် မိတ်ဆက်ပေးလေ၏။

ယင်ထင်နန် ခေါင်းညိတ်လိုက်၏။

'ဪ....ခုတလော သိုင်းလောကမှာ နာမည်ရလာတဲ့ လူငယ်ဓားသမား ကျူစိမ်ရှန်ဆိုတာ မင်းကိုး၊ ကျုပ်ဆီကို လာခဲ့တာ ဘာကိစ္စကြောင့်လဲ ပြောပါ'

ဟု မေးလိုက်ပြန်၏။

ကျူစိမ်ရှန်က....

'ဦးနဲ့ ဓားပညာ ယှဉ်ပြိုင်ချင်လို့ပါ'

'ဟော...'

မမျှော်လင့်သော စကားကြားရလျှင် ယင်ထင်နန်က တအံ့တဩ ဖြစ်သွားလေသည်။ ပြတင်းပေါက်မှ ကြည့်နေသော ကောက်ယိလည်း ထိတ်လန့်သွားလေ၏။



'လက်စသပ်တော့ ငါ့ဆရာကို လာပြီး စိန်ခေါ်တာပဲကိုး'

ဟု ရေရွတ်မိလိုက်သည်။

ဆရာဖြစ်သူကို ချစ်ခင်တွယ်တာစိတ်ဖြင့် ကျူစိမ်ရှန်အား အလိုလိုနေရင်း မုန်းတီးသွားလေတော့သည်။

ယင်ထင်နန်က....

'ငါနဲ့ ဓားပညာ ယှဉ်ပြိုင်ချင်လို့ ဟုတ်လား'

ဟု သေချာအောင် ထပ်မေးလိုက်သည်။

ကျူစိမ်ရှန် ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ခင်ဗျာ'

ယင်ထင်နန်က....

'နေစမ်းပါဦး၊ ဘာကြောင့် ငါနဲ့ ယှဉ်ပြိုင်ချင်ရတာလဲ'

ဟု မေးလိုက်သည်။

ကျူစိမ်ရှန်က တည်ကြည်သော မျက်နှာထားဖြင့်....

'ကျွန်တော်ဟာ သိုင်းလောကထဲကို ဆင်းလာကတည်းက ဓားသမားလို့ နာမည်ခံထားသူတွေကို ယှဉ်ပြိုင်ပြီး သိုင်းလောကမှာ ပထမဓားဘွဲ့ ရယူဖို့ သန္နိဋ္ဌာန်ချထားလို့ပါ'

ဟု ပြောလေသည်။

ကောက်ယိမျက်နှာကြီး ရှုံ့မဲ့သွား၏။

'ကြီးကျယ်လိုက်တာ'

ဟု ရေရွတ်မိလိုက်လေ၏။

'ဟား....ဟား....ဟား'

ယင်ထင်နန်၏ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

လူရွယ်တစ်ယောက်ဖြစ်သည့် ကျူစိမ်ရှန်၏ စကားသည် ယင်ထင်နန်အဖို့ ရယ်စရာကောင်းနေသည် မဟုတ်ပါလား။

ဝါရင့်သိုင်းသမားကြီး တစ်ဦးပီပီ လူငယ်လူရွယ်တို့တွင် ဖြစ်လေ့ဖြစ်ထရှိသော စိတ်သဘောကို စောကြောမိထားလေသည်။

ကျူစိမ်ရှန်က ...

'ကျွန်တော် အတည်ပြောနေတာပါ၊ ရယ်စရာ မဟုတ်ပါဘူးခင်ဗျာ'

ဟု ပြောလေ၏။

ယင်ထင်နန်က....

'ဒီမှာမောင်ရင်၊ သိုင်းလောကမှာ ထင်ရှားတဲ့ ဓားသမားတွေ အများအပြားရှိနေကြတယ်ကွယ့်၊ အားလုံးကို အနိုင်ယူပြီးပထမဓားဘွဲ့ယူမယ်ဆိုတဲ့မောင်ရင့်စိတ်ကူးဟာအန္တရာယ်များလှပါတယ်၊ မဖြစ်နိုင်တာကို စိတ်ကူးယဉ်မနေဘဲ အေးအေးဆေးဆေး ပြန်သွားတာကောင်းမယ်'

ကျူစိမ်ရှန်က....

'ကျွန်တော် စိတ်ကူးယဉ်တာမဟုတ်ပါဘူး၊ လက်တွေ့အကောင်အထည်ဖော်နေတာပါ'

'မောင်ရင်၊ မင်းတော့ ဒုက္ခရောက်တော့မှာပဲ'

ကျူစိမ်ရှန်က....

'ဗျိုင်းဝါဓားသမားဟာလဲ ဦးလို ပြောခဲ့တာပါပဲ၊ ဒါပေမယ့် တကယ်တမ်းယှဉ်ပြိုင်တော့ ဓားကွက်နှစ်ဆယ်အတွင်းမှာ ရှုံးနိမ့်သွားခဲ့ပါတယ်'



'ဘာကွ'

ယင်ထင်နန်၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသလို မျက်လုံးလည်း ပြူးသွားပါ၏။ ဗျိုင်းဝါဓားသမားသည် သိုင်းလောက၌ ထင်ရှားသည့် ဝါရင့် ဓားသမားကြီးတစ်ယောက် ဖြစ်ပါသည်။

သိုင်းလောကအကျိုး အများအကျိုး ဆောင်ရွက်နေသည့် အဖြူရောင် သိုင်းသမားတစ်ယောက်လည်း ဖြစ်၏။

မကြာသေးမီက သိုင်းလောကကိုကျောခိုင်းကာ ဇာတိရပ်ရွာသို့ ပြန်ပြီး ဇာတ်မြှုပ်နေလိုက်သည်ဟူသော သတင်းများ ကြားသိခဲ့ရပါသည်။

အဘယ့်ကြောင့် ထိုသို့ ဇာတ်မြှုပ်သွားရသည်ကိုကား မသိကြပါချေ။

ယခု....

ဗျိုင်းဝါဓားသမား၏ အဖြစ်မှန်ကို သိလိုက်ရပြီဖြစ်သည်။

ဗျိုင်းဝါဓားသမားသည် ကျူစိမ်ရှန်အား ရှုံးနိမ့်သွားခြင်းကြောင့် သိုင်းလောကအား ဇာတ်မြှုပ်သွားခဲ့ခြင်းပေတကား။

ကျူစိမ်ရှန်က....

'ကျွန်တော်က ဦးနဲ့ ဓားပညာပြိုင်ပါမယ့်'

ဟု ပြောလေ၏။

ယင်ထင်နန် ခံပြင်းလာလေတော့၏။

'ကောင်းပြီလေ၊ မင်းစိန်ခေါ်တာကို လက်မခံဘူးဆိုရင် ငါ နာမည်ပျက်တော့မှာပေါ့၊ မင်းကြိုက်တဲ့ အချိန်နဲ့ နေရာကို ပြောပါ'

ကျူစိမ်ရှန် က....

'ဒီနေရာကနေ သုံးမိုင်လောက်ဝေးတဲ့ နေရာမှာ တောင်တစ်လုံးရှိပါတယ်၊ မနက်ဖြန်မနက် နေထွက်တဲ့အချိန် အဲဒီတောင်ထိပ်ပေါ်မှာ ကျွန်တော် စောင့်နေပါ့မယ်'

ယင်ထင်နန်က ...

'စိတ်ချ၊ ငါလာခဲ့မယ်'

ဟု လက်ခံလိုက်လေ၏။

ကျူစိမ်ရှန်က....

'ခုလို လက်ခံတဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ၊ ကျွန်တော့်ကို ခွင့်ပြုပါဦး'

'ကောင်းပြီ'

ကျူစိမ်ရှန်သည် ယင်ထင်နန်ကို နှုတ်ဆက်ကာ ထွက်သွားလေတော့၏။

.... ....



ကျူစိမ်ရှန် ထွက်သွားပြီ ဖြစ်လေသည်။

'ဆရာ....'

ကောက်ယိသည် ယင်ထင်နန်ရှေ့သို့ ချက်ချင်း ရောက်ရှိသွားလေသည်။

ယင်ထင်နန်က ပြုံးလိုက်သည်။

'မင်းက ငါ့အတွက် စိုးရိမ် နေတာလား'

ဟု မေးလေသည်။

ကျူစိမ်ရှန် လာရောက်စိန်ခေါ်သည်ကို ကောက်ယိသိရှိထားကြောင်း နားလည်ပုံ ရလေသည်။

'ဆရာ....သူက....'

ကောက်ယိ၏ စကားမဆုံးမီ ယင်ထင်နန်က လက်ကာပြလိုက်ပြီး....

'သူက မျှိုင်းဝါဓားသမားကို အနိုင်ရခဲ့တယ်ဆိုပေမယ့် ငါ့က မမှုသေးပါဘူးကွာ၊ မနက်ဖြန်ကျရင် သူ့ရဲ့ ဘဝင်မြင့်နေတဲ့ စိတ်ထားကို ငါချိုးနှိမ်ပြပါ့မယ်'

ဟု ပြောလေသည်။

ကောက်ယိက....

'ဆရာအနိုင်ယူမယ်ဆိုတာကျွန်တော်ယုံပါတယ်ဆရာ၊သူက အဝေးကြီးမှာ ချိန်းလိုက်တော့ မတော်တဆ အကောက်ကြံမှာကို စိုးရိမ်မိတာပါ'

ယင်ထင်နန် ခေါင်းခါယမ်းလိုက်၏။

'ကောက်ယိ မင်းလူကဲခတ် အတော်ညံ့သေးတာပဲ၊ သူဟာ ဓားပညာ အတော်ကျွမ်းကျင်ပုံ ရတယ်ဆိုတာ မင်း မတွေးမိ

ဘူးလား၊ သူ့ကိုယ်သူ ယုံကြည်စိတ်ချမှု အပြည့်အဝ ရှိနေပုံလဲ ထင်ရှားတတ်၊ သူဟာ တကယ့်ခေးသမားလေး တစ်ယောက်ကွ၊ အကောက်ကြံမယ့်လူ မဟုတ်ဘူး၊ ပေါ့ပေါ့တန်တန် သဘောထားလို့လဲ မရပေါဘူးကွာ'

ဆရာဖြစ်သူ၏ ပညာကို ယုံကြည် ထားပါသော်လည်း ကောက်ယိ၏ ရင်ထဲ စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လာလေသည်။

'ဆရာ မနက်ဖြန် ကျွန်တော် လိုက်ခဲ့ချင်တယ်ဆရာ'

ဟု ပြောလိုက်၏။

ယင်ထင်နန်က လက်မခံပါ။

'မင်းလိုက်လို့ မဖြစ်ဘူး'

'ဆရာ....'

ကောက်ယိ ငါပြောတာ နားထောင်စမ်း'

ဆရာဖြစ်သူက ဟန့်တားလိုက်ခြင်းကြောင့် ကောက်ယိ စောဒက မတက်နိုင်တော့ချေ။

ယင်ထင်နန်က....

'ငါသွားတာနဲ့ မင်းလိုက်လို့ ဘယ်ဖြစ်မသဲ၊ အရေးအကြီးဆုံးက ငါ သင်ပေးထားတဲ့အတိုင်း လေ့ကျင့်ဖို့ပဲ၊ ငါ့နောက်လိုက်ပြီး အချိန်ဖြုန်းနေလို့ မင်းအတွက် အကျိုးရှိမှာမဟုတ်ဘူး၊ ငါသွားနေတဲ့အချိန်မှာ မင်းက ခေးရေးလေ့ကျင်နေရမယ်၊ ငါပြန်လာတဲ့အခါမှ မင်းအတွက် အတွေ့အကြုံရအောင် ဘယ်လို ယှဉ်ပြိုင်ခဲ့တယ်ဆိုတာ ပြောပြမယ်'

ကောက်ယိ အားမလိုအားမရ ဖြစ်သွားလေ၏။

သို့သော်....



ဆရာ၏ စကားကို မြေဝယ်မကျ နားထောင်သူပီပီ....

'ကောင်းပါပြီဆရာ၊ ကျွန်တော် ခေးရေးလေ့ကျင့်ရင်း ဆရာ့ကို စောင့်နေပါမယ်'

ဟု ပြောလိုက်ရလေသည်။

ယင်ထင်နန် ပြုံးလိုက်သည်။

'ဒီလိုမှ ငါ့တပည့် ပီသတော့မှာပေါ့ကွာ၊ မင်းအနေနဲ့ ကျူစိမ်ရှန်လို လူစားမျိုးကိုအားကျဖို့ကောင်းတယ်၊ သူ့လို ထူးချွန်တဲ့ ခေးသမားဖြစ်လာအောင် အားကြိုးမာန်တက် လေ့ကျင့်ရလိမ့်မယ်'

ဟု ဆုံးမလေသည်။

ကောက်ယိသည် ခေးပညာကို ပြင်းပြင်းထန်ထန် ကြိုးစား လေ့ကျင့်သွားရန် သန္နိဋ္ဌာန် ချလိုက်လေသည်။

....o....

မိုးစင်စင် လင်းပြီ ဖြစ်သည်။

ညက ဆရာဖြစ်သူနှင့် ကျူစိမ်ရှန်တို့ ခေးရေးယှဉ်ပြိုင်ကြမည့် အကြောင်း တွေးတောစဉ်းစားရင်း အိပ်ရာထက်တွင် တလူးလူးတလိမ့်လိမ့် ဖြစ်ခဲ့ရတာ ညဉ့်နက်မှ အိပ်ပျော်သွားခဲ့လေသည်။

ထို့ကြောင့်...
မိုးစင်စင်လင်းလာပြီး နေခြည် ထွက်ပေါ်လာတော့မှ ကောက်ယိ နိုးလာလေ၏။

ကောက်ယိ ကပျာကယာ လူးလိမ့်ထလိုက်ပါ၏။

အခန်းထဲမှ ပြေးထွက်လာသောအခါ တစ်အိမ်လုံး တိတ်ဆိတ်နေပြီး ယင်ထင်နန်၏ အရိပ်အယောင်ကို မတွေ့ရချေ။
ကောက်ယိ သက်ပြင်းချလိုက်မိလေ၏။

'ဆရာ သွားပြီကိုး'
သူ၏ဆရာသည် ကျူးစိမ်ရှန်နှင့် ဓားပညာ ယှဉ်ပြိုင်ရန် ထွက်သွားပြီဖြစ်လေ၏။

ကောက်ယိတစ်ကိုယ်လုံး နုံးချည့်သွားသည်ဟု ခံစားလိုက်ရ၏။ ကျေးဇူးရှင်ဆရာသမား ဘေးမသီ ရန်မခပါစေနှင့်ဟုလည်း ဆုတောင်းလိုက်မိ၏။

မည်သို့ဆိုစေ...
ယင်ထင်နန် မှာကြားထားသည့်အတိုင်း ဓားပညာကို ကြိုးစားလေ့ကျင့်ရလိမ့်မည် ဖြစ်ပေ၏။
ကောက်ယိသည် မျက်နှာသစ်ကာ ကိုယ်လက် သန့်စင်လိုက်၏။
ထို့နောက်...
ဆရာ အမွေပေးထားသော ကျောက်စိမ်းဓားကိုယူကာ အိမ်ရှေ့မြေကွက်လပ်သို့ ထွက်လာခဲ့၏။



တစ်နေ့ ဓားအကျော်အမော် တစ်ယောက်ဖြစ်လာရမည်ဟူသော ရည်ရွယ်ချက်ဖြင့် ဓားရေး လေ့ကျင့်လိုက်လေတော့သည်။

...၀...

တစ်နေ့တာအချိန် လျင်မြန်စွာကုန်ဆုံးသွားသည်ဟု ထင်မှတ်ရလေ၏။
ကောက်ယိသည် နံနက်ပိုင်း ဓားရေး လေ့ကျင့်ပြီးလျှင် ဆရာတပည့်နှစ်ယောက် စားသောက်နိုင်ရန် မီးဖိုချောင်သို့ဝင်ကာ ချက်ပြုတ်လိုက်လေ၏။
ထို့နောက် အိမ်မှုကိစ္စ ဗာဟီရများ လုပ်ကိုင်လိုက်သည်။
အချိန်များ တရွေ့ရွေ့ ကုန်သွားပြီး နံနက်စာစားချိန်ရောက်သည့်တိုင် ယင်ထင်နန် ပြန်ရောက်မလာသေးပါ။
ကောက်ယိသည် နေမွန်းတည့်ချိန်အထိ ဆက်၍ စောင့်နေပြီး မစောင့်နိုင်တော့သည့်အဆုံးမှ နံနက်စာ စားလိုက်သည်။

နေ့လည်နေ့ခင်း ဓာ့ရေး ထပ်မံလေ့ကျင့်လိုက်ပြီး ညနေစောင်းတော့မှ ရေချိုး ကိုယ်လက်သန့်စင်ကာ သပ်သပ်ရပ်ရပ် ဝတ်စားလိုက်၏။

အိမ်ရှေ့သို့ထွက်ကာ ဆရာဖြစ်သူကို စောင့်မျှော်နေလိုက်လေ၏။

နေဝန်းနီမှာ အနောက်ဘက်သို့ တစ်စထက်တစ်စ တိမ်းစောင်းသွားသည်။ ညနေဆည်းဆာအချိန်သို့ပင် ရောက်မှန်းမသိ ရောက်လာ၏။

ယင်ထင်နန်ကား ပြန်ရောက်မလာသေးပါ။

ကောက်ယိ စိတ်ပူလာလေတော့၏။

'ဟူး....ခုထိအောင် ဆရာ ပြန်ရောက်မလာသေးဘူး'

ညည်းညူရင်း သူ၏ဆရာသည် ကျူစိမ်ရှန်အား အရေးနိမ့်သွားပြီလောဟု အတွေးများ ဝင်ရောက်လာလေသည်။

လည်တမော့မော့ဖြင့် စောင့်မျှော်ရင်း အလင်းရောင်ကွယ်ပျောက်ကာ အမှောင်ထု ဝင်ရောက်လာတော့သည်။

တစ်နေ့တာ အချိန် ကုန်လွန်သွားခဲ့ပြီ ဖြစ်ပါသည်။ ကောက်ယိက မီးအိမ်ထွန်းညှိလိုက်၏။

တံခါးဖွင့်ကာ အိမ်ပေါက်ဝ၌ထိုင်ရင်း စောင့်နေလိုက်၏။ ယင်ထင်နန်အတွက် ပို၍စိတ်ပူလာ၏။

နောက်ဆုံး....

'မဖြစ်ဘူး၊ ဆရာ့နောက်ကို လိုက်သွားမယ်'

ယင်ထင်နန်နောက်သို့ လိုက်ရန် ဆုံးဖြတ်လိုက်လေသည်။



ထိုစဉ် ခြေသံများနှင့်အတူ လူရိပ်တစ်ခု ရွေ့လျားလာသည်ကို တွေ့လိုက်ရ၏။

ကောက်ယိ ဝမ်းသာသွား၏။

'ဆရာပြန်လာပြီ'

ဟု အော်လိုက်သည်။

မှန်ပေသည်။

ကျူစိမ်ရှန်နှင့် ဓားပညာ ယှဉ်ပြိုင်ရန် ထွက်သွားသော ယင်ထင်နန် ပြန်လည်ရောက်ရှိလာပြီဖြစ်၏။

သို့သော်....

ယင်ထင်နန်သည် ဒယီးဒယိုင်ဖြစ်နေပြီး သူ၏ ရင်ဝ၌ သွေးချင်းချင်း နီရဲနေသည်ကို တွေ့ရ၏။

'ဆရာ'

ကောက်ယိ အထိတ်တလန့်အော်လိုက်၏။

ယင်ထင်နန် အိမ်ရှေ့သို့ရောက်လာလျှင်....

'စုန်း....'

မြေပေါ်သို့ အရှပ်ကြိုးပြတ် လဲကျသွားလေတော့သည်။

....ဝ....

ကောက်ယီသည် အတိတ်မှဖြစ်ရပ်များကိုတွေးရင်း စိတ်ထိခိုက်ပြင်းလာ၏။

ယင်ထင်နန်သည် ကျူးစိမ်ရှန်နှင့် တစ်နေကုန် သိုင်းကွက်ပေါင်း နှစ်ရာကျော်ယှဉ်ပြိုင်ပြီးမှ မမျှော်လင့်သော ဓားကွက်တစ်ကွက်ကြောင့် ဒဏ်ရာပြင်းထန်စွာရကာ အရေးနိမ့်သွားလေသည်။

ကောက်ယီက ဆရာဖြစ်သူကို အစွမ်းကုန်ကြိုးစားပြုစုခဲ့ပါသည်။

သို့သော်....

ယင်ထင်နန်မှာ နောက်ငါးရက်အကြာတွင် သေဆုံးသွားခဲ့လေသည်။

ယင်ထင်နန်မသေမီ ဓားပညာကိုဆက်၍လေ့ကျင့်ရန်နှင့် ကျူးစိမ်ရှန်၏ ဓားကွက်များအကြောင်း၊ မည်သို့မည်ပုံ ချေဖျက်ရမည့်အကြောင်း ပြောပြ သင်ကြားသွားခဲ့လေသည်။

ကောက်ယီသည် ဓားပညာ ပြည့်စုံအောင် နောက်ထပ်ဆယ်နှစ်တိတိ အပြင်းအထန်လေ့ကျင့်ခဲ့၏။

ဆယ်နှစ်ပြည့်၍ မိမိကိုယ်ကို ယုံကြည်စိတ်ချမှု ရှိတော့မှ သိုင်းလောကသို့ ခြေချခဲ့၏။

ကျူးစိမ်ရှန်အား လိုက်လံရှာဖွေရင်း သိုင်းလောကသားများနှင့် သိုင်းပညာယှဉ်ပြိုင်ခဲ့ရသည်များရှိရာသူ၏အမည်သည် ကျော်ကစိမ်းဓားကောက်ယီဟု တစ်စထက်တစ်စ ကျော်ကြားလာခဲ့သည်။



ကျူးစိမ်ရှန်သည် ထင်ရှားသောဓားသမားများအား လိုက်လံယှဉ်ပြိုင်နေသည်ဖြစ်ရာ မိမိလည်းနာမည်ကျော် ဓားသမားဖြစ်မှ ကျူးစိမ်ရှန်နှင့် တွေ့ဖို့လွယ်မည် ထင်ခဲ့သည်။

သိုင်းလောကထဲ ခြေဆန့်ကာ ရှာဖွေခဲ့သော်လည်း ကျူးစိမ်ရှန်အား မတွေ့ခဲ့ရချေ။

နှစ်နှစ်ကျော်သုံးနှစ်နီးပါး အချိန်ကုန်သွားပြီးမှ တစ်ချိန်က ဓားသမားများအား လိုက်လံယှဉ်ပြိုင်ခဲ့သည့် ကျူးစိမ်ရှန်သည် ကန္တာရဘက်သို့ထွက်သွားပြီး ပျောက်ဆုံးသွားကြောင်း သတင်းရခဲ့သည်။

ထို့ကြောင့်....

ကောက်ယီက ကန္တာရနယ်မြေသို့ဦးတည်ထွက်လာခဲ့ခြင်း ဖြစ်၏။

ယခု....

ကောက်ယီသည် တွေ့လိုနေသည့် ကျူးစိမ်ရှန်နှင့်ရင်ဆိုင်တွေ့နေရပြီဖြစ်၏။

....о....

လှူဒါနပေ
၂၀၃၄၄

ဓားပညာဆိုသည်မှာ

ကျူုစိမ်ရှန်က မလှုပ်မယှက်ထိုင်နေ၏။
ညီမဖြစ်သူ ကျူုပေအင်က သူ၏နံဘေး၌ ရပ်နေသည်။
ကောက်ယိက ကျူုစိမ်ရှန်အား မျက်တောင်မခတ် စိုက်ကြည့်နေ၏။

ကျူုစိမ်ရှန် သက်ပြင်းချလိုက်၏။

'မင်းရဲ့ ဆရာဟာ ကျုပ် တစ်သက်မှာ လေးစားစရာ အကောင်းဆုံး ဓားသမားကြီးတစ်ယောက်ပါပဲ'

ဟု ပြောလေသည်။

ကောက်ယိက...



'ဘာပဲဖြစ်ဖြစ် နောက်ဆုံး ခင်ဗျား အနိုင်ရလိုက်တာပဲ ပေါ့၊ မဟုတ်ဘူးလား'

ဟု မေးလိုက်သည်။

ကျူုစိမ်ရှန်က....

'တကယ်လို့သာ ခင်ဗျားဆရာက သရေပွဲဆိုတာ လက်ခံခဲ့ရင် ခုလိုဖြစ်စရာအကြောင်းမရှိပါဘူး၊ ကျုပ်တို့နှစ်ယောက် တစ်နေ့လုံးယှဉ်ပြိုင်ပြီး ဘယ်သူမှ အနိုင်မရခဲ့ပါဘူး၊ မိုးချုပ်ကာနီးတော့ ကျုပ်က သရေပွဲအဖြစ် တောင်းဆိုလိုက်တယ်၊ သူက ကျုပ်ထက်ဝါရင့်တော့ ကျုပ်လို အညာတရတစ်ယောက်ကို ဘယ်သရေပေးနိုင်မလဲ၊ လုံးဝလက်မခံဘဲ ဆက်တိုက်တယ်၊ ကျုပ်ကို အနိုင်ယူချင်ဇော ကြီးနေလွန်းတော့ အမှားလုပ်မိသွားတာပါပဲ၊ ကျုပ်ပညာနဲ့သူ့ကို မနိုင်နိုင်ပါဘူး'

ကောက်ယိက....

'ဘာပဲဖြစ်ဖြစ် ကျုပ်ဆရာ သေသွားခဲ့ပြီးပါပြီ၊ ကျုပ်က ခင်ဗျားနဲ့ယှဉ်ရမှာပဲ'

ကျူုစိမ်ရှန်က ...

'မင်းရဲ့သဘောထားကို မပြောင်းနိုင်တော့ဘူးလား'

ကောက်ယိ ခေါင်းခါယမ်းလိုက်သည်။

'ဝမ်းနည်းပါတယ်ဗျာ၊ ကျုပ် ဆုံးဖြတ်ပြီးပါပြီ'

ကျူုစိမ်ရှန် သက်ပြင်းချလိုက်သည်။

'ကောင်းပြီလေ၊ မင်း ဆုံးဖြတ်ပြီးပြီ ဆိုတော့လဲ ဘယ်တတ်နိုင်ပါမလဲ၊ လက်ခံရတော့မှာပေါ့'

ကောက်ယိ၏စိန်ခေါ်မှုကို လက်ခံလိုက်ပြီ ဖြစ်လေ၏။

'အစ်ကို....'

ကျူပေအောင် လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

ကျူစိမ်ရှန် လက်ကာပြသိုက်သည်။

ကျူပေအောင်က....

'အစ်ကို....ကျွန်မတို့မှာ အရေးကြီးတဲ့ကိစ္စတွေ ရှိနေသေးတယ်ဆိုတာ အစ်ကိုမေ့နေပြီလား၊ သူက ဘာမှ အရေးကြီးတာမှ မဟုတ်ဘဲ'

ဟု မကျေမနပ် ဝင်ပြောလေသည်။

သူမ၏စကားကြောင့် ကောက်ယိလည်း ခံပြင်းသွားလေတော့သည်။

ကျူစိမ်ရှန်က....

'ညီမ....အစ်ကို ဘာလုပ်ရမယ်ဆိုတာ အစ်ကို သိပါတယ်'

ဟု အည်ကြည်သော မျက်နှာထားဖြင့် ပြောလိုက်၏။

ကျူပေအောင် ဘာမှ ဆက်မပြောသာတော့ပါ။

နှုတ်ခမ်းကို သွားဖြင့်ဖိကိုက်ရင်း နောက်ဆုတ်သွားတော့သည်။

ကျူစိမ်ရှန်က....

'ကျုပ်တို့ မနက်ဖြန်မှ ယှဉ်ပြိုင်ကြတာပေါ့၊ မကောင်းဘူးလား'

ဟု မေးလေသည်။

ကောက်ယိ သဘောတူလိုက်သည်။

'ခင်ဗျားသဘောပဲ'

ကျူစိမ်ရှန် ထိုင်ရာမှ ထလိုက်သည်။



'မင်းလဲ ပင်ပန်းလာရောပေါ့၊ အေးအေး ဆေးဆေး အနားယူလိုက်ပါဦး၊ ဒီအိမ်မှာပဲနေပေါ့၊ ကျုပ်တို့မောင်နှမ တခြားမှာသွားနေမယ်'

ကျူပေအောင်အား လာညီမဟုပြောကာ အိမ်ထဲမှ ထွက်သွားလေသည်။ ကျူပေအောင်လည်း လိုက်သွား၏။

ကောက်ယိတစ်ယောက်တည်း အိမ်လေးထဲ၌ ကျန်ရစ်ခဲ့လေတော့သည်။

....o....

ည....

ကောင်းကင်ပေါ်တွင် လဝန်း ထိန့်ထိန့်သာနေပါသည်။

ကောက်ယိသည် အိမ်လေးထဲ၌ တစ်ယောက်တည်းရှိနေသည်။

သူ့ထံသို့ မည်သူမျှ လာရောက်ခြင်း မရှိကြချေ။

အိုရန်စုတို့အဖွဲ့သားများသည် သူတို့၏ ခေါင်းဆောင်နှင့် ဓားရေးယှဉ်ပြိုင်ရန် လာသည့် မိမိအပေါ် သဘောကျမည် မဟုတ်ကြောင်း ကောက်ယိ သဘောပေါက်ထားလေ၏။

မည်သို့ဆိုစေ....

သူ့အတွက် စားသောက်ဖွယ်ရာများ အသင့် စီမံ ချက်ပြုတ်ပေထားပြီ အိပ်ရာပြင်ထားလေရာ ကျေးဇူးတင်ရမည်ဟု ဆိုရနိုင်ပေ၏။

တစ်ယောက်တည်း လွတ်လွတ်လပ်လပ် နေခွင့်ရသည်က ပို၍ ကောင်းသေးသည်ထင်မိ၏။

ကောက်ယိသည် ညစာကို ကိုယ့်ဘာသာ စားသောက်လိုက်ပြီး ခေတ္တအနားယူလိုက်၏။

ထို့နောက် အိမ်အပြင်ဘက် ထွက်လာခဲ့လေ၏။

လေပြည်လေညင်း ဝေ့ယမ်းတိုက်ခတ်နေပါ၏။

မွှေးကြိုင်သော ဘောပန်းရနံ့များ လွင့်ပျံ့လာသည်။ ကောက်ယိသည် လှပသောပတ်ဝန်းကျင်နှင့် လရောင် ဖြာကျနေသော ည၏အလှကို ငေးမောကြည့်ရင်း စိတ်ထဲ ထူးခြားသော ခံစားချက်များ ဖြစ်ပေါ်လာလေသည်။

မမျှော်လင့်ပါပဲ ကျူပေအင်၏ မျက်နှာလေးကို မြင်ယောင်လာလေ၏။ လှပချောမောလှသော မိန်းကလေး....

ထိုမိန်းကလေးသည် ကျားသစ်မလေး တစ်ကောင်အလား သူ့အားလုပ်ကြံရန် ကြိုးစားခဲ့ပါသည်။

သူက ကျူစိမ်ရှန်အား ယှဉ်ပြိုင်ရန်လာသည်ကို ကြိုတင်သိရှိကာ လမ်းခုလတ်မှ လုပ်ကြံခြင်းဖြစ်ပေ၏။



'သူ့ အစ်ကိုအတွက် စိုးရိမ်ရှာလို့ ငါ့ကိုလုပ်ကြံခဲ့တာပဲ' ဟု ဖြေသိမ့်လိုက်၏။

အဘယ်ကြောင့်မှန်းမသိ ကျူပေအင်ကို စိတ်မဆိုးနိုင်ချေ။

တစ်ဆက်တည်းပင်....

'ကန္တာရနယ်မြေကိုအဝင် ဟန်လင်းမြို့မှာ ငါက ကျူစိမ်ရှန် အကြောင်း စုံစမ်းခဲ့တာပဲ၊ ဟန်လင်းမြို့က ထွက်လာတာနဲ့ လုပ်ကြံခံရတယ်ဆိုတော့ အင်း....ဟန်လင်းမြို့မှာ ကျူစိမ်ရှန်ရဲ့ အထောက်တော်တွေ ရှိနေလောက်ပြီ'

ကျူစိမ်ရှန်သည် အလွန် ကျစ်လျစ်သိပ်သည်းစွာ ဖွဲ့စည်းထားသော လျှို့ဝှက်အဖွဲ့တစ်ခုအား ခေါင်းဆောင်နေသူဖြစ်ကြောင်း ဆင်ခြင်လာမိလေ၏။

ကောက်ယိ ဟိုဟိုသည်သည် တွေးတောနေစဉ်မှာပင်....

'ဝှစ်....ဝှစ်'

လေတိုးသံများနှင့်အတူ ညအမှောင်ထဲမှ လက်နက်ပုန်းနှစ်ခု ပစ်လွှင့်လာလေသော်၏။

'ဟင်...'

ကောက်ယိ ရင်ထိတ်သွား၏။

မမျှော်လင့်တဲ့ အလစ်ချောင်းကာ တိုက်ခိုက်ခံလိုက်ရခြင်းဖြစ်လေ၏။

ကောက်ယိက....

'ယား....'

ငြာသံပေးကာ မြေပေါ်ခြေဆောင့်ပြီး အပေါ် ခုန်တက်ရှောင်တိမ်းလိုက်လေ၏။

လက်နက်ပုန်း နှစ်ခုသည် ကောက်ယိ၏ ခြေထောက် အောက်မှ ဖြုတ်ခနဲကျော်သွားလေ၏။

'ဘယ်သူလဲ'

ကောက်ယိက အော်ဟောက်ရင်း ကျွမ်းတစ်ပတ်ပစ်ကာ လက်နက်ပုန်းပစ်လွှင့်လာသည့် မှောင်ရိပ်ထဲသို့ ခုန်ဝင်လိုက် လေ၏။

အမှောင်ထဲမှ ထပ်မံ တိုက်ခိုက်လာမည်ကိုပင် ဂရုမစိုက် ဘဲ ရဲရဲဝံ့ဝံ့ စွန့်စားလိုက်ခြင်းဖြစ်လေ၏။

ကောက်ယိ အမှောင်ထဲ ရောက်သွားသည်နှင့် လူငယ် တစ်ယောက်က ဆီးကြို၍တိုက်ခိုက်လာပါသည်။

ကောက်ယိ အံကြိတ်လိုက်၏။

'ကျုပ်ကို ခိုးကြောင်ခိုးဝှက်လုပ်လို့ ရမယ်မထင်နဲ့'

ဟု ဟောက်ကာ ခန္ဓာကိုယ်တွန့်လိမ်၍ ပွတ်ကာသီကာ ရှောင်တိမ်းလိုက်ပြီး ခြေထောက်ဖြင့် ကန်ကျောက်ပစ်လိုက် လေ၏။

အလစ်ချောင်းတိုက်ခိုက်သူ၏ တိုက်ကွက်ကို ကောက်ယိ ရှောင်နိုင်သော်လည်း ကောက်ယိ၏ တိုက်ခိုက်မှုကို ထိုလူ မရှောင်နိုင်ခဲ့ပါချေ။

'ဝုန်း....'

'အမယ်လေး'

မသဲမကွဲ ညည်းညူသံနှင့်အတူ အဝေးသို့ လွင့်ထွက်သွား လေ၏။

'ဟင်....'



ကောက်ယိ ရင်ထိတ်သွား၏။

ကြားလိုက်ရသည့် ညည်းညူသံမှာ မိန်းကလေးတစ်ဦး၏ အသံ ဖြစ်နေသည် မဟုတ်ပါလား။

ကောက်ယိ ကပျာကယာ ပြေးလိုက်သွား လေသည်။

ကောက်ယိ၏ ခြေထောက်ကန်ချက်ကြောင့်အလစ်ချောင်း တိုက်ခိုက်ခဲ့သူမှာ အမှောင်ရိပ်ထဲမှနေပြီး လရောင်အောက်သို့ လွင့်စဉ်သွားခြင်း ဖြစ်လေသည်။

မြေပေါ်တွင် လဲကျနေပြီး ကပျာကယာ လူးလိမ့်ထလိုက် သည်။

သို့သော်....

အတော်လေး အထိနာသွားဟန် ရှိလေ၏။ ဒယီးဒယိုင် ဖြစ်နေပြီး....

'အား... ကျွတ်...ကျွတ်'

ညည်းတွား နေလေသည်။

ကောက်ယိသည် အနီးသို့ရောက်သွားလျှင် ထိုလူမှာ မိန်းက လေးတစ်ယောက် ဖြစ်နေပြီး သူ၏အသည်းတံခါးကို လာ ခေါက်နေသော ကျူပေအင် ဖြစ်နေသည်ကို တွေ့မြင်လိုက် ရလေသည်။

'ကျုပ် ခြေလွန်လက်လွန် ဖြစ်သွားတာတောင်းပန်ပါတယ် ဗျာ'

မမျှော်လင့်ပဲ ပြောလိုက်မိသည်။

အမှန်တော့ တောင်းပန်စရာရှိလျှင် ကျူပေအင်ကသာ တောင်းပန်ရမည် မဟုတ်ပါလား။

သူမသည် အလစ်ချောင်းကာ တိုက်ခိုက်ခဲ့သူ ဖြစ်လေသည်။

ကျူပေအင်က....

'ရှင် ဆွက်သွားစမ်းပါ'

ဟု ပြန်လည် အော်ငေါက်လေ၏။

ကောက်ယံ သက်ပြင်း ချလိုက်သည်။

'ကျုပ်က မင်းမှန်းမသိလို့ပါ၊ မင်းမှန်းသိရင် ပြန်တိုက်ဖို့ မပြောနဲ့ ကြိုက်သလိုလုပ်နိုင်အောင် လည်စင်းပေးလိုက်ပါတယ်'

သူ၏ စကားသံ တုန်ယင်လှိုက်လှဲ နေလေသည်။

ကျင်ပေအင်သည် မမျှော်လင့်သော စကားကြားလိုက်ရလျှင်....

'ရှင်....'

ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

ကောက်ယံက....

'ကျုပ်ကို သတ်ပစ်ချင်တယ် မဟုတ်လား၊ ရော့ ဟောဒီမှာလေ၊ ကျုပ်ကို တစ်ချက်တည်း အဆုံးစီရင်လိုက်ပါ၊ ကျုပ် မခုခံပါဘူး၊ မရှောင်ပါဘူး'

တည်ကြည်သော မျက်နှာထားဖြင့် ပြောရင်း ကိုယ်နှင့်မကွာ ဆောင်ထားသည့် ကျောက်စိမ်းဓားကို ဆွဲထုတ်ကာ ပေးလိုက်သည်။



ကျူပေအင်က မယူပါ။

ကောက်ယံကို နားမလည်နိုင်စွာ ကြည့်ရင်း နောက်ဆုတ်လိုက်လေသည်။

ကောက်ယံက....

'ခင်ဗျား အစ်ကိုအတွက် ကျုပ်ကို မုန်းတီးနေမယ်ဆိုတာ သိပါတယ်၊ ကျုပ် ဆရာဟာ ခင်ဗျားအစ်ကို လက်ချက်နဲ့ သေဆုံးသွားခဲ့ရတာပါ'

ကျူပေအင်သည် တစ်စုံတစ်ခုပြောရန် ဟန်ပြင်ပြီးမှ ဘာမှ မပြောတဲ့ နေလိုက်လေသည်။

ကောက်ယံက ဆက်ပြောလိုက်သည်။

'ကျုပ်ဟာငယ်ငယ်လေးတည်းက မိဘမဲ့ တစ်ကောင်ကြွက်ဘဝကို ရောက်ခဲ့တယ်၊ အငတ်ငတ် အပြတ်ပြတ်နဲ့ လမ်းပေါ်မှာ လေလွင့်နေခဲ့ရတယ်၊ တစ်နေ့ အပြင်းဖျားပြီး သတိလစ်နေတဲ့အချိန်မှာ ဆရာ ယင်ထင်နန်က ကျုပ်ကို ကယ်တင်ပြီး သူ့အိမ်ခေါ်သွားတယ်၊ ဆေးကုပေးတယ်၊ ကျုပ်နေကောင်းလာတော့ တပည့်အဖြစ် လက်ခံပြီး ကျွေးမွေးပြုစု စောင့်ရှောက်ခဲ့တယ်၊ သိုင်းပညာ သင်ပေးခဲ့တယ်၊ ဆရာ့ကျေးဇူးတွေကို ကျုပ် တစ်သက် ဆပ်လို့ကုန်နိုင်တော့မှာ မဟုတ်ပါဘူး'

ခံစားချက် အပြည့်ဖြင့် ပြောလိုက်ခြင်း ဖြစ်သည်။

ယင်ထင်နန် သေဆုံးသွားခြင်းကြောင့် ကောက်ယံမှာ အမွှာပျက်သလို ခံစားခဲ့ရကြောင်း ကျူပေအင် သဘောပေါက် သွားလေတော့သည်။

ကောက်ယိက....

'ကျုပ်က ခင်ဗျားရဲ့အစ်ကိုနဲ့ မယှဉ်ပြိုင်ဘူးဆိုရင် ကျုပ်ကို လူတစ်ယောက်လို့ ခေါ်နိုင်ပါတော့မလား ဗျာ'

သူ၏ အသံတဖြည်းဖြည်း တိမ်ဝင် သွားလေသည်။

ကျူပေအောင် ငိုင်ကျသွားသည်။

ကောက်ယိက....

'ခင်ဗျားအစ်ကိုနဲ့ ဓားပညာ မယှဉ်ပြိုင်စေချင်ဘူးဆိုရင် ကျုပ်ကို သတ်သွားပါတော့ဗျာ'

ဟု ပြောလိုက်၏။

ကျူပေအောင်သည်ကောက်ယိကိုစိုက်ကြည့်နေရာမှ ချာခနဲ လှည့်ကာ ထွက်ပြေးသွားတော့သည်။

....o....

ကျူပေအောင် ထွက်သွားပြီဖြစ်၏။

ကောက်ယိ လိုက်မသွားဘဲ ငူငူကြီးရပ်ကာ ကျန်ရစ်ခဲ့လေသည်။

ကျူပေအောင်သည်သူ့အပေါ် နားလည်သဘောပေါက်နိုင်ပါစေဟု ဆုတောင်းနေမိပါ၏။



အတန်ကြာတော့မှ....

'တို့နှစ်ယောက်ဆုံစည်းဖို့ဆိုတာ ဘယ်တော့မှ မဖြစ်နိုင်ပါလား'

ညည်းညူရင်း အိမ်လေးဆီသို့ လှမ်းသွားရန် ဟန်ပြင်လိုက်၏။ ထိုစဉ် သက်ပြင်းချသံသဲ့သဲ့ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ကောက်ယိခြေလှမ်း တုံ့ခနဲရပ်သွား၏။

လေ၏လျင်မြန်ခြင်းမျိုးဖြင့် ချာခနဲနောက်လှည့်ကာကြည့်လိုက်၏။

ယ်အခါ....

မလှမ်းမကမ်းတွင် လူတစ်ယောက်ရပ်နေသည်ကို တွေ့မြင်လိုက်ရ၏။

'ကျိုကွေ'

ကောက်ယိ တီးတိုးရေရွတ်မိလိုက်၏။

မှန်ပေသည်။

မလှမ်းမကမ်း၌ ရပ်နေသူမှာ တစ္ဆေလက် ကျိုကွေ ဖြစ်လေ၏။

'ဟုတ်တယ်၊ ကျုပ်ပါ'

ကျိုကွေ လှမ်းလာ၏။

ကောက်ယိအနီးသို့ရောက်လျှင်....

'တို့နှစ်ယောက် အေးအေးဆေးဆေး စကားပြောကြရအောင်'

ဟု ပြောသည်။

ကောက်ယိက....

'ပြောပါ'

'အိမ်ထဲသွားကြရင် မကောင်းဘူးလား'

'ခင်ဗျား သဘောပဲ'

'ကဲ....လာ'

ကျိကွေက ဦးဆောင်ကာ အိမ်လေးဆီသို့ လှမ်းသွားသည်။

ကောက်ယိ လိုက်သွား၏။

အိမ်ထဲသို့ရောက်လျှင် ကျိကွေကပင် အိမ်ရှင်ပမာ ဗီရိုတစ်ခုအတွင်းမှ အရက်အိုးတစ်အိုး ထုတ်ယူလိုက်ပြီး....

'ကဲ...ထိုင်ပါဦး'

ကောက်ယိကို စားပွဲတွင်ထိုင်ခိုင်းကာ အရက်ငှဲ့ပေးလိုက်သည်။

သူကိုယ်တိုင်လည်း ကောက်ယိနှင့် မျက်နှာချင်းဆိုင်ထိုင်ကာ အရက်တစ်ခွက်ငှဲ့သောက်လိုက်၏။

ပြီးမှ....

'မင်းဟာ အစ်ကိုကြီးနဲ့ ယှဉ်ပြိုင်ဖို့လာတဲ့လူဆိုတာ ငါတို့ သတင်းရကတည်းက ညီမလေးကျူပေအင်က မင်းကိုလုပ်ကြံဖို့ကြိုးစားခဲ့တယ်၊ မအောင်မြင်တော့ ငါကတကောက်ကောက် လိုက်ပြီး အခြေအနေကြည့်ခဲ့တယ်'

ရုတ်တရက်ကောက်ယိ၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။ ကန္တာရထဲ၌ သဲမုန်တိုင်းမိကာ ဒုက္ခရောက်ခဲ့ရပါသည်။



ကယ်မည့်သူမရှိလျှင် မလွဲမသေ သေဆုံးသွားရမည်သာဖြစ်သည်။ သူ့အား ကျူစိမ်ရှန်၏ လူများက ကယ်တင်ခဲ့ကြသည်။

ကောက်ယိ တွေးတောနေစဉ် ကျိကွေက ဆက်ပြောလေသည်။

'အစ်ကိုကြီးက မင်းဟာ သူ့ကိုယှဉ်ပြိုင်ဖို့ လာတဲ့လူမှန်းသိလျက်နဲ့ ကန္တာရထဲမှာ စွန့်ပစ်မထားဘဲ ကယ်တင်ဖို့ ငါတို့ကို အမိန့်ပေးခဲ့တယ်'

ကောက်ယိ ဘာမျှမပြောနိုင်တော့ပါ။

ကျူစိမ်ရှန်ကသာ သူ့အားသေစေလိုလျှင် သေသွားမည်မှာ ကြာပြီဖြစ်၏။

ကျိကွေက....

'အစ်ကိုကြီးဘာကြောင့် ဒီလိုဆုံးဖြတ်ခဲ့သလဲဆိုရင် မင်းဟာ ငါတို့အဖွဲ့အတွက် အထောက်အကူ ဖြစ်ကောင်းဖြစ်လာနိုင်တယ်လို့ ယူဆထားလို့ပဲ'

ကောက်ယိ သက်ပြင်းချလိုက်၏။

'ကျုပ်က ခားပြတစ်ယောက် ဘယ်တော့မှ ဖြစ်လာမှာမဟုတ်ပါဘူးဗျာ'

ကျိကွေက....

'ကျုပ်တို့က ခားပြတွေမဟုတ်ဘူး၊ မင်းမှားပြီ'

ကောက်ယိက....

'ခားပြတွေမဟုတ်ရင် ဘာကြောင့် အာမခံဌာနကိုခားပြ တိုက်ခဲ့ရတာလဲ'

'သူဌေးကြီးယု'ရဲ့ ပစ္စည်းတွေမို့ပါ၊ သူဌေးကြီးယု'ဟာ ဘယ်လိုလူစားမျိုးဆိုတာ အိုရန်စုက မင်းကို ပြောပြပြီးပြီထင်ပါတယ်'

ကောက်ယိ ငြိမ်ကျသွား၏။

ကျိုကွေက....

'သူဌေးကြီးယု'က နယ်ချဲ့တွေကို ထောက်ပံ့နေတဲ့လူ။ ဒါကြောင့် သူ့ကိုဖြစ်တဲ့နည်းနဲ့ ဟန့်တားနေကြတာပဲ'

ကောက်ယိသည် ကျိုကွေကို ငေးကြည့်နေမိလေသည်။

ကျိုကွေက ဆက်ပြောသည်။

'သူဌေးကြီးယု'ကို အကြောင်းသိတဲ့လူတွေက 'ခေါင်းနှစ်လုံးမြွေခွေး'လို့ခေါ်ကြတယ်ဆိုတာကော မင်းသိသလား။ သူဟာ မြွေခွေးတစ်ကောင်ထက် ကောက်ကျစ်စဉ်းလဲတယ်'

ကောက်ယိက....

'ခေါင်းနှစ်လုံးမြွေခွေးလို့ နာမည်ပေးထားကတည်းက ဘယ်လိုလူစားမျိုးဆိုတာ ကျုပ်သိပါပြီ'

ဟု ပြောလိုက်သည်။

ကျိုကွေက....

'သူဌေးကြီး ယု'ကြောင့် ဒုက္ခရောက်နေရတာ အိုရန်စု တစ်ယောက်တည်းမဟုတ်ဘူး၊ အိုရန်စုလိုလူစားတွေ အများကြီးရှိတယ်၊ အသက်ဆုံးရှုံးခဲ့ရသူတွေ၊ မျက်ရည်ကျရတဲ့ လူတွေ ရေတွက်လို့တောင် ကုန်နိုင်မယ်မထင်ဘူး'

မှန်ပေသည်။



ဉာဏ်များလှသော သူဌေးကြီးယု'သည် နောက်ကွယ်တွင် မကောင်းမှုဒုစရိုက်လုပ်ငန်းများ လုပ်ကိုင်နေပါသော်လည်း အများရှေ့တွင် လူကြီးလူကောင်းပမာ ဟန်ဆောင်ထားလေသည်။

ဟန်ပြလုပ်ရပ်များအဖြစ် ဆင်းရဲ နွမ်းပါးသူများအား ပေးကမ်းစွန့်ကြဲသည် ရေကန်တူး၊ တံတားဆောက် အလှူပေးသည်။

မကောင်းမှုနှင့် ကောင်းမှုနှိုင်းလျှင် ကောင်းမှုတစ်ပုံဖြင့် မကောင်းမှုအပုံတစ်ရာကို ဖုံးထားသူဖြစ်ပေတော့သည်။

သူဌေးကြီးယု'သည် လူ့အဖွဲ့အစည်းအတွက် မလိုလားအပ်သူဖြစ်ကြောင်း ကောက်ယိ တစ်စထက်တစ်စ သဘောပေါက်လာလေတော့သည်။

ကျိုကွေက....

'ငါတို့ဟာ သူဌေးကြီးယု'ကြောင့် ဒုက္ခအမျိုးမျိုး ခံစားခဲ့ကြသူတွေပါ၊ နောက်ဆုံးမှာငါတို့ပေါင်းစည်းမိခဲ့ကြတယ်၊ သူဌေးကြီးယု'ကို ရင်ဆိုင်ဖို့ ကြိုးစားခဲ့ကြတယ်၊ ဒါပေမယ့် သူ့မှာ ကြေးစားသိုင်းသမားတွေ အများကြီးရှိတော့ ငါတို့ပဲ ခံရတယ်၊ ဒီအချိန်မှာ ကန္တာရနယ်မြေကို အစ်ကိုကြီး ရောက်လာခဲ့တာပဲ၊ အစ်ကိုကြီးဟာ ငါတို့ရဲ့အဖြစ်ကို စာနာသနားမိလို့ သိုင်းပညာသင်ပေးတယ်၊ စနစ်တကျစုစည်းပေးခဲ့တယ်၊ သူကိုယ်တိုင်ပဲခေါင်းဆောင်ပြီး မတရားမှုတွေကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ တိုက်ဖျက်နေတဲ့ 'ကန္တာရကြယ်'အဖွဲ့ကို ဖွဲ့စည်းခဲ့တာပဲ၊ နောက်ပိုင်းမှာတော့ ကန္တာရကြယ်အဖွဲ့ဟာ သူဌေး

ကြီးယုံသာ မကဘူး၊ တခြား ဒုစရိုက်မှုတွေ၊ မကောင်းမှုတွေကိုလဲ လက်ပိုက်ကြည့်မနေဘဲ ရင်ဆိုင်ခဲ့ကြတယ်'

ကန္တာရကြယ်အဖွဲ့ကြောင့် ဆင်းရဲဒုက္ခ ရောက်နေသူများ သက်သာရာရလိမ့်မည်ဖြစ်ကြောင်း ကောက်ယို တွေးမိလေသည်။

ကန္တာရကြယ် (၀၇) ကျူစိမ်ရှန်၏ မှန်မြတ်သော စေတနာကိုလည်း ကြည်ညိုလေးစားလာမိတော့သည်။

ကျိုကွေက....

'အစ်ကိုကြီးဟာ မင်းရဲ့ဆရာနဲ့ယှဉ်ပြိုင်ပြီး အနိုင်ရလိုက်ပေမယ့် သိုင်းပညာဆိုတာ နာမည်ကျော်ကြားမှုအတွက် အသုံးချရမယ့် ပညာမဟုတ်ဘဲ အများအကျိုး၊ တိုင်းပြည်အကျိုး သယ်ပိုးဆောင်ရွက်ရမယ့် ပညာဆိုတာ သဘောပေါက်လာတယ်၊ ဓားသမားတစ်ယောက်ရဲ့ ဘဝနဲ့ ဂုဏ်သိက္ခာကိုလဲ သဘောပေါက်လာတယ်၊ ဒါကြောင့် ပထမဓားဘွဲ့ရ ဓားသမားဖြစ်ရမယ်ဆိုတဲ့ သူ့ရဲ့ ခံယူချက်ကို စွန့်လွှတ်လိုက်ပြီး အများအကျိုးဆောင်ရွက်ခဲ့တယ်၊ အရပ်တကာကို ခြေသလုံးအိမ်ဘိုင်သွားပြီး ကိုယ်ကျိုးစွန့်ခဲ့တယ်၊ ဒီလိုနဲ့ ကန္တာရနယ်မြေကို ပြန်ရောက်လာပြီး ဒီမှာသောင်တင်နေခဲ့တာပဲ'

ကောက်ယိုသည် ကျူစိမ်ရှန်အကြောင်း ကြားသိရသဖြင့် စိတ်ဝင်စားလာသလို ကျူပေအင် အကြောင်းလည်း သိလိုလာလေသည်။

ထို့ကြောင့်....

'သူ့ညီမကကော...'



ဟု မေးလိုက်၏။

ကျိုကွေ ပြုံးလိုက်၏။

'အစ်ကိုကြီးဟာ ဒီနယ်မြေမှာ မွေးဖွားခဲ့တာပါ၊ ကျူပေအင်ဟာ သူ့ညီမပဲ၊ သူတို့မိဘတွေ ကွယ်လွန်သွားတာကြာပြီ၊ အစ်ကိုကြီးက သိုင်းလောကက ပထမဓားဘွဲ့ လိုချင်လွန်းလို့ ညီမဖြစ်သူကိုထားခဲ့ပြီး သိုင်းလောကထဲ ဆင်းသွားတာပါ'

'ဩော်....ဒီလိုကိုး'

ကျိုကွေက....

'ညီမလေးကျူပေအင်ဟာ အင်မတန် စိတ်သဘောထားဖြူစင်ပါတယ်၊ အစ်ကိုကြီးကိုလဲ သိပ်ချစ်တယ်၊ မင်းက အစ်ကိုကြီးရဲ့ ရန်သူဖြစ်နေလို့ မုန်းနေတာပါ'

ကောက်ယို သက်ပြင်းချလိုက်မိလေ၏။

ကျိုကွေက....

'ကဲ....မင်း သဘောပေါက်အောင် ငါ ပြောပြပြီးပြီ၊ အစ်ကိုကြီးနဲ့ ဓားရေး ယှဉ်ပြိုင်ဦးမှာလား'

ဟု မေးလေသည်။

ကောက်ယို အတန်ကြာငိုင်နေပြီးမှ....

'သူဟာ လေးစားစရာကောင်းတဲ့ လူတစ်ယောက်ဆိုတာ ကျုပ်သိပါတယ်၊ ဒါပေမယ့်....'

'သူနဲ့ ယှဉ်ပြိုင်မယ်ဆိုပါတော့'

ကျိုကွေက စကားထောက်ပေး လိုက်၏။

ကောက်ယို ခေါင်းညိတ်လိုက်၏။

'ဟုတ်ပါတယ်ဗျာ'

ကျီကွေ မျက်နှာပျက်သွား၏။

'အင်း....သိုင်းလောကသားတွေရဲ့ စိတ်နေ သဘောထားဟာ အင်မတန် ထူးခြားတယ်ဆိုတာ ဘယ်မှန်ပါလား'

ဟု ညည်းတွားလိုက်၏။

ထို့နောက်....

ထိုင်ရာမှထကာ အိမ်ထဲ၌ ထွက်သွားလေတော့၏။

....၁....

မိုးစင်စင်လင်းပြီ ဖြစ်သည်။

နယ်စပ်မြို့လေး အပြင်ဘက် ဘောင်ဘန်းတစ်ခုပေါ်တွင် လူနှစ်ယောက် ရောက်ရှိနေကြသော၏။

ကောက်ယိနှင့် ကျူစိမ်ရှန်တို့ ဖြစ်ပါ၏။

ကောက်ယိသည် ကျောက်စိမ်းဓားကို ခါးချိတ်ကာ မားမားမတ်မတ် ရပ်နေ၏။



တစ်ချိန်က သူ၏ဆရာကို အနိုင်ယူသွားသော ကျူစိမ်ရှန်နှင့် ယှဉ်ပြိုင်ရတော့မည် ဖြစ်ပေ၏။

ရာဇဝင်ကြွေးကို ပေးဆပ်ရတော့မည် ဖြစ်ပေ၏။

ကျူစိမ်ရှန်၏ ဓားကွက်များအကြောင်းကို ယင်ထင်နန်က ပြောပြခဲ့ပြီး မည်သို့မည်ပုံ ချေဖျက်ကာ အနိုင်ယူရမည်ကို သင်ကြားပေးခဲ့သည်။

ထို့ကြောင့်....

ကောက်ယိသည် ကျူစိမ်ရှန်အား အနိုင်ရလိမ့်မည်ဟု တစ်ထစ်ချ ယုံကြည်ထားပေ၏။

ကျူစိမ်ရှန်က ကောက်ယိရပ်နေပုံကို ကြည့်ကာ ဓားတစ်လက်ထောင်ထားသည်နှင့် တူသည်ဟု တွေးမိလိုက်သည်။

ကောက်ယိသည် ဓားသမားကောင်းတစ်ယောက် ဖြစ်သည်ဟု တွေးကာ ပြုံးလိုက်မိ၏။

တဖန် ဦးခေါင်းကဆတ်ဆတ် ညိတ်ကာ....

'ကျုပ်တို့နှစ်ယောက် မယှဉ်ပြိုင်ခင် ကျုပ် စကားတစ်ခွန်းလောက် ပြောချင်တယ်'

စကားစလိုက်သည်။

ကောက်ယိက

'ပြောပါ'

ကျူစိမ်ရှန်က...

'တကယ်လို့ ကျုပ် အရေးနိမ့်သွားပြီးအသက်ဆုံးရှုံးသွားခဲ့မယ်ဆိုရင် ကျုပ်အတွက် ကိစ္စလေးတစ်ခု ဆောင်ရွက်ပေးဖို့ မေတ္တာရပ်ခံချင်ပါတယ်'

ဟု ပြောလေ၏။

သူတို့နှစ်ယောက်စလုံး ထိပ်တန်းဓားပညာ တတ်မြောက်ထားကြသူများ ဖြစ်ပေ၏။

ထို့ကြောင့်....

သူတို့၏ ယှဉ်ပြိုင်ပွဲသည် ကြောက်ခမန်းလိလိ ပြင်းထန်မည် ဖြစ်သလို အခန့်မသင့်လျှင် အသက် ဆုံးရှုံးသွားနိုင်ပေသည်။

ထိုအချက်ကို နားလည်သဘောပေါက်ထားသည့်အလားကြို တင်မှာကြားနေခြင်း ဖြစ်ပေတော့၏။

ကောက်ယိက....

'တရားမျှတတဲ့အလုပ်ဆိုရင် ကျုပ်လုပ်ပေးဖို့ဝန်မလေးပါဘူး၊ ပြောပါဗျာ'

ကျူစိမ်ရှန်က....

'မင်းရဲ့စိတ်ဓာတ်ကို ကျုပ်အကဲခတ်မိပါတယ်၊ မဟုတ်တာမခိုင်းပါဘူး၊ ခုလာက်ဆို သူဌေးကြီးယုံအကြောင်း မင်း သိထားလောက်ပြီ မဟုတ်လား'

'ကျုပ်နားလည်ပါတယ်ဗျာ'

ကျူစိမ်ရှန်က တည်ကြည်လေးနက်သောမျက်နှာထားဖြင့်....

'ကျုပ် မေတ္တာရပ်ခံချင်တာက ကျုပ်မရှိတော့ဘူးဆိုရင် ကျုပ်ရဲ့ အဖွဲ့ဟာ ခေါင်းဆောင် ကင်းမဲ့သွားပါလိမ့်မယ်၊ ဒါကြောင့် မင်းက ခေါင်းဆောင်ပြီး သူဌေးကြီးယုံကို ဆုံးမပေးဖို့ပါပဲ'

'ဟင်....'



မမျှော်လင့်သောစကား ကြားလိုက်ရသဖြင့် ကောက်ယိပါးစပ်အဟောင်းသား ဖြစ်သွားတော့၏။

ကျူစိမ်ရှန်က....

'မင်းလက်ခံမယ်မဟုတ်လား'

ဟု မေး၏။

ကောက်ယိက....

'ဒါ မဖြစ်နိုင်တဲ့ကိစ္စပဲဗျ'

'ဘာကြောင့် မဖြစ်နိုင်ရမှာလဲ'

'ခင်ဗျားလူတွေက ကျုပ်ကို လက်ခံပါ့မလား၊ ခင်ဗျားစဉ်းစားကြည့်ပါဦး'

ကျူစိမ်ရှန် ပြုံးလိုက်၏။

'ကျုပ် အမိန့်ပေးထားပြီးပြီ၊ သူတို့ လက်ခံကြပါလိမ့်မယ်'

ကောက်ယိက....

'ဝမ်းနည်းပါတယ်ဗျာ၊ ခင်ဗျား အမိန့်ပေးထားပေမယ့် ကျုပ်ကူညီနိုင်မှာမဟုတ်ပါဘူး၊ တစ်ခုတော့ ရှိပါတယ်ဗျာ'

'ပြောပါ'

'သူဌေးကြီးယုံကို ဆုံးမပေးမယ်လို့တော့ ကျုပ်ကတိပေးပါတယ်ဗျာ'

ကျူစိမ်ရှန်ဝမ်းသာသွား၏။

'ခုလိုကြားရတာ ကျေးဇူးတင်ပါတယ်၊ သူဌေးကြီးယုံကို ဆုံးမနိုင်မှ ကန္တာရနယ်မြေမှာ မတရားမှုတွေ ချုပ်ငြိမ်းသွားမှာပဲ၊ ကဲ....ကျုပ်တို့ ယှဉ်ပြိုင်လိုက်ကြရအောင်'

'ကောင်းပြီ'

ကောက်ယ°က ကျောက်စိမ်းဓားကို ခြွင်ခနဲ နေခအောင် ဆွဲထုတ်လိုက်၏။ ကျူးစိမ်ရှန်ကသည်း ဓားတစ်လက်ဆွဲထုတ်လိုက်၏။

နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်လိုက်ကြ၏။

ထို့နောက်....

'ယား....'

ဩသံပေးကာ စတင် ယှဉ်ပြိုင် တိုက်ခိုက်ကြလေတော့သည်။

....ဝ....



ကောက်ယ°သည် ဆရာဖြစ်သူ သေဆုံးသွားပြီးနောက် ဆယ်နှစ်လုံးလုံး ဓားပညာကို အပြင်းအထန်ကြိုးစားလေ့ကျင့်ခဲ့၏။

ထိုစဉ်က မခံချင်စိတ်ဖြင့် နေ့ရောညပါကြိုးစားခဲ့သည်ဖြစ်ရကား သူ၏ဓားပညာမှာ အံ့မခန်း တိုးတက်လာခဲ့လေတော့သည်။

ဆယ်နှစ်ပြည့်၍ သိုင်းလောကသို့ ဆင်းကာ ကျူးစိမ်ရှန်အားရှာဖွေရင်း သိုင်းလောကသားများနှင့် ယှဉ်ပြိုင်ပွဲများဆင်နွှဲခဲ့ရာတွင်ဓားကွက်ဆယ်ကွက်ပြည့်အောင် ရင်ဆိုင်ရသည်မရှိဘဲ အနိုင်ရခဲ့သည်ချည်းဖြစ်၏။

ယခု....

ကောက်ယ°သည် ကျူးစိမ်ရှန်နှင့် ရင်ဆိုင်နေရပြီ ဖြစ်လေသည်။

ထို့ကြောင့်....

တတ်မြောက်ထားသည့်ဓားပညာကို အိတ်သွန်ဖာမှောက်ထုတ်ဖော်အသုံးပြုလိုက်တော့၏။

ကျူးစိမ်ရှန်လည်းခေသူမဟုတ်ပါ။

သိုင်းလောက ပထမဓားဘွဲ့ရယူမည်ဟု ကြွေးကြော်ခဲ့သည့်အလျောက် ထက်မြက်သောဓားပညာ ပိုင်ဆိုင်ထားသူ ဖြစ်ပါ၏။

သူ၏ဓားကွက်များသည်လည်း အံ့မခန်း ထက်မြက်နေလေသည်။ ဆိပ်တန်းဓားသမားနှစ်ယောက်၏ ရင်ဆိုင်ယှဉ်ပြိုင်ပွဲသည် ကြောက်ခမန်းလိလိ ပြင်းထန်နေပေတော့၏။

'ယား....'

ကောက်ယံက ဩသံပေးကာ ကျောက်စိမ်းနဂါး ဓားကွက်ဖြင့် ဓားကို တစ်ချက်ဝေ့ကာ ကျူစိမ်ရှန်အား တိုက်ခိုက်လိုက်သည်။

မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း ဓားသုံးချက်တိတိ ထိုးသွင်းခြင်းဖြစ်လေသည်။

ကျောက်စိမ်းဓားသည် အစိမ်းရောင် နဂါးတစ်ကောင်ပမာ ကျူစိမ်ရှန်ထံသို့ တိုးဝင်သွားလေ၏။

ကျူစိမ်ရှန်၏ ဦးခေါင်း လည်ပင်းနှင့် ရင်ဘတ်ကို နဂါးတစ်ကောင်က ဆတ်ခနဲ လှမ်းပေါက်လိုက်သည့်နှယ်....

ကျူစိမ်ရှန်က သူ၏ဓားကို အပေါ်သို့ တည့်မတ်စွာ ထောင်၍ ကိုင်ထားရင်း ဘေးတိုက်အနေအထားဖြင့် ဝဲဘက်သို့ နှစ်ချက်၊ ယာဘက်သို့သုံးချက် ရိုက်ထုတ်လိုက်၏။

'ချွမ်း....ချွမ်း....ချွမ်း'

ဓား ဓားချင်း ပြင်းထန်စွာ ထိတွေ့သောအသံများ ထွက်ပေါ်လာ၏။

ကောက်ယံ၏ဓားကွက်ကို ချေဖျက်ပြီးသား ဖြစ်သွားလေတော့သည်။ ထိုသို့ ချေဖျက်ပြီးသည်နှင့် ကျူစိမ်ရှန်က...

'ယား...'



ဩသံပေးကာ ကြယ်ကြွေဓားကွက်ဖြင့် ပြန်လည် တိုက်စစ်ဆင်လိုက်လေ၏။

သူ၏ဓားသည် ဖြန်းခနဲ ကြွေကျလာသော ကြယ်တစ်လုံး အလင်းတန်းပမာ ဝင်းလက်သော အလင်းရောင် ပေးပြီး ကောက်ယံ၏ရင်ဝသို့ တိုးဝင်သွားလေသည်။

ကောက်ယံလည်း ကပျာကယာ ခန္ဓာကိုယ် ဘေးတိုက်အနေအထား ပြောင်းလဲ၍ တိုးဝင်လာသောဓားကို ပွတ်ကာသီကာ ရှောင်လိုက်ရ၏။

တစ်ဆက်တည်းမှာပင် သူ၏ ကျောက်စိမ်းဓားကို အပေါ်မှ အောက်သို့ ခပ်စွေစွေ ခုတ်ချလိုက်လေ၏။

ကျူစိမ်ရှန် ဆက်၍ မတိုက်ခိုက်နိုင်တော့ပါ။

ဓားကိုရုပ်သိမ်းကာ နောက်ဆုတ်သွားရလေ၏။

ဤသို့ဖြင့်....

သူတို့နှစ်ယောက်သည် သိုင်းကွက်ပေါင်း တစ်ရာကျော်သည့်တိုင် မည်သူမျှ အသာမရဘဲ သူတစ်ပြန် ကိုယ်တစ်ပြန် တိုက်ခိုက်ကြလေတော့သည်။

လွင်စာပေ
အမှတ် ၁၅/၁၃၈၊ ဗိုလ်...
တောင် ၄ မြို့
ဖုန်း ၂၁၇၄၄

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

နေဝန်းနီသည် အရှေ့ဘက်မှ ထွက်ပေါ်လာပြီး တစ်စ ထက်တစ်စ မြင့်တက်လာရာ ကောင်းကင် အလယ်ဗဟိုသို့ ရောက်လာ၏။

ထို့နောက်...

အနောက်ဘက်သို့ နိမ့်ကျ ရွေ့လျားသွားလေသည်။

တဖြည်းဖြည်း ညနေစောင်းအချိန်သို့ပင် ရောက်လာပြီ ဖြစ်သည်။

တောင်ထိပ်ပေါ်တွင်...

ကောက်ယိနှင့် ကျူစိမ်ရှန်တို့ ယှဉ်ပြိုင်တိုက်ခိုက်နေကြဆဲ ဖြစ်ပေသည်။

တစ်ခုနေ့လုံး ယှဉ်ပြိုင်တိုက်ခိုက်ကြသော်လည်း နှစ်ယောက် စလုံး လက်ရည်ကျမသွားသေးပါ။

သူတို့၏ တိုက်ခိုက်မှုသည် ပို၍ပင် ပြင်းထန်လာလေတော့ သည်။ ကောက်ယိ၏တိုက်ကွက်များသည် တစ်စထက်တစ်စ နှေးကွေးလေးလံလာသည်။

အတွင်းအားကိုပါ ထုတ်ဖော် အသုံးပြုနေရသဖြင့် သူ၏ တစ်ကိုယ်လုံး ချွေးပြိုက်ပြိုက် စိုရွှဲလာသည်။

သူ၏ဓားကွက်များသည် နှေးကွေး လေးလံနေသည့်တိုင် တစ်ကွက်ထက်တစ်ကွက် ပို၍ပြင်းထန်လာလေ၏။

ကျူစိမ်ရှန်၏ တိုက်ခိုက်မှုမှာလည်း ကောက်ယိကဲ့သို့ပင် နှေးကွေးလေးလံနေပြီဖြစ်သည်။

သို့သော်...



သူတို့၏ဓားကွက်များ နှေးကွေးသွားခြင်းသည် လျင်မြန် ခြင်းထက် ပို၍ အားပါပြီး ကြောက်မက်ဖွယ်ကောင်းအောင် ထက်မြက် ပြင်းထန်နေပေတော့သည်။

ကောက်ယိသည် ကျူစိမ်ရှန်နှင့် ယှဉ်ပြိုင်ရင်း...

'သူ့ရဲ့ဓားပညာ အတော် ကြောက်စရာကောင်းပါလား'

ဟု တွေးကာ ချီးကျူးမိသလို ကျူစိမ်ရှန်မှာလည်း...

'သူဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ ငါထင်ထားတာထက်တော် တော်နေပါလား'

ဟု ချီးကျူး မိလေသည်။

ကောက်ယိမှာ ဆရာထက် လက်စောင်းထက်သောတပည့် ကောင်းဖြစ်ကြောင်း နားလည်မိလေသည်။

နှစ်ယောက်သား ဆက်ပြီး ယှဉ်ပြိုင်ကြရာ အလင်းရောင် တစ်စထက်တစ်စ အားနည်းလာပြီး ညနေဆည်းဆာ အချိန် ပင် ကုန်ဆုံးလုလု ဖြစ်လာတော့သည်။

ကောက်ယိသည် ကျူစိမ်ရှန်နှင့် သရေပွဲဖြစ်ရမည်ကို မလိုလားပါချေ။

ရှုံးလျှင်ရှုံး၊ သို့မဟုတ် အနိုင်ရမှ ဖြစ်ပေသည်။

ထို့ကြောင့်...

'ယား...'

ငြာသံပေးကာ သိုင်းကွက် ပြောင်းလဲလိုက်လေ၏။

ဆရာဖြစ်သူ သင်ပေးထားသော ဓားပညာနှင့် သူ၏အတွေ့ အကြုံ ပေါင်းစင်ကာ ကိုယ်တိုင် တီထွင်ထားသော ဓားကွက် အသုံးပြုလိုက်ခြင်း ဖြစ်လေသည်။

မြေပေါ် ခြေဆောင့်ကာ လေထဲခုန်လိုက်ပြီး ဓားနှင့်လူ တသားတည်း ဖြစ်သွားပြီး ကျူုစိမ်ရှန်ထံသို့ ခုန်ဝင်သွားလေသည်။

ခန္ဓာကိုယ် အလျားလိုက် လေထဲတွင် ဝါးလုံးထိုး တိုးဝင်လာသည့် ကောက်ယာ၏ တိုက်ကွက်ကြောင့် ကျူုစိမ်ရှန် ရင်ထိတ်သွားသည်။

နောက်ဆုတ်ဖို့ အချိန်မရတော့သလို ပြန်လည် တိုက်ခိုက်ဖို့လည်း သက်မဘင်လေး နောက်ကျနေပြီ ဖြစ်ကြောင်း ဆင်ခြင်မိလေသည်။

သူက ခုခံနိုင်ခြင်း မရှိမီ ကောက်ယာ၏ဓားက သူ၏ ရင်ဝကို စိုက်ဝင်သွားတော့မည် ဖြစ်သည်။

ကောက်ယာ၏ ဓားကွက်မှာ မိုက်ရူးရဲဆန်လှသော ဓားကွက်ဟု ဆိုနိုင်ပါသည်။

သို့သော်....

ရုတ်ခြည်း ပြောင်းလဲသွားသော တိုက်ကွက်ဖြစ်၍လည်း ခုခံရန် ချေဖျက်ရန် မစွမ်းဆောင်နိုင်သည့် တိုက်ကွက်လည်း ဖြစ်သည်။

ကျူုစိမ်ရှန်သည် အံဘင်းတင်းကြိတ်ကာ ဓားကိုင်ထားသော လက်ကို ရှေ့သို့ဆန့်ထုတ်ပြီး ဓားဖြင့်ပြန်လည် ထိုးသွင်းလိုက်သည်။

ကောက်ယာက ဆက်ပြီး တိုက်ခိုက်လာလျှင် နှစ်ယောက်စလုံး သေဆုံးသွားနိုင်သည့်ကို တိုက်ကွက် ဖြစ်လေ၏။

မည်သို့ဆိုစေ....



ကောက်ယာ၏ ခန္ဓာကိုယ်သည် လေထဲတွင် အလျားလိုက်ရှိနေသဖြင့် ကျူုစိမ်ရှန်၏ ဓားထိုးသွင်းချက်မှာ ကောက်ယာ၏ ကိုယ်ပေါ်မှ ပွတ်ကာသီကာ ဖြစ်သွားပြီး မည်သို့မျှ ဒုက္ခမပေးနိုင်ခဲ့ပါချေ။

ကောက်ယာ၏ ဓားကမူ ကျူုစိမ်ရှန်၏ ရင်ဝသို့ တည့်တည့်မတ်မတ် တိုးဝင်သွားသည်။

ကျူုစိမ်ရှန် မည်သည့်နည်းနှင့်မျှ မရှောင်နိုင်တော့ပါ။

ရုတ်တရက်....

ကောက်ယာက ဓားကိုင်ထားသောလက်ကို အောက်သို့နှိမ့်ချလိုက်၏။ သူ၏ ဓားဦးသည် ကျူုစိမ်ရှန်၏ ရင်ဝမှနေ၍ ဝမ်းဗိုက်ဆီသို့ နေရာပြောင်းသွားသည်။

ဓားဦးသည် ကျူုစိမ်ရှန်၏ ဝမ်းဗိုက်သို့ ဝင်လိုက်သည်နှင့် ကောက်ယာက ဓားကို လွှတ်ချလိုက်ပြီး....

'ယား....'

ပြာသံပေးကာ ခန္ဓာကိုယ်တွန့်လိန်၍ လေထဲတပတ်ကျွမ်းပစ်ပြီး ခုန်ထွက်လိုက်လေသည်။

ကောက်ယာ၏ ဓားသည် ကျူုစိမ်ရှန်၏ ဝမ်းဗိုက်ကို ထိုးစိုက်မိလိုက်ပါသည်။

သို့သော်....

ကောက်ယာက ဓားကိုလွှတ်ချလိုက်သဖြင့် အရှိန်သေသွားပြီး နက်ရှိုင်းစွာ ထိုးဖောက်စိုက်ဝင် သွားခြင်းမျိုး မရှိတော့ပေ။

ဓားရိုး၏ အလေးချိန်ကြောင့် စိုက်ဝင်သွားသောဓားသည် ချက်ချင်းပင် မြေပေါ်ပြုတ်ကျသွားသည်။

ကောက်ယ° မြေပေါ်တွင် ခြေချလိုက်သောအခါ ကျူစိမ်ရှန်မှာ ဒယီးဒယိုင်ဖြင့် နောက်ဆုတ် သွားလေတော့သည်။

....:....

ယှဉ်ပြိုင်ပွဲ ပြီးဆုံးသွားပြီ ဖြစ်ပါသည်။

ကျူစိမ်ရှန်သည် ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွား၏။

သူ၏ဝမ်းဗိုက်တွင် ဓားဒဏ်ရာရရှိကာ နီရဲသောသွေးများ ယိုစီးကျနေလေသည်။

ကောက်ယိက ဆက်၍ တိုက်ခိုက်ခြင်းမပြုတော့ပေ။

သူသာ ဓား၏ဦးတည်ရာကို မပြောင်းဘဲ ကျူစိမ်ရှန်၏ ရင်ဝသို့ ထိုးစိုက်ချလိုက်မည်ဆိုပါလျှင် သို့မဟုတ် ဝမ်းဗိုက်ကို ထိုးမိချိန်က ဓားကိုမသွတ်ဘဲ အရှိန်ဖြင့်ဆက်၍ ထိုးသွင်းလိုက်မည်ဆိုပါလျှင်....



ကျူစိမ်ရှန်သည် ယခုကဲ့သို့ ရပ်နေနိုင်တော့မည် မဟုတ်ပါချေ။

ကျူစိမ်ရှန် သက်ပြင်းချလိုက်ပြီး....

'ကျုပ် ရှုံးသွားပါပြီ'

ဟု ပြောလိုက်လေသည်။

သူ၏အသံသည် အင်အားချည့်နဲ့နေပြီး တုန်တုန်ယင်ယင် ဖြစ်နေသည်။ ကောက်ယိ အချိန်မီထိန်းလိုက်သည့်တိုင်ဒဏ်ရာ ပြင်းထန်စွာရသွားကြောင်း ပေါ်လွင်နေပါသည်။

ကောက်ယိမှာ ကျူစိမ်ရှန်အား အနိုင်ရလိုက်သော်လည်း ဝမ်းမသာနိုင်ပါ။

ကျောက်စိမ်းဓားကို ကောက်ယူလိုက်ပြီး မလှုပ်မယှက် ရပ်နေမိလေသည်။

ထိုစဉ်....

'အစ်ကို....'

ဆို့နစ်သောခေါ်သံ ထွက်ပေါ်လာလေသည်။

ကျူပေအင် ပြေးလွှားလာပြီး ကျူစိမ်ရှန်အား ဖေးမ လိုက်လေသည်။

ကျူစိမ်ရှန်က....

'ဘာဖြစ်လို့ လိုက်လာတာလဲ ညီမလေးရယ်'

'အစ်ကို....အင့်....ဟင့်....'

ကျူပေအင်က အစ်ကိုဖြစ်သူ ဒဏ်ရာရထားသည်ကို မြင်လျှင် ဝမ်းနည်းကြေကွဲသွားပြီး မျက်ရည်များ ကျဆင်းလာလေသည်။

ကျူစိမ်ရှန်က....

'အစ်ကိုဘာမှမဖြစ်ပါဘူး၊ အစ်ကို့အတွက် မစိုးရိမ်ပါနဲ့ ကွယ်'

ပြောသာပြောလိုက်သော်လည်း တကယ်တမ်း မဟန်နိုင်တော့ပါ။ ခန္ဓာကိုယ်တစ်ချက် တုန်ခါသွားပြီး....

'ပုန်း....'

မြေပေါ် လဲကျသွားလေ၏။

'အစ်ကို...'

ကျူပေအင်က ဖေးမထားလိုက်လေသည်။

ကျူစိမ်ရှန်ကား သတိလစ် မေ့မြောနေပြီ ဖြစ်ပါသည်။

ကောက်ယိသည် ကျူစိမ်ရှန်အတွက် စိုးရိမ်သွားပြီး အနီးသို့ ချဉ်းကပ်သွားလိုက်လေ၏။

ကျူပေအင်က....

'ရှင်....ခုချက်ချင်း ထွက်သွားပါ'

ဟု ဟောက်လိုက်၏။

ကောက်ယိ၏ ရင်ထဲ ဆို့နင့်သွားလေသည်။

'ညီမ....'

'ကျွန်မကို ညီမလို့မခေါ်နဲ့၊ ရှင့်မျက်နှာကို မမြင်ချင်ဘူး၊ ခုချက်ချင်းထွက်သွားပါ'

ကျူပေအင်က သူ့အပေါ် ခါးခါးသီးသီး မုန်းတီးနေသည်ကို တွေ့ရသောအခါ ကောက်ယိ ဝမ်းနည်းကြေကွဲသွားလေတော့သည်။

'ရှင် မသွားသေးဘူးလား'



ကျူပေအင်က ဒေါသတကြီး အော်လေ၏။

ကောက်ယိ မနေနိုင်တော့ပါ။

'ကောင်းပါပြီ၊ ကျုပ် သွားပါတော့မယ်'

ဟု ပြောလိုက်သည်။

ကျူပေအင်သည် အံကိုတင်းတင်းကြိတ်ရင်း.....

'ရှင့်ဆန္ဒတွေ ပြည့်သွားပြီ မဟုတ်လား၊ မြန်မြန် ထွက်သွားစမ်းပါ၊ ကျွန်မတို့ ကန္တာရနယ်မြေထဲ ဘယ်တော့မှ ပြန်မလာနဲ့တော့'

ဟု အော်လိုက်လေသည်။

သူမ၏စကားသံများသည် ကောက်ယိ၏နားထဲ၌ သံရည်ပူဖြင့် လောင်းချခံလိုက်ရသည့်နှယ်....။

ကောက်ယိသည် ကျူပေအင်းကို တစ်ချက်ကြည့်လိုက်ပြီး ခေါင်းငိုက်စိုက် ချကာ ကျောခိုင်း ထွက်လာခဲ့လေတော့သည်။

....o....

လင်းစာပေ

ကန္တာရနယ်မြေ....

ကန္တာရနယ်မြေမှ ကောက်ယိ ထွက်သွားရတော့မည်ဖြစ်ပါသည်။

ကျူးစိမ်ရှန်အား အနိုင်ယူနိုင်ခဲ့ပြီဖြစ်၏။

ဆရာဖြစ်သူအပေါ် ပေးအပ်သည့်ကတိအတိုင်း ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်၏။

သို့သော်....

အပြန်ခရီးအတွက် မြင်းပေါ် တက်လိုက်ချိန်တွင် သူ၏ အသည်းနှလုံးသည် ကန္တာရ နယ်မြေတွင် ကျန်ရစ်ခဲ့ပြီ ဖြစ်ကြောင်း နားလည်မိလိုက်၏။

ချစ်ခြင်းမေတ္တာတရားသည် အလွန်ထူးဆန်းလှသည်မဟုတ်ပါလား။

သူ့အပေါ် မုန်းတီးနေသည့် ကျူပေအင်ကိုမှ မေတ္တာသက်ဝင်မိသည် မဟုတ်ပါလား။

ကျူပေအင်က သူ့အား မောင်းထုတ်လိုက်ချိန်တွင် သူမကို ချစ်မိနေပြီဖြစ်ကြောင်း ကောက်ယိ သိနားလည်လိုက်သည်။

မည်သို့ဆိုစေ...

ကန္တာရနယ်မြေမှ ထွက်သွားရတော့မည် ဖြစ်လေသည်။

ကောက်ယိက မြင်းကို မောင်းနှင် ထွက်ခွာသွားရန်ဟန် ပြင်လိုက်ချိန်တွင် သူ့ထံသို့ လှမ်းလာနေသူ တစ်ယောက်ကို တွေ့မြင်လိုက်ရ၏။

ကျိကွေ ဖြစ်၏။



ကောက်ယိက ကျိကွေကို အကဲခတ် ကြည့်လိုက်လေသည်။

ကျိကွေသည် အနီးသို့ ရောက်လာပြီး တည်ကြည်သော မျက်နှာထားဖြင့်....

'မင်းသွားတော့မယ်တုတ်လား'

ဟု မေးလာ၏။

ကောက်ယိက....

'ဟုတ်တယ်'

'မင်းကိစ္စပြီးတာနဲ့ ဖြစ်ချင်ရာဖြစ်ဆိုပြီး မျက်နှာလွှဲ ခဲပစ်ထွက်သွားတာ ယောကျ်ားမပီသဘူးကွ'

'ဗျာ....'

ကျိကွေ၏အပြစ်တင်စကားကြောင့်ကောက်ယိ ကြောင်အမ်းအမ်းဖြစ်သွား၏။

ကျိကွေ....

'အစ်ကိုကြီးက သူရှုံးနိမ့်သွားရင် တို့အဖွဲ့ကို ဦးဆောင်ဖို့နဲ့ သူ့ငွေကြီးယုံကိုဆုံးမဖို့ မင်းကို မေတ္တာရပ်ခံခဲ့တယ် မဟုတ်လား'

ကောက်ယိ သက်ပြင်းချလိုက်၏။

'ကျုပ်က ခင်ဗျားတို့အဖွဲ့ကိုခေါင်းဆောင်ဖို့ဆိုတာ ဘယ်နည်းနဲ့မှမဖြစ်နိုင်ပါဘူးဗျာ'

ဟု ပြောလိုက်၏။

ကျိကွေက....

'ဘာလဲ၊ အဖွဲ့သားတွေက မင်းကို မကျေမနပ်ဖြစ်နေကြမယ်လို့ မင်းထင်နေတာ မဟုတ်လား'

ကောက်ယိ ဘာမျှမပြောဘဲနေလိုက်၏။

ကျိုကွေ မဲ့ပြုံးပြုံးလိုက်၏။

'ငါတို့ဟာ အများအကျိုးအတွက် အသက်စွန့်ဖို့ သန္နိဋ္ဌာန်ချထားသူတွေပါ၊ ကိုယ်ရေးကိုယ်တာကိစ္စ ဘယ်တော့မှရှေ့တန်းမတင်ဘူးဆိုတာ မှတ်ထားပါ'

ထိုစကားကြောင့် ကောက်ယိ ရှက်သွား၏။

သူက ကိုယ်ရေးကိုယ်တာကိစ္စကို ရှေ့တန်းတင်ကာ ကျူးစိမ်ရှန်ကို စိန်ခေါ်ခဲ့သည် မဟုတ်ပါလား။

တစ်ချိန်က ကျူးစိမ်ရှန်သည် သူ၏ ဆရာအား ယှဉ်ပြိုင်အနိုင်ယူခဲ့သည် မှန်သော်လည်း ယခုအချိန်တွင် အများအကျိုးကို အသက်စွန့် ဆောင်ရွက်သူတစ်ယောက် ဖြစ်နေချေပြီ။

ထို့ကြောင့်....

သူ၏စိန်ခေါ်မှုသည် အတ္တဆန်သော စိန်ခေါ်မှုတစ်ခုဖြစ်နေပေတော့သည်။

ကျိုကွေက

'အစ်ကိုကြီးကဆက်ပြီး ခေါင်းဆောင်နိုင်ဖို့ဆိုတာ မလွယ်လှဘူး၊ ခုအချိန်မှာ အခြေအနေရှုပ်ထွေးနေတော့ ခေါင်းဆောင်ကောင်းတစ်ယောက် အရေးတကြီး လိုအပ်နေတယ်၊ ဒီအချိန်မှာ မင်းထွက်သွားတော့မှာလား'

ဟု ပြောလေသည်။



ကောက်ယိသည် ကျူးစိမ်ရှန်တို့လူစုအား ကူညီလိုစိတ်များ ဖြစ်ပေါ်လာလေသည်။

သို့သော်....

ကျူးပေအင်၏မျက်နှာကို ဖျတ်ခနဲ မြင်ယောင်လာသောအခါ ခေါင်းခါယမ်းလိုက်ပြီး....

'ဝမ်းနည်းပါတယ်ဗျာ၊ ကျုပ်ထွက်သွားမှ ဖြစ်မှာပါ'

'မင်း....'

ကျိုကွေ ဒေါပွသွားသည်။

ကောက်ယိအား အပြစ်တင်ပြောဆိုရန် ဟန်ပြင်လိုက်ပြီးမှ သဘောထား ပြောင်းသွားပုံဖြင့် ဘာမှမပြောဘဲ နေလိုက်လေသည်။

ကောက်ယိက တည်ကြည်သော မျက်နှာထားဖြင့်....

'ကျုပ်က ခင်ဗျားတို့အဖွဲ့ကို ခေါင်းဆောင်နိုင်မှာမဟုတ်ပါဘူး၊ ဒါပေမယ့် သူဌေးကြီးယုံကိုတော့ သုတ်သင်ဖယ်ရှားပစ်ပါ့မယ်လို့ ကတိပေးပါတယ်၊ ကဲ ကျုပ်ကို သွားခွင့်ပြုပါဦးဗျာ'

စကားဆုံးလျှင် မြင်းကို မောင်းနှင်လိုက်လေသည်။

ကျိုကွေက ဘာမှမပြောပါ။

တားမြစ်ခြင်းလည်း မပြုပါ။

'ခွပ်ခွပ်....ခွပ်ခွပ်'

မြင်းခွာသံများ ထွက်ပေါ်လာသည်။

ကောက်ယိ စီးနင်းသွားသော မြင်းညိုကြီးမှာ တစ်ဟုန်ထိုး ပြေးလွှားသွားရာ တစ်ခဏ အတွင်းမှာပင် အဝေးသို့ ရောက်ရှိသွားလေသည်။

ကျိုကွေသည် ကောက်ယိ မြင်ကွင်းမှ ကွယ်ပျောက်သွားသည်အထိ ငေးမောကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။

..... .....

## သစ္စာဖောက်

လမ်းပေါ်တွင် လူစည်ကားနေသည်။

အရောင်အသွေးစုံလင်စွာ ဝတ်ဆင်ထားကြသူများ ဥဒဟို သွားလာနေကြသည်။

မြားဝိဇ္ဇာ ထင်ကျန်သည် လူအများကြားမှ တိုးဝှေ့ကာ ခပ်သုတ်သုတ်လျှောက်သွားလေသည်။

သူက လူတစ်ယောက်ကို မီအောင်လိုက်နေခြင်း ဖြစ်လေသည်။

ခရီးသွား ကုန်သည်များအဖြစ် ဟန်ဆောင်ထားသော ဓားပြအဖွဲ့အား ခေါင်းဆောင်ခဲ့သည့် လူဝကြီးနောက်သို့ လိုက်နေခြင်း ဖြစ်လေသည်။

လူဝံကြီးအား အမှတ်မထင် တွေ့မြင်လိုက်ရခြင်းကြောင့် အံ့သြခဲ့ရပါသည်။

ကန္တာရထဲမှ လူဝံကြီးသည် ဤမြို့ကလေးသို့ အဘယ့်ကြောင့် ရောက်ရှိလာရပါသနည်း။

ထူးခြားသော အကြောင်းတစ်ခုခု ရှိနေပြီ ဖြစ်ကြောင်း ထင်ကျန် ဆင်ခြင်မိလေသည်။

ထို့ကြောင့် စားသောက်ဆိုင်ထဲမှ ထွက်ကာ အမီလိုက်နေခြင်းဖြစ်လေသည်။

လူဝံကြီးကား ခတ်သုတ်သုတ် လျှောက်သွားရင်း လမ်းကြားတစ်ခုအတွင်းသို့ ချိုးကွေ့ဝင်သွားကာ မြင်ကွင်းမှ ကွယ်ပျောက်သွားလေသည်။

ထင်ကျန်လည်း မျက်ခြည်ပြတ်သွားမည်ကို စိုးရိမ်ကာ ပြေးလိုက်သွားရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်....

လူသုံးယောက်သည် ဘွားခနဲ ပေါ်လာပြီး သူ၏ရှေ့မှ လမ်းပိတ်ထားလိုက်ကြသည်။

ထင်ကျန် ရင်ထိတ်သွား၏။

လမ်းပိတ်ထားသူသုံးယောက်ကိုမျက်မှောင်ကြုတ်၍ကြည့်လိုက်လေသည်။

ထိုလူသုံးယောက်မှာ အနက်ရောင် ဝတ်ဆင်ထားကြပြီး ခန္ဓာကိုယ် ပိန်ပိန်ပါးပါး ရှိကြလေသည်။

ဓားကိုယ်စီ ကျောပိုးထားကြရာ သိုင်းသမားများ ဖြစ်ကြောင်း ထင်ရှားပေသည်။



ထင်ကျန်မှာ လူဝံကြီးနောက်သို့ ဆက်မလိုက်နိုင်တော့ဘဲ ထိုလူသုံးယောက်နှင့် ရင်ဆိုင်လိုက်ရလေသည်။

'ခင်ဗျားတို့ ဘာသဘောနဲ့ လမ်းပိတ်ထားတာလဲ'

ဟု ခပ်တည်တည် မေးလိုက်လေ၏။

အနက်ရောင်ဝတ်ထားသူ သုံးယောက်အနက် တစ်ယောက်က....

'မင်းဟာ ရွှေတရိဂံအာမခံဌာနက မြားဝိဇ္ဇာထင်ကျန် မဟုတ်လား'

ဟု မေးလိုက်လေ၏။

ထင်ကျန်က....

'ဟုတ်တယ်၊ ခင်ဗျားတို့က ဘယ်သူတွေလဲ'

'ကျုပ်တို့ ဘယ်သူဘယ်ဝါဆိုတာ အရေးမကြီးဘူး၊ ကျုပ်တို့နောက်ကို မင်း လိုက်ခဲ့ရမယ်'

'ဘာဗျ'

'သူဌေးကြီးယုံက မင်းတို့ကို တွေ့ချင်နေတယ်'

'ဪ...'

ယခုမှ....

ထိုလူသုံးယောက်သည် သူဌေးကြီးယုံ၏ ကြေးစား သိုင်းသမားများ ဖြစ်ကြောင်း သဘော ပေါက်သွားလေတော့သည်။

'စိတ်ချ၊ ကျုပ်တို့ သူ့ကိုလာတွေ့မယ်၊ ဒါပေမယ့် အခုတော့ မဟုတ်သေးဘူးဗျ'

အာမခံပစ္စည်းများ ပြန်လည်ရယူပြီးမှ သွားရောက် တွေ့ဆုံနိုင်လိမ့်မည် မဟုတ်ပါလား။

သို့မဟုတ်လျှင် အာမခံပစ္စည်းများနှင့် ပတ်သက်၍ မေးမြန်းလာပါက မည်သို့မျှ အဖြေပေးနိုင်မည် မဟုတ်ချေ။

ထိုလူသုံးယောက်အနက် တစ်ယောက်က....

'အခုလိုက်ခဲ့ရမယ်'

ဟု ပြောလေသည်။

ထင်ကျန် ဘဝင်မကျဖြစ်သွား၏။

'ကျုပ်က မလိုက်ဘူးဆိုရင်ကော'

'လွယ်ပါတယ်၊ ကျုပ်တို့ ဆွဲခေါ်သွားရမှာပေါ့'

ထိုလူ၏စကားကြောင့်....

'ဟား....ဟား....ဟား'

ထင်ကျန် ရယ်မောလိုက်လေ၏။

ထိုလူသုံးယောက်သည် ချက်ချင်း လူစုခွဲလိုက်ကြပြီး ထင်ကျန်အား တရိဂံပုံ ဝိုင်းရံထားလိုက်ကြလေ၏။

ထင်ကျန်က....

'သူဌေးကြီး ယုံကို ပြောပြလိုက်ပါ၊ အာမခံပစ္စည်းတွေနဲ့ ပတ်သက်ပြီး ကျုပ်ဆရာ ပြန်ရောက်လာမှရှင်းမယ်၊ ခုတော့ ကျုပ် မလိုက်နိုင်သေးဘူး'

'ဟေ့....အေးအေး ဆေးဆေး ခေါ်တာ မလိုက်ရင် အသားနာချင်ပြီထင်တယ်'

တစ်ယောက်က အော်ပြောလျှင် ကျန်တစ်ယောက်က....

'ဟုတ်တယ်၊ ဒီကောင့်ကို ဆွဲခေါ်သွားရအောင်'



'ကြာတယ်ကွာ၊ လာစမ်း'

ထင်ကျန်ထံ ပြေးဝင်လာကြလေတော့၏။

ထင်ကျန် ခံပြင်းသွား၏။

'ကျုပ်ကို စော်ကားလို့ မရဘူးဆိုတာ မှတ်ထား'

ဟု ပြောရင်း ဆီးကြို တိုက်ခိုက်လိုက်လေ၏။

သူ၏ လျှင်မြန်သော တုန့်ပြန်မှုကြောင့်....

'ဝုန်း....'

'အား....'

ပြေးဝင်လာသူနှစ်ယောက် ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားကြရလေတော့၏။

ကျန်တစ်ယောက်မှာ အဖော်များ ခံလိုက်ရသည်ကို မြင်လျှင် ဒေါသထွက်သွားပြီး....

'သေပေတော့'

ဓားဆွဲထုတ်ကာ တိုက်ခိုက်လာလေတော့သည်။

ထင်ကျန်က....

'သိကြသေးတာပေါ့'

ကြုံးဝါးရင်း ပြန်လည်တိုက်ခိုက်လိုက်လေ၏။

သူ့အပေါ် နိုင်ထက်စီးနင်း လုပ်လာခြင်းကြောင့် ဒေါပွနေခြင်း ဖြစ်ပေတော့သည်။

အနက်ဝတ်ထားသူ ခုတ်ချလာသောဓားချက်ကို ပွတ်ကာသီကာ ရှောင်လိုက်ပြီး လက်သီးတစ်လုံး ပစ်သွင်းလိုက်လျှင်....

'ခွပ်....'

'အား....'

ထိုလူမှာ မျက်နှာနှင့်လက်သီး မိတ်ဖွဲ့မိကာ ပက်လက်လန်လဲကျသွားလေသည်။

သူ၏အဖော်နှစ်ယောက်က ကပျာကယာ ဖေးမ ပွေ့ထူလိုက်ကြလေသည်။

ထင်ကျန်က....

'သူဌေးကြီးယုံကိုပြောလိုက်၊ ငါ့ဆရာကိုယ်တိုင် ကန္တာရထဲကို လိုက်သွားပြီ၊ အာမခံပစ္စည်းတွေအတွက် ပူနေစရာမလိုဘူးလို့၊ ကဲ...မင်းတို့သွားတော့'

ဟု ငေါက်လိုက်သည်။

ထိုလူသုံးယောက်သည် ထင်ကျန်အား မယှဉ်နိုင်မှန်းသိကြလျှင် ဘုကြည့် ကြည့်လိုက်ကြပြီး ချက်ချင်း ပြေးလွှား ထွက်ခွာသွားလေတော့သည်။

ထင်ကျန် သက်ပြင်းချလိုက်ပါသည်။

အာမခံပစ္စည်းများအတွက် သူဌေးကြီးယုံ ကျိတ်မနိုင်ခဲမရဖြစ်နေကြောင်း ဆင်ခြင်မိပါသည်။

'ခုချိန်လောက်ဆို အာမခံပစ္စည်းတွေ လုယက်တိုက်ခိုက်ခံရတာကို သိနေလောက်ပြီ ဆရာပြန်ရောက်လာမှ ရှင်းရတော့မှာပဲ'

ယခုလောလောဆယ်တွင် လူဝကြီးနောက်သို့ လိုက်ဖို့အရေးကြီးပေသည်။

ထင်ကျန် လမ်းကြားထဲသို့ပြေးဝင်လိုက်သည်။ လမ်းကြားထဲ၌ လူရှင်းနေပါသည်။

လူဝကြီး၏ အရိပ်အယောင်ပင် မတွေ့ရတော့ပါ။



လူဝကြီးအား မျက်ခြည်ပြတ်သွားပြီ ဖြစ်လေသည်။

'တောက်...'

ထင်ကျန်မှာ ခံပြင်းစွာ ဘက်ခေါက်လိုက်မိ လေသည်။

......

လူဝကြီးသည် ဝေးဝေးလံလံသို့ ထွက်သွားခြင်း မဟုတ်ချေ။

လမ်းကြားအတွင်းရှိ အပေါစားအရက်ဆိုင်လေးတစ်ဆိုင်သို့ ဝင်သွားခြင်း ဖြစ်လေသည်။

နေ့လည်နေ့ခင်းအချိန်မို့ ဆိုင်ထဲ၌ လူရှင်းနေပါသည်။

ဆိုင်လုလင် တစ်ယောက်သည် စားပွဲကုလားထိုင်များကို ရေစိုအဝတ်တစ်ခုဖြင့် သုတ်နေပြီး ဆိုင်ရှင်က ဆိုင်ထောင့်တစ်နေရာ၌ ငိုက်မျဉ်းနေသည်ကို တွေ့ရ၏။

လူဝကြီးဝင်လာသည်ကိုမြင်လျှင် ဆိုင်လုလင်က....

'ထိုင်ပါခင်ဗျာ'

ချက်ချင်းကြို့ဆိုကာ နေရာထိုင်ခင်း ပေးလေသည်။

လူဝံကြီး လက်ကာပြလိုက်သည်။

'နေ....နေ....'

ဆိုင်ရှင်ထံသို့ လှမ်းသွားကာ....

'ဟော့....ခြေကျိုး ထမင်း'

ဟု နှိုးလိုက်လေ၏။

အမှန်ပင် ဆိုင်ရှင်သည် ခြေတစ်ဘက် ကျိုးနေသေ

ဒုက္ခိတတစ်ယောက် ဖြစ်လေသည်။

လူဝံကြီး၏အသံကြောင့် လန့်နိုးလာပြီး ချိုင်းထောက်

အားပြုကာ ထချပ်လာလေသည်။

လူဝံကြီးကိုမြင်လျှင်....

'ဟင်....လူဝံကြီး၊ မင်းကိုယ်တိုင် မြို့ထဲဝင်လာရသလ

ကွ၊ ဒီမှာ ဘာတွေဖြစ်နေတယ်ဆိုတာ မင်းမသိဘူးလား၊ ဒု

ရောက်တော့မှာပဲ'

ဟု အထိတ်တလန့် ပြောလေသည်။

လူဝံကြီးက....

'အေး....ကန္တာရထဲမှာလဲ ဆက်နေလို့ မဖြစ်တာနဲ့

ပြေးလာတာ'

'ဟေ....ဘာဖြစ်ကုန်ပြီလဲ၊ ပြောစမ်းပါဦး'

လူဝံကြီးက အသံတိုးတိုးဖြင့် ...

'သူဌေးကြီးယုံ့ရဲ့ ရွှေဒင်္ဂါးတွေကို ငါတို့ လုယက်ပြီ

ဒါပေမယ့် သူဌေးကြီးယုံ့ရဲ့လူတွေက ကန္တာရထဲလိုက်လာ

မြေလှန်ရှာနေတယ်'



ခြေကျိုးက....

'အေး ...သူဌေးကြီးယုံက သိုင်းလောကက ကြေးစားသိုင်း

သမား အတော်များများကို စပ်ငှားတယ်လို့ ကြားရတယ်၊

ကန္တာရကြယ်အဖွဲ့ကို အပြီးတိုင်ချေမှုန်းမယ်လို့ ကြုံးဝါးနေ

တယ်၊ အစ်ကိုကြီးကို ခြေရာဖျောက်နေဖို့ သတိပေးလိုက်ဦး'

လူဝံကြီးက

'သတိပေးဖို့ အသာထား၊ အစ်ကိုကြီးတို့ အားလုံးမကြာ

ခင် အသတ်ခံရတော့မှာ၊ ဒါကြောင့်ငါ့ကို လွှတ်လိုက်တာ'

ခြေကျိုး မျက်နှာ ပျက်သွားသည်။

'ဘယ်လို ဖြစ်တာလဲ၊ ပြောစမ်းပါဦးကွာ'

ဟု မေးလေသည်။

လူဝံကြီးက....

'ရွှေဒင်္ဂါးတွေ လုယူလိုက်တဲ့ ကိစ္စနဲ့ပတ်သက်ပြီး အပြင်း

အထန် ချေမှုန်းခံရမယ်ဆိုတာ အစ်ကိုကြီး သိနေတယ်၊ ဒါ

ကြောင့် ငါ့ကိုတိမ်းရှောင်နေဖို့ အမိန့်ပေးလိုက်တယ်'

'ဟာ....ဒါဆို အစ်ကိုကြီးတို့ကကော'

လူဝံကြီးက ...

'အစ်ကိုကြီး အကြောင်း မင်းလဲသိသားပဲ၊ သူ ၂ အညံ့

မှာမဟုတ်ဘူး၊ သူသေကိုယ်သေ ရင်ဆိုင်မှာပဲ'

'ဒုက္ခတော့ များကုန်ပါပြီကွာ'

ခြေကျိုး ညည်းညူလိုက်သည်။

လူဝ ကြီးက ဆက်ပြောသည်။

'တကယ်လို့ ရစ်ဆိုင်တိုက်ပွဲဖြစ်ပြီး တို့ဘက် အရေးနိ သွားခဲ့ရင် မြွေဒင်္ဂါးတွေ ပြန်ပါသွားမှာမို့ လက်လွှတ်မ နိုင်တာနဲ့ ငါ့ကို ရှောင်တိမ်းခိုင်းလိုက်တာ၊ ငါက ဇာတ်မြု နေရမယ်၊ အားလုံး အေးအေးချမ်းချမ်း ဖြစ်သွားတော့ မြွေဒင်္ဂါးတွေကို တူးဖော်ယူပြီး အများအကျိုး ဆောင်ရွက် မယ်၊ ကန္တာရကြယ်အဖွဲ့ကို ပြန်ပြီး အသက်သွင်းရမယ်လို့ တာဝန်ပေးလိုက်တယ်'

ခြေကျိုး၏ မျက်ဝန်းအစုံတွင် မျက်ရည်များ ရစ်ဝဲလ လေတော့သည်။

သူဌေးကြီးယုံက ကန္တာရကြယ် အဖွဲ့အား ပြုတ်ပြုတ်သ သား ချေမှုန်းရန် ပြင်ဆင်နေကြောင်း ကြားသိထားရ ဝ ကြီး၏ စကားကြောင့် အများအကျိုး ဆောင်ရွက်နေသ ကန္တာရကြယ်အဖွဲ့သည် မကြာမီ လောကပေါ်မှ ကွယ်ပျော သွားတော့မည်ဟု ထင်မှတ်ယူကြည် လာလေ၏။

လူဝ ကြီးက....

'မင်းက ငါ့အတွက် လုံခြုံစိတ်ချရတဲ့ နေရာတစ်ခု စီစ ပေးဖို့ အစ်ကိုကြီးက မှာလိုက်တယ်'

ဟု ပြောလေသည်။

ခြေကျိုး ခေါင်းညိတ်လိုက်သည်။

'စိတ်ချ ဒီအတွက်တော့မပူနဲ့၊ မြို့စွန်မှာ ဘုန်းကျောင်းတစ် ရှိတယ်၊ အဲဒီဘုန်းကျောင်းမှာ ခိုလှုံနေလို့ ရတယ်၊ ကျ စီစဉ်ပေးမယ်'



လူဝ ကြီး ဝမ်းသာသွားလေ၏။

'ဒါဖြင့် အမြန်ဆုံးသာ အကောင်အထည် ဖော်ပေတော့'

'ကောင်းပြီ'

ခြေကျိုးသည် ဆိုင်လုလင်အား လှမ်းခေါ်ရန် ဟန်ပြင် လိုက်သည်။

လူဝ ကြီးက....

'နေဦး ငါပြောစရာ ရှိသေးတယ်'

'ဘာများလဲ'

'ငါပြောတဲ့ ကိစ္စကို အစ်ကိုကြီးနဲ့ငါ နှစ်ယောက်တည်းပဲ သိကြတာ၊ အဖွဲ့သားတွေကိုတောင် မပြောဘဲ လျှို့ဝှက်ထား တယ်ကွ'

ခြေကျိုး ခေါင်းညိတ်လိုက်၏။

လူဝ ကြီးက ဆက်ပြောလေသည်။

'ငါ့ကို ရှောင်တိမ်းခိုင်း လိုက်တာရယ်၊ သူဌေးကြီးယုံက ချေမှုန်းလာရင် ငါတို့အဖွဲ့ ပျက်စီးသွားမယ်လို့ ကြိုတင်တွက် ဆထားတာ ရယ်ကိုသာ အဖွဲ့သားတွေ သိသွားရင် စိတ်ဓာတ် ကျကုန်မှာစိုးလို့ အစ်ကိုကြီးက လျှို့ဝှက်ထားတာ'

'ဒါမှန်ဘာပေါ့'

ခြေကျိုးက ထောက်ခံလိုက်သည်။

လူဝ ကြီးက....

'ဒီတော့ မင်းရယ်ငါရယ် အစ်ကိုကြီးရယ် သုံးယောက်က လွဲပြီး ဘယ်သူ့ကိုမှ မသိစေနဲ့၊ အသိလဲမပေးနဲ့ လျှို့ဝှက်ထား ရမယ် ဟုတ်ပြီးလား'

ခြေကျိုးက....

'စိတ်ချ....ငါသေရမယ် ဆိုရင်တောင် ဒီလျှို့ဝှက်ချက်ကို ထုတ်မပြောဘူး'

'အေး....အစ်ကိုကြီးက မင်းကိုစိတ်ချလို့ ငါ့ကို လွှတ်လိုက်တာပဲ'

ခြေကျိုး ကျေနပ်သွားလေသည်။

'မပူပါနဲ့ဗျာ၊ မင်းဇာတ်မြှုပ်နေတာ ဘယ်သူမှ မသိစေရပါဘူး၊ ကဲ ဒီမှာစောင့်နေဦး၊ ငါသွားပြီး စီစဉ်လိုက်ဦးမယ်'

'ကောင်းပြီ'

ခြေကျိုးသည် ချိုင်းထောက်ကို အားပြုကာဆိုင်ထဲမှ လျင်မြန်စွာထွက်သွား၏။

လူဝကြီးက စားပွဲတစ်လုံး၌နေရာယူလိုက်ပြီး....

'ငါ့အတွက် အရက်တစ်အိုးပေးဟေ့'

ဟု လှမ်းမှာလိုက်၏။

'ကောင်းပါပြီခင်ဗျာ'

ဆိုင်လုလင်က ချက်ချင်းပင် အရက်တစ်အိုးယူကာ ပေးလေသည်။

လူဝကြီးက ဆိုင်လုလင်အား ပြုံးပြလိုက်ပြီး....

'မင်း ဒီဆိုင်မှာ အလုပ်လုပ်နေတာ အတော် ကြာပြီလား'

ဟု မေးလိုက်၏။

ဆိုင်လုလင်က....



'ခြောက်လလောက်ရှိပါပြီခင်ဗျာ'

'အေး....မင်းအလုပ်လုပ်ရတာ အဆင်ပြေရဲ့လား'

'ဟုတ်ကဲ့၊ ပြေပါတယ်ခင်ဗျာ'

'ကောင်းတယ်၊ ကောင်းတယ်၊ ခြေကျိုးက သဘောကောင်းပါတယ်၊ ဒါထက် မင်းဘယ်မှာနေတာလဲ'

ဆိုင်လုလင်က....

'ဈေးရှေ့မှာပါ၊ ကျွန်တော့်အမေက မုံ့ပြားရောင်းပါတယ်'

'မင်းနာမည်ကကော'

'ခွေးလေးလို့ ခေါ်ပါတယ်'

'အေး၊ အလုပ်ကောင်းကောင်းလုပ်၊ မင်းကိုလစာတိုးပေးဖို့ ခြေကျိုးကို ငါပြောပေးမယ်၊ ဟုတ်လား'

'ဟာ....ကျေးဇူးပါပဲခင်ဗျာ'

ဆိုင်လုလင် ခွေးလေး ဝမ်းသာအားရ ဖြစ်သွားလေသည်။

လူဝကြီးသည် ခွေးလေးကိုကြည့်ကာ ပြုံးနေ၏။

သူ၏အပြုံးသည် အလွန်လျှို့ဝှက်သောအပြုံးဖြစ်ပါသည်။

ခွေးလေး သိနိုင်မည် မဟုတ်ပါ။

လူဝကြီးသည် ကန္တာရကြယ်အဖွဲ့မှ သံမဏိခေါင်းဆောင်တစ်ယောက်ဖြစ်၏။

သို့သော်....

ရွှေဒင်္ဂါးတစ်သိန်းဖိုး၏ ဆွဲဆောင်ဖြားယောင်းမှု ခံရလေသောအခါ....

ကိုယ်ကျိုးစွန့်ကာ အများအကျိုး ဆောင်ရွက်နေသည့် ကန္တာရကြယ်အဖွဲ့တွင် အတ္တစိတ်ကို ရှေ့တန်းတင်သူ ပေါ်ထွက်လာလေသောအခါ....

ကန္တာရနယ်မြေတွင် မကြာမီ ဝမ်းနည်းဖွယ်ရာ အဖြစ်အပျက်များ ဖြစ်ပေါ်လာတော့မည်ဆိုသည်ကို မည်သူသိနိုင်ပါအံ့နည်း။

....၁....

## အာဃာတ

ညပြည့်လေညင်း ဝေ့ယမ်းတိုက်ခတ်လာ၏။

ရေဘ်ရွက်ဝါများ တဖြုတ်ဖြုတ်ကြွေကျလာ၏။

မြားဝိဇ္ဇာထင်ကျန်သည် သစ်ပင်ကြီးများ အစီအရီပေါက်ရောက်နေသဖြင့် အရိပ်ကျကာ အေးမြနေသော မြေနီလမ်းလေးအတိုင်း လျှောက်လာခဲ့၏။

ထိုမြေနီလမ်းလေးသည် ထင်ကျန်အတွက် မစိမ်းပါ။ လမ်းဘေး၌ သစ်ပင်ကြီး ဘယ်နှစ်ပင် ရှိသည်၊ လမ်းအရှည်မှာ ခြေလှမ်း ဘယ်နှစ်လှမ်းစာမျှ ရှိသည်ကိုပင် ပြောနိုင်လောက်အောင် ရင်းနှီးကျွမ်းဝင်ထားသော လမ်းတစ်ခု ဖြစ်ပါသည်။

အကြောင်းမှာ....

ရွှေတာရိုဂံအာမခံဌာနသို့အမှုထမ်းခဲ့သည့်အချိန်မှစ၍ နေ့စဉ်ဤလမ်းကလေးမှဖြတ်သန်းကာ သွားလာခဲ့ရသည် မဟုတ်ပါလား။

ဆယ့်နှစ်နှစ်တာ ကာလအတွင်း အကြိမ်ပေါင်း ထောင်သောင်းမက ဖြတ်သန်းသွားလာခဲ့ဖူးပြီဖြစ်၏။

လမ်းကလေးအဆုံးတွင် ရွှေတာရိုဂံအာမခံဌာနတည်ရှိပေတော့၏။ ထင်ကျော်သည် ရှေ့သို့ ခပ်သုတ်သုတ်လှမ်းသွားလိုက်၏။

မကြာပါချေ....

သစ်ပင်များ အုံ့အုံ့ဆိုင်းဆိုင်းရှိနေသော ခြံဝင်းတစ်ခုကိုတွေ့မြင်လိုက်ရလေသည်။

ခါတိုင်းဆိုလျှင် အာမခံပစ္စည်း ပို့ဆောင်ပေးပြီး ရွှေဘရိုဂံအာမခံဌာနသို့ ပြန်ရောက်လာသောအခါ ဝမ်းသာပျော်ရွှင်ခဲ့ရလေ့ရှိပါသည်။

ယခုမူ....

ထင်ကျော်ရင်ထဲ ဆို့နင့်လာသည်။

ရှုံးနိမ့်ခြင်းဖြင့် ပြန်လာသူတစ်ယောက်အဖို့ မည်သို့ ဝမ်းသာ ပျော်ရွှင်နိုင်ပါအံ့နည်း။

ထင်ကျော်၏ခြေလှမ်းများ နှေးကွေး လေးလံသွားလေတော့သည်။ ရွှေတာရိုဂံအာမခံဌာနတွင် အဖွဲ့သားများအားမှီခိုနေရသည့် မိသားစုများ ရှိနေကြပါသည်။



အာမခံဌာနပိုင် ခြံဝင်းအတွင်း စုရုံးနေထိုင်ကြခြင်း ဖြစ်သည်။

မိဘ၊ ဇနီး သားအမိများသည် ခရီးထွက်သွားသူများကိုစောင့်မျှော်နေကြပေလိမ့်မည်။

အာမခံအဖွဲ့သားများမှာကား ကန္တာရထဲ သေဆုံးကုန်ကြပြီဖြစ်ရာ မည်သို့မျှ ပြန်လာနိုင်တော့မည် မဟုတ်ပါချေ။

'ငါ့ကို ဝိုင်းပြီးမေးကြရင် ငါဘယ်လိုဖြေရပါ့မလဲ'

ထင်ကျော်ခေါင်းထဲ မူးနောက်ရီဝေလာသည်။

မသွားချင်ပါဘဲ လှမ်းသွားနေမိသော ခြေလှမ်းများကြောင့် အာမခံဌာနတည်ရှိရာ ခြံဝင်းအနီးသို့ ရောက်ရှိသွားလေသည်။

ရယ်မောသံ စကားပြောသံများဖြင့် အစဉ်စိုပြေနေသောခြံဝင်းကြီးသည် တိတ်တိတ်ဆိတ်ဆိတ် ရှိနေပါသည်။

'ဘယ်လိုဖြစ်တာပါလိမ့်'

ဟိုဟိုသည်သည်ကြည့်လိုက်ပါသော်လည်း လူရိပ်လူယောင်မတွေ့ရပါ။ ထင်ကျော် ခြံဝင်းထဲဝင်လာမိသည်။

တိတ်ဆိတ်ခြင်း မင်းမူနေသည့်အပြင် လူသူမတွေ့ရခြင်းကပို၍ အံ့သြစရာဖြစ်နေသည်။

ရွှေတာရိုဂံအာမခံဌာန အဆောက်အအုံရှေ့သို့ ရောက်သည့်တိုင် မည်သူ့ကိုမျှ မတွေ့ရပါ။

ထင်ကျော် နားမလည်နိုင်အောင် ဖြစ်နေ ချိန်မှာပင်အဆောက်အအုံတံခါးကြီး ပိတ်ထားပြီး တံခါးပေါ်၌ စာရွက်တစ်ရွက် ကပ်ထားသည်ကို တွေ့လိုက်ရလေသည်။

ထင်ကျန်ရင်ထဲ လှုပ်ရှားသွားး၏။

ချက်ချင်း ချဉ်းကပ်သွားပြီး ဖတ်ကြည့်လိုက်လေသည်။

အမိန့်ကြော်ငြာတစ်ခု ဖြစ်ပါသည်။

အမိန့်....

ရွှေတရိဂံ အာမခံဌာနသည် သူဌေးမင်းယုံ၏ ရွှေဒင်္ဂါးတစ်သိန်းဖိုး အာမခံပစ္စည်းများကို တာဝန်ယူ ပို့ဆောင်ရာတွင် ဆုံးရှုံးမှုဖြစ်ပွားခဲ့၍ တန်ဖိုး ပြန်လည် ပေးလျော်ရမည်။

ရွှေဒင်္ဂါးတစ်သိန်းဖိုး ပြန်လည် ပေးလျော်ခြင်း မပြုမချင်း ရွှေတရိဂံ အာမခံဌာန ပိုင်ဆိုင်သည့် အရပ် ရပ်သော ပစ္စည်းဥစ္စာများကို သူဌေးကြီးယုံက အာမခံ အနေဖြင့် သိမ်းပိုက်ရယူထားစေရမည်။

ပုံ
မြို့ဝန်

ဟု ရေးသားထားသော အမိန့်ကြော်ငြာ ဖြစ်ပါသည်။

မြို့ဝန်သည် အကျင့်ပျက်သူတစ်ယောက် ဖြစ်ပါသည်။

နေပြည်တော်နှင့် အလှမ်းကွာဝေးပြီး တရားဥပဒေ အာဏာစက် လက်လှမ်းမမီသော အရပ်ဖြစ်၍လည်း မြို့ဝန်သည် သူဌေးကြီးယုံနှင့် ပေါင်းကာ ထင်ရာစိုင်းနေသူဖြစ်သည်။

ယခု....

ရွှေတရိဂံ အာမခံဌာန ပိုင်ဆိုင်သော ဥစ္စာပစ္စည်း အရပ် ရပ်ကို မြို့ဝန်အမိန့်ဖြင့် သူဌေးကြီးယုံက သိမ်းဆည်းထား လိုက်ပြီတကား....



ခြံ ဝင်းအတွင်း မှီခိုနေထိုင်ကြသူများကိုလည်း မောင်း ထုတ်လိုက်ပြီ ဖြစ်ကြောင်း သဘော ပေါက်သွားလေသည်။

'တောက်....'

ထင်ကျန် ခံပြင်းစွာ တက်ခေါက်လိုက်မိပါသည်။

အာမခံဌာနပိုင်ရှင် ယန်ထင်သည် အာမခံပစ္စည်းများ ပြန်ရဖို့ သဲကြီးမဲကြီး ကြိုးစားနေပါသေးသည်။

သူဌေးကြီး ယုံအနေနှင့် အလေသုံးဆယ် သိမ်းပိုက်ဖို့ မကောင်းသေးပေ။

'ငါသွားပြီး စာရင်းရှင်းမယ်'

ထင်ကျန်သည် ချာခနဲလှည့်ကာ ထွက်လာခဲ့သည်။

သူ၏ခြေလှမ်းကျဲကြီးများသည်သူဌေးကြီးယုံ၏စံအိမ်ဆီသို့ ဦးတည်နေလေတော့သည်။

....၀....

ရုန်း ၂၁၃၄၄

လင်းယုန်စံအိမ်....

လင်းယုန်စံအိမ်သည် သူဌေးကြီးယု ၏ စံအိမ်ကြီး ဖြစ်ပါသည်။

ထင်ကျန်သည် လင်းယုန်စံအိမ်ရှေ့သို့ ရောက်လာပြီဖြစ်လေသည်။ ထံခါးအဝတွင် စောင့်ကြပ်နေသည့် အစောင့်နှစ်ယောက်က....

'ရပ်လိုက်'

ဟန့်တားရင်း လှံရှည်များကို ကြက်ခြေခတ်သဏ္ဍာန်ယှက်ကာ လမ်းပိတ်ထားလိုက်ကြလေ၏။

ထင်ကျန်က....

'ဟေ့....မင်းတို့သခင်ကိုသွားပြောလိုက်၊ ရွှေတာရိဂ အာမဏ္ဍာနက ထင်ကျန် ရောက်လာတယ်လို့'

ဟု အော်ပြောလိုက်သည်။

အစောင့်တစ်ယောက်က....

'အာမခံပစ္စည်းတွေ လာပို့တာလား၊ အာမခံပစ္စည်းမပါရင် မလာနဲ့ ထွက်သွား'

ဟု ငေါက်လိုက်သည်။

ထင်ကျန် ခံပြင်းသွားလေတော့သည်။

'မင်းတို့ကများ ငါ့ကို မောင်းထုတ်ရဲသလား'

ချက်ချင်းပင် ရှေ့တိုးသွားပြီး အစောင့် နှစ်ယောက်၏ လက်ထဲမှဓားကို လုယူကာ ချိုးပစ်လိုက်လေ၏။

'ဖျောင်း....ဖျောင်း'



လှံများအချိုးခံလိုက်ရခြင်းကြောင့် အစောင့်နှစ်ယောက် ထိတ်လန့်ကာ နောက်ဆုတ်သွားကြလေသည်။

ထင်ကျန်က....

'မင်းတို့သခင်နဲ့ စာရင်းရှင်းစရာရှိတယ်'

ဟု ပြောကာ အတွင်းသို့ ဝင်သွား၏။

အစောင့်များ မတားရဲကြတော့ပေ။

ထင်ကျန် အတွင်းဘက် ရောက်သွားသောအခါ အနက်ရောင်ဝတ်ထားသူ သုံးယောက် အသင့်စောင့်ကြိုနေကြသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူသုံးယောက်သည် မြို့လယ်တွင် သူ့အား အတင်းအကြပ် လာရောက် ခေါ်ဆောင်သူများ ဖြစ်ကြကြောင်း ထင်ကျန် မှတ်မိလိုက်သည်။

ထိုလူသုံးယောက်သည် ထင်ကျန်ကိုမြင်လျှင်....

'မင်း မနေနိုင်တော့ဘူး မဟုတ်လား'

'နောက်ဆုံးတော့ ဒီကိုလိုက်လာရတာပဲ မဟုတ်လား'

'ဟား....ဟား....ဟား'

တစ်ယောက်တစ်ပေါက် ပြောရင်း လှောင်ပြောင် ရယ်မောလိုက်ကြလေ၏။

ထင်ကျန်က....

'သူဌေးကြီးယုံနဲ့ တွေ့ချင်တယ်'

ဟု ခပ်တည်တည်ပြောလိုက်သည်။

အနက်ရောင် ဝတ်ထားသူ ကိုးယောက်အနက် တစ်ယောက်က....

'တွေ့ချင်တယ်ဆိုရင် ငါတို့ကို ကျော်ဖြတ်နိုင်အောင်ကြိုး စားပေါ့'

ဟု ပြောလေသည်။

ထင်ကျန် နှာခေါင်းရှုံ့လိုက်၏။

'ခင်ဗျားတို့ အမှတ်မရှိကြပဲကိုး၊ ကောင်းပြီ၊ ကျုပ်ကို တားနိုင်ရင်တားပေတော့'

ဟု ပြောကာ စတင်တိုက်ခိုက်လိုက်လေသည်။

သူဌေးကြီးယံ့အား ခံပြင်း ဒေါသထွက်နေသည် ဖြစ်ရာ ထင်ကျန်၏တိုက်ခိုက်မှုသည် ပြင်းထန်နေပေတော့၏။

အနက်ရောင် ဝတ်ဆင်ထားသူများကလည်း သုံးယောက် ပေါင်းကာ ပြန်လည်ခုခံတိုက်ခိုက်ကြလေသည်။

သို့တိုင်....

'ဝုန်း....'

'အား....'

'အမယ်လေး....'

ထင်ကျန်၏ ပြင်းထန်သောတိုက်ခိုက်မှုကို မခံနိုင်တော့ဘဲ ဖရိုဖရဲ လွင့်စဉ်သွားကြလေသည်။

ထင်ကျန်က ဆက်၍ တိုက်ခိုက်ခြင်းမပြုတော့ဘဲ ရပ်တန့် လိုက်လေသည်။

အနက်ရောင်ဝတ်ဆင်ထားသူ သုံးယောက်ကို ဝေ့ကြည့် လိုက်ပြီး....

'ကဲ...ခင်ဗျားတို့ ဟန့်တားချင်သေးသလား'

ဟု မေးလိုက်လေသည်။



အနက်ရောင်ဝတ်ဆင်ထားသူသုံးယောက်က ဓားကိုယ်စီ ဆွဲထုတ်လိုက်ကြလေသည်။

ထိုစဉ် ...

'အသုံးမကျတဲ့ကောင်တွေ၊ သူ့ကို လွှတ်လိုက်ကြစမ်း'

အတွင်းဘက် အခန်းမှ ကျယ်လောင်စွာသော စကားသံ ထွက်ပေါ်လာလေသည်။

အနက်ရောင်ဝတ်ဆင်ထားသူသုံးယောက်မှာ မျက်နှာပျက် သွားကြပြီး ကပျာကယာ နောက်ဆုတ်လိုက်ကြသည်။

ထိုအခါ အတွင်းဘက်သို့ဝင်ရန် တံခါးပေါက် တစ်ခုနှင့် စင်္ကြံလမ်းကို တွေ့မြင်လိုက်ရသည်။

ထင်ကျန်သည် ရှည်ရှည်ဝေးဝေးစဉ်းစားမနေဘဲ စင်္ကြံလမ်း ဆီသို့ လှမ်းသွားလိုက်၏။

အနက်ရောင် ဝတ်ထားသူ သုံးယောက်က ဟန့်တားခြင်း မပြုကြပါတော့ချေ။

သူတို့၏မျက်နှာကြီးများ သုန်မှုန်နေကြပြီး ထင်ကျန်ကို မကျေမနပ်ကြည့်နေကြ၏။

ထင်ကျန်က လုံးဝ ဂရုမစိုက်တော့ပေ။

တံခါးပေါက်ကိုဖြတ်ကာ စင်္ကြံလမ်းသို့ ရောက်သွားလျှင် လူသန်ကြီး တစ်ယောက် ရှိနေသည်ကို တွေ့မြင် လိုက်ရလေ သည်။

ထိုလူသန်ကြီးသည် စင်္ကြံလမ်းတွင် ခြေနှစ်ဘက်ခွဲကာ လမ်း ပိတ်ရပ်ထားပါသည်။

ထင်ကျန် မဲ့ပြုံးပြုံးလိုက်သည်။

လူသန်ကြီးအနီးသို့ ချဉ်းကပ်သွားပြီး....

'ယား....'

ပြာသံပေးကာ စတင်တိုက်ခိုက်လိုက်သည်။

လမ်းပိတ်ထားမှန်း သိနေပြီဖြစ်ရာ ပြောစရာမလိုတေ့ ပေ။

တိုက်ခိုက်ပြီး လမ်းရှင်းပစ်ရမည်ဟု ထင်ကျန်နားလည်ထား လေသည်။

လူသန်ကြီးကလည်း ပြန်လည်တိုက်ခိုက်လိုက်လေသည်။

သူတို့၏ လက်ဝါးချင်းဆုံးမိသည်နှင့်....

'ဂုန်း....'

ကျယ်လောင်သောအသံ ထွက်ပေါ်လာလေသည်။

လူသန်ကြီး၏ခန္ဓာကိုယ်ဆတ်ခနဲတုန်ခါသွားပြီး နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်ရလေသည်။

ထင်ကျန်က ထပ်မံတိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

သို့သော်....

လူသန်ကြီးသည် ရန်လိုသည့်အသွင် မရှိဘဲ လက်ကာ လိုက်ပြီး....

'ဝင်သွားပါ'

ထင်ကျန် ရှေ့ဆက်သွားနိုင်ရန် လမ်းဖွင့် ပေးလိုက်လေ သည်။

ထင်ကျန်က ခပ်တည်တည်ပင် ရှေ့ဆက်လှမ်းသွားလို သည်။



စကြံလမ်းကို ကျော်ဖြတ်ပြီးသည်နှင့် ကျယ်ဝန်းသော အဆောင်တစ်ခုအတွင်းသို့ ရောက်ရှိသွားလေသည်။

အဆောင်ထဲ၌ လူတစ်စုရှိနေသည်ကို တွေ့မြင်ရပါသည်။

ရွှေပိန်းချ ကုလားထိုင်ကြီးပေါ်တွင် အပြာရောင် ပိုးဖဲ အဝတ်အစားများ ဝတ်ဆင်ထားသည့် သူဌေးကြီး ယုံ က အခန့်သား ထိုင်နေသည်။

သူ၏ ဝဲယာဘက်တစ်ချက်တွင် မျောက်မျက်နှာနှင့်တူ သည့် မျက်နှာသွင်ပြင်ရှိသူနှစ်ယောက် ရပ်နေကြ၏။

ထိုလူနှစ်ယောက်မှာ ပုပုကွကွ ရုပ်ဆိုးဆိုးနှင့် တကယ့် မျောက်ဝံကြီးများနှင့် တူလှပေသည်။

ထိုလူနှစ်ယောက်မှာ မျောက်ဆိုးညီနောင်ဟု လူသိများ သော သူဌေးကြီးယုံ၏ သက်တော်စောင့်နှစ်ယောက် ဖြစ်လေ သည်။

သူဌေးကြီးယုံ၏ဝဲဘက်တွင် လူတစ်စု ရပ်နေကြလေသည်။ အရောင်အသွေး စုံလင်စွာ ဝတ်ဆင်ထားကြပြီး လက်နက် ကိုယ်စီဆောင်ထားကြရာ သိုင်းသမားများဖြစ်ကြောင်း ထင် ရှားပေါ်လွင်နေပါသည်။

စုစုပေါင်း နှစ်ဆယ်ခန့်ရှိသည်။

သူဌေးကြီးယုံ၏ ဖိတ်ခေါ်ထားသော ကြေးစား သိုင်း သမားများဖြစ်ကြောင်း ထင်ကျန် ရိပ်မိလိုက်၏။

သူဌေးကြီးယုံသည် ထင်ကျန်ကိုမြင်လျှင် သဘောကျစွာ ပြုံးလိုက်ပြီး....

'ကန္တာရထဲက မင်းပြန်ရောက်လာကတည်းက ငါ့ဆီကို လာဖို့ကောင်းတယ်၊ ငါက လူလွှတ်ခိုင်းလိုက်တော့လဲ မင်း မလိုက်ဘူး၊ ခုတော့ ဘယ်လိုဖြစ်ပြီးလာရတာလဲ ပြောစမ်းပါဦး'

ဟု မေး၏။

ထင်ကျန်က....

'ကျုပ်တို့အားမခံဌာန အဆောက်အအုံကို သိမ်းပိုက်လိုက်တဲ့ ကိစ္စကြောင့်ပဲ'

လိုရင်းကို ပြောချလိုက်၏။

'ဟား....ဟား....ဟား'

သူဌေးကြီးယုံ သဘောကျစွာ ရယ်မောလိုက်၏။

'အားမခံဌာနကိစ္စကိုး၊ မင်းတို့ကြောင့် ငါ့ရဲ့ရွှေဒင်္ဂါးတွေ ဆုံးရှုံးသွားရတာကော မင်းဘာပြောမလဲ'

'ကျုပ်ဆရာ ကိုယ်တိုင်လိုက်သွားပြီဗျ၊ မကြာခင် ခင်ဗျားရဲ့ ပစ္စည်းတွေ ပြန်ရမှာပဲ'

'မင်းအာခံနိုင်သလား'

ထင်ကျန် ရင်ကော့လိုက်၏။

'ကျုပ်ဆရာလိုက်သွားပြီ၊ ပြန်မရစရာ အကြောင်းမရှိဘူး'

'ဟား ...ဟား....ဟား'

သူဌေးကြီးယုံ ရယ်မောလိုက်ပြန်သည်။

ထင်ကျန်က....

'ကျုပ်စကား ရယ်စရာမဟုတ်ပါဘူးဗျ'



'မင်း သေချာရဲ့လားကွာ၊ ကျုပ်အတွက်ရယ်စရာကောင်း နေတာအမှန်ပဲကွ'

'ဘာဗျ'

'မင်းမယုံဘူးလား'

သူဌေးကြီးယုံ လက်ဝေ့ယမ်းပြလိုက်၏။

ထိုအခါ လူတစ်ယောက်က အထုပ်ကလေး တစ်ထုပ်ကို ဆွဲကာ ရှေ့သို့ထွက်လာ၏။

သူဌေးကြီးယုံက....

'ကဲ...အထုပ်ထဲမှာ ဘာတွေပါသလဲဆိုတာ သူ့ကိုပြလိုက်စမ်းပါ'

ဟု ပြောလိုက်၏။

ထိုလူက....

'ရော့....ကြည့်စေတော့'

အထုပ်ကို ဖြေပြလိုက်၏။

'ခြင်....ချလွင်....'

သွေးညှီသံများနှင့်အတူ လက်နက်အချို့ ထွက်ပေါ်လာသည်။

သံမဏိပန်းပွင့်သဏ္ဌာန် လက်နက်ပုန်းများ၊ သံမဏိဖြင့် ပြုလုပ်ထားသည့် သက်တန့်ငှက် လက်ဝါးခပ်ကွေးကွေးသဏ္ဌာန် ရှိ ဓားတစ်လက်။

ထိုလက်နက်များကိုမြင်လျှင် ထင်ကျန်ပါးစပ်အဟောင်းသား ဖြစ်သွားပါတော့သည်။

သူဌေးကြီးယုံက....

'လက်နက်တွေမှာ သွေးစွန်းနေတာ မင်းတွေ့ဖူးသလား'

ဟု မေး၏။

ထင်ကျန် ဘာမျှမပြောနိုင်ပေ။

တွေ့မြင်နေရသော လက်နက်ပုန်းများတွင် သွေးများစွန်းထင်းပေကျံနေသည်မှာ အမှန်ပင်။

သူဌေးကြီးယုံက....

'သိုင်းလောက သားတွေဟာ ကိုယ့်ရဲ့လက်နက်ကို အင်မတန် မြတ်နိုးကြတယ်၊ အသက်နဲ့ထပ်တူ တန်ဖိုးထားတတ်ကြတယ်၊ လက်နက်ရှိရင် လူရှိမယ်၊ လက်နက်မရှိရင် လူသေမယ်လို့ ခံယူထားကြတယ်၊ ကျုပ်ပြောတာ မှန်ရဲ့လား'

ဟု မေးလိုက်သည်။

ထင်ကျန် မျက်နှာ ပျက်နေပါသည်။

သူ တွေ့မြင်နေရသော လက်နက်များသည် စွာကျော့၊ သံမဂိလာကသည်း စွန်ထုံနှင့် ယန်ထင်တို့၏ လက်နက်များ ဖြစ်နေသည် မဟုတ်ပါလား။

ယန်ထင်တို့သည် အာမခံပစ္စည်းများ နောက်သို့ သဲကြီးမဲကြီး လိုက်နေကြသူများ ဖြစ်သည်။

ယခု....

သူတို့ ကိုယ်နှင့်မကွာ ကိုင်ဆောင်ကြသော လက်နက်များသည် သူဌေးကြီးယုံထံတွင် ရောက်ရှိနေပြီဖြစ်သည်။

ယန်ထင်ထံတို့ ကံကြမ္မာ မည်သို့ရှိမည်နည်း။



ထင်ကျန်၏ ခန္ဓာကိုယ် တဆတ်ဆတ် တုန်ယင်လာလေတော့သည်။

သူဌေးကြီးယုံက....

'စာကို ဖတ်ကြည့်ပါဦး'

ဟု ပြောကာ ခေါင်းညိတ်ပြလိုက်လျှင် လက်နက်များ လာရောက်ပြသူက စာတစ်စောင်ထုတ်ကာ ထင်ကျန်ကို ပေးလေသည်။

ထင်ကျန်ယူကာ ဖတ်ကြည့်လိုက်၏။

စာထဲတွင်....

'ရွှေဒင်္ဂါးတွေကို လိုချင်ရင် ကိုယ်တိုင်လာခဲ့ပါ'

ကန္တာရကြယ်

ဟု ရေးသားထားသည်ကို တွေ့ရလေသည်။

ကန္တာရကြယ်နောက်သို့ လိုက်နေသည့် ယန်ထင်တို့ အခြေအနေ ဆိုးသွားပြီ တကား...

ကန္တာရကြယ်သည် သူဌေးကြီးယုံကိုပင် စိန်ခေါ်နေပြီ ဖြစ်ပါသည်။

သူဌေးကြီးယုံက....

'မင်းရဲ့ ဆရာက ငါ့ရဲ့ အာမခံပစ္စည်းတွေကို ပြန်ရှာပေးဦးမှာလား၊ ငါကမင်းဖို့ အာမခံဌာနကို သိမ်းလိုက်တာ အပြစ် ပြောချင်သေးသလား'

ဟု မေးလေသည်။

ထင်ကျန် ဘာမှ မပြောနိုင်တော့ပါ။

ယန်ထင်၏ ကံကြမ္မာကို သိလိုက်ရပြီးသည့်နောက် မည်သို့မျှ အာမခံချက် မပေးနိုင်တော့ပေ။

အာမခံပစ္စည်းများသည် အမှန်တကယ် ဆုံးရှုံးသွားပြီ ဖြစ်ပါသည်။

ထင်ကျန် အံတင်းတင်းကြိတ်လိုက်သည်။

'ကျုပ်က ခင်ဗျားပစ္စည်းတွေကို ပြန်ယူပေးမယ် ဆိုရင်ကော'

ဟု မေးလိုက်သည်။

ယန်ထင် စွန်ထုံနှင့် စွာကျင့်တို့ပင် မတတ်နိုင်သည့် ကိစ္စကို ထင်ကျန်က ဆောင်ရွက်မည်ဆိုသည်မှာ ရယ်စရာကောင်းသော ကိစ္စဖြစ်ပေသည်။

သို့သော်....

ယခုတစ်ကြိမ်တွင် သူဌေးကြီးယုံက ရယ်မောခြင်းမပြုချေ။

'မင်း....တကယ်ကြိုးစားမှာလား'

ဟု မေးလေသည်။

ထင်ကျန်က....

'ကျုပ် အသက်ရှင်နေသေးသရွေ့ ပေါ့ဗျာ'

'ကြိုက်သွားပြီဟေ့၊ ငါက ဒီလိုသတ္တိမျိုးမှ သဘောကျတာ၊ မင်းကိုယ်ဘိုင် ကြိုးစားစရာမလိုပါဘူး၊ ငါ့လူတွေကို သာ လမ်းပြပေးပါ၊ ငါ့ရဲ့ပစ္စည်းတွေကို ပြန်ရတာရဲ့ မင်းတို့ အာမခံငွေနကို ပြန်ပေးပါ့မယ်'

ထင်ကျန် လှုပ်လှုပ်ရွှားရွှား ဖြစ်သွားသည်။



'ခင်... ခင်ဗျား တကယ်ပြောတာလား'

'တကယ်ပေါ့၊ ငါ့လူတွေက ကန္တာရခရီးကို တစ်ခါမှ သွားဖူးကြတာ မဟုတ်ဘူး၊ မင်း လမ်းပြပေးမယ်ဆိုရင် ကန္တာရကြယ်ကို ဆုံးမနိုင်မှာပဲ'

ထင်ကျန် သဘောတူလိုက်သည်။

'ကျုပ် လမ်းပြပေးမယ်'

သူဌေးကြီး ယုံ ကျေနပ်သွားလေသည်။

'ကန္တာရကြယ်ဟာ ငါ့ကိုဒုက္ခပေးခဲ့တာ အတော်များနေပြီ၊ ဒီတစ်ခါတော့ သူ့ကို အပြီးအပြတ် ချေမှုန်းပစ်ရတော့မယ်၊ ကဲ....ငါ့ဆီမှာပဲ မင်းနေပါ၊ အေးအေး ဆေးဆေး အနားယူဦးပေါ့၊ လိုအပ်တာတွေ ပြင်ဆင်ပြီးရင် တစ်ရက်နှစ်ရက်အတွင်း ခရီးထွက်ကြတာပေါ့'

ဟု ပြောလေသည်။

ထင်ကျန်မှာ သူဌေးကြီးယုံ၏ လူတစ်ယောက်ပမာ ဖြစ်သွားရသဖြင့် စိတ်ထဲ မသက်မသာဖြစ်မိသော်သည်း ဘာမျှ မတတ်သာသည့်အခြေအနေမို့ သူဌေးကြီးယုံ၏ စကားကို နားထောင်လိုက်ရလေတော့သည်။

လင်းစာပေ
အမှတ် ၁၅/၁၃၈၊ ၆ လမ်း
ဖုန်း ၂၀၇၆၇

လျှို့ဝှက်ခန်း....

လင်းယုန်စံအိမ်လေး၏ လျှို့ဝှက်ခန်းတွင် သူဌေးကြီးယု သည် လူနှစ်ယောက်နှင့် တိုင်ပင်ဆွေးနွေးနေလေသည်။

တစ်ယောက်မှာ အဘိုးအိုဖြစ်ပြီး ကျန်တစ်ယောက်မှာ အသားအရေနီစပ်စပ်နှင့် သိုးမွေးအင်္ကျီ ဝတ်ဆင်ထားသူ ဖြစ် လေသည်။

ကန္တာရနယ်ခြားမြို့တွင် နေထိုင်သူများသည် ထိုသိုးမွေး အင်္ကျီဝတ်ထားသူ၏ ရုပ်ဆင်းသွင်ပြင်ကိုတွေ့ရသည်နှင့် မွန်ဂို တစ်ယောက်ဖြစ်ကြောင်း သိသွားကြမည်သာ ဖြစ်လေသည်။

မွန်ဂိုများသည် ကန္တာရကိုဖြတ်ကျော်ကာနယ်ခြားမြို့လေး သို့ ကုန်သည်ပွဲစားများအသွင်ဖြင့် ဝင်ရောက်လာလေ့ ရှိကြ သည်။

ကုန်ပစ္စည်း ရောင်းဝယ် ဖောက်ကားရင်း ပြည်မကြီး၏ အခြေအနေကို စနည်းနာကြသည်။ သစ္စာဖောက် ပုဆိန်ရိုး များနှင့် ဆက်သွယ်ကြသည်။

မွန်ဂိုကုန်သည်များသည် ပြည်မကြီးကို ကျူးကျော်ရန် စိုင်းပြင်းနေသည့် မွန်ဂိုအထောက်တော်များပင် ဖြစ်ကြပေ တော့သည်။

ယခု....

သူဌေးကြီးယုံထံသို့ မွန်ဂိုအထောက်တော် တစ်ယောက် ရောက်ရှိနေခြင်းဖြစ်ပေတော့သည်။

အဘိုးအိုမှာမူ သူဌေးကြီးယုံ ငှားရမ်းထားသည့် ကြေး စားသိုင်းသမားအဖွဲ့၏ ခေါင်းဆောင်ဖြစ်လေသည်။



ထိုအဘိုးအို၏အမည်မှာ လိစင်းယု ဖြစ်သည်။

သူ့အား အကြောင်းသိသူများက 'သိမ်းငှက်ကြီး'ဟု တင်စား ခေါ်ကြလေသည်။

လိစင်းယုသည် သိုင်းပညာ တော်သလို အလွန်ရက်စက် ကြမ်းကြုတ်သည့် စိတ်ထားရှိ၍ ထိုသို့ တင်စားကြခြင်း ဖြစ် သည်။

ငွေမျက်နှာ တစ်ခုတည်းသာ ကြည့်ပြီး တရားမျှတမှုကို လျစ်လျူရှုထားသော သိမ်းငှက်ကြီး လိစင်းယုတို့ ကြေးစား သိုင်းသမားများမှာ အဖြူရောင်သိုင်းသမားများ၏ မျက်မုန်း ကျိုးခြင်း ခံရသူများလည်း ဖြစ်ကြပေသည်။

မည်သို့ဆိုစေ....

သိမ်းငှက်ကြီး လိစင်းယုတို့က ဘာမျှအမှုမထားဘဲထင်ရာ စိုင်းနေကြပေတော့သည်။

သူဌေးကြီးယုံသည် မွန်ဂိုများအား ထောက်ပံ့လိုက်သော ရွှေဒင်္ဂါးများ လုယက် ခံလိုက်ရသောအခါ ဒေါပွသွားပြီး သိမ်းငှက်ကြီး လိစင်းယုတို့အဖွဲ့အား ကြေးကြီးကြီးပေးကာ ငှားရမ်းလိုက်ခြင်းဖြစ်လေသည်။

ကန္တာရကြယ်အဖွဲ့ကို အပြီးတိုင် ချေမှုန်းရန် စိုင်းပြင်း လိုက်ခြင်းလည်း ဖြစ်လေသည်။

သူဌေးကြီးယု၊ လိစင်းယုနှင့် မွန်ဂိုကြီးတို့သည်ခေါင်းချင်း ဆိုင်ကာ တိုင်ပင်ဆွေးနွေးနေကြလေ့တော့၏။

မှန်ဂိုကြီးက ...

'ကျုပ်တို့လူတွေဟာ ပြည်မထဲကိုဝင်လာဖို့ အသင့်ဖြစ်နေကြပြီ၊ ဒါပေမယ့် မြင်းနဲ့လက်နက်တွေလိုအပ်နေလို့ တိုက်ပွဲမစနိုင်သေးဘူး၊ သူဌေးကြီးက မြင်းနဲ့လက်နက်ဝယ်ဖို့ ငွေထောက်ပံ့မယ်ဆိုပြီး ခုထိ ဘာအထောက်အပံ့မှရောက်မလာသေးလို့ ကျုပ်တို့ခေါင်းဆောင် စိတ်ပူနေတယ်ဗျ'

ဟု ပြောလာ၏။

မှန်ဂိုကြီးသည် ယနေ့မှ သူဌေးကြီးယုံထံသို့ ရောက်လာခြင်းဖြစ်၏။

သူဌေးကြီးယုံက....

'ကျုပ်က အထောက်အပံ့ ပို့ပေးပြီးပါပြီ၊ ဒါပေမယ့် ကန္တာရထဲမှ လူတစ်စုက တိုက်ခိုက်လုယက်သွားလို့ အချိန်မီ ရောက်မလာနိုင်တာပါ၊ အခု ဓားပြတွေနောက်ကိုလိုက်ပြီး ချေမှုန်းဖို့ ကျုပ်တို့ပြင်ဆင်နေပါတယ်၊ မကြာခင်အထောက်အပံ့ပစ္စည်းတွေ ပြန်ရပြီး ပို့ပေးလိုက်မယ်ဆိုတာ ခေါင်းဆောင်ကြီးကိုပြောပြလိုက်ပါ'

'ကောင်းပါပြီဗျာ၊ သူဌေးကြီးရဲ့ အထောက်အပံ့ကိုရမှ ကျုပ်တို့ စစ်ပွဲဆင်နွှဲနိုင်မှာပါ၊ ဒါမှမဟုတ်ရင် အနည်းဆုံး နောက်ဆယ်နှစ်လောက် ပြင်ဆင်ကြရဦးမှာပဲ'

သူဌေးကြီးယုံ လက်ကာပြလိုက်၏။

'မပူနဲ့၊ တစ်လအတွင်း ကျုပ်ရဲ့အထောက်အပံ့တွေရောက်လာမယ်၊ စိတ်အေးအေးသာ စောင့်နေပေတော့'



'သူဌေးကြီးကို ကျေးဇူးတင်ပါတယ်ဗျာ၊ ကဲ.... ကျုပ်ကို ပြန်ခွင့်ပြုပါဦး'

'ကောင်းပြီ... ကောင်းပြီ'

မှန်ဂိုကြီးသည် နှုတ်ဆက်ကာ ထွက်သွားလေ၏။

အခန်းအတွင်း၌ သူဌေးကြီးယုံနှင့် လီစင်းယုတို့သာ ကျန်ရစ်ခဲ့သည်။

သူဌေးကြီးယုံက လီစင်းယုကို ကြည့်ကာ....

'ကျုပ်ရဲ့ ပစ္စည်းတွေ ပြန်ရဖို့ အဘော်ကို အရေးကြီးနေပြီ'

ဟု ပြောလိုက်၏။

လီစင်းယု ခေါင်းညိတ်လိုက်၏။

'စိတ်ချပါ၊ ကျုပ်တို့လူစု လက်ခံလိုက်တဲ့ အလုပ်မှန်သမျှ မအောင်မြင်ဘူးလို့ မရှိခဲ့ပါဘူး၊ ခုလဲ ကန္တာရအဖွဲ့ကိုချေမှုန်းပြီး တာမခံပစ္စည်းတွေရအောင် ပြန်ယူပေးပါမယ်'

ဟု ကတိပေးလိုက်၏။

သူဌေးကြီးယုံ ကျေနပ်သွား၏။

'ဒါကြောင့်လဲ ကျုပ်က ခင်ဗျားတို့ကိုအားကိုးရတာပေါ့ဗျာ၊ ယန်ထင်ရဲတပည့် ထင်ကျန်ဟာ ကန္တာရထဲကို မကြာခဏ သွားလာဖူးတယ်၊ သူ့ကို လမ်းပြအဖြစ် အသုံးချနိုင်ပါတယ်'

လီစင်းယုက....

'ကျုပ်ကတော့ သူ့ကိုသဘောမကျဘူး၊ သူက သူဌေးကြီး ယုံ့အတွက် အလုပ်လုပ်နေတာ မဟုတ်ဘူး၊ သူ့ရဲ့အာမခံငွေ အတွက် လုပ်နေတာ'

ဟု ထောက်ပြ၏။

သူဌေးကြီးယုံ ပြုံးလိုက်၏။

'ကျုပ် နားလည်ပါတယ်ဗျာ၊ ကိစ္စဝိစ္စတွေ ပြီးသွားရင် သူ့ကိုပါတစ်ခါတည်းရှင်းပစ်ခဲ့ပါ'

'စိတ်ချ၊ ကျုပ်တာဝန်ယူတယ်'

သူဌေးကြီးယုံက ထင်ကျန်အား သေမိန့် ပေးလိုက်ပြီဖြစ် လေသည်။ သူဌေးကြီးယုံသည် အလွန်လျှို့ဝှက်သော လေ သံဖြင့်....

'ဒီကိစ္စပြီးသွားရင် ခင်ဗျားနဲ့ကျုပ် လက်တွဲပြီးလုပ်စရာ တွေ အများကြီး ရှိသေးတယ်'

ဟု ပြောသည်။

လီစင်းယုက....

'ကျုပ်ကလဲ သူဌေးကြီးနဲ့ လက်တွဲချင်ပါတယ်ဗျာ၊ ဒ ပေမယ့် ကျုပ်အတွက် အကျိုးအမြတ်....'

သူ၏စကားမဆုံးမီ သူဌေးကြီးယုံက ကြားဖြတ်ပြောလိုက် သည်။

'မပူနဲ့၊ ခင်ဗျားအတွက် လိုအပ်တာထက်တောင် ပိုနေ ဦးမယ်ဆိုတာ ကျုပ်အာမခံတယ်'

'ဒါဆိုဘာပြောစရာရှိတော့မှာလဲဗျာ'



လီစင်းယု သဘောကျစွာ ရယ်မောလိုက်၏။

သူဌေးကြီးယုံက....

'ခင်ဗျားလူတွေ အဆင်သင့်ရှိနေပါစေဗျာ၊ ကျုပ်သိချင် တဲ့ သတင်း အချက်အလက်လေးတွေ သိရပြီဆိုရင် ဘယ် နေ့စထွက်ရမယ်ဆိုတာ ကျုပ်ပြောပါ့မယ်'

ဟု ပြောလေသည်။

လီစင်းယု ခေါင်းညိတ်လိုက်၏။

'ကောင်းပြီလေ၊ ကျုပ်လူတွေကတော့ အမြန်ဆုံးလှုပ်ရှား ချင်နေကြပြီ၊ သူတို့ဟာ ငြိမ်ငြိမ်ထိုင်နေဝတ်တဲ့လူတွေ မဟုတ် ဘူးဗျ'

'စိတ်ချ၊ ကျုပ်အမြန်ဆုံးဖြစ်အောင် စီစဉ်ပါ့မယ်'

'ဒါဆို ကျုပ် သွားလိုက်ဦးမယ်'

လီစင်းယုသည် သူဌေးကြီးယုံအား နှုတ်ဆက်ကာ ထွက် သွားလေသည်။ လီစင်းယု ထွက်သွားပြီး မကြာမီ မျောက်ဝံ နှင့်တူသည့် သူဌေးကြီးယုံ၏ သက်တော်စောင့် နှစ်ယောက် ဝင်ရောက် လာကြလေတော့သည်။

....ပြီ....

သက်တော်စောင့် နှစ်ယောက် ဝင်လာကြသည်။

မျောက်ဝံနှင့်တူသူ နှစ်ယောက်မှာ ညီအစ်ကိုများ ဖြစ်ကြပြီး ဝူပိနှင့်ဝူစုဟု အမည်ရှိလေသည်။

ဝူပိနှင့် ဝူစုသည် သူဌေးကြီးယုံ၏ စကားမှလွဲပြီး မည်သူ့စကားမှ နားထောင်သူများ မဟုတ်ကြပေ။

သိုင်းပညာ အလွန်တော်သလို ရက်စက် ကြမ်းကြုတ်သူများလည်း ဖြစ်ကြပေတော့သည်။

သူဌေးကြီးယုံ မျောက်ဝံ ညီအစ်ကိုကို ကြည့်လိုက်လေသည်။

ဝူပိက ဦးညွတ်ရင်း....

'သခင်ကြီး ခေါ်တယ် ဆိုလို့ပါ'

ဟု ပြောလိုက်သည်။

သူဌေးကြီးယုံ ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'

'အမိန့်ရှိပါ သခင်ကြီး'

'ငါက ရွှေဒင်္ဂါးတွေကို ရွှေဘုရင် အာမခံဌာနကို ပို့ခိုင်းလိုက်တဲ့ ကိစ္စဟာ ဘယ်သူမှ မသိအောင် ပိပိရိရိလုပ်ခဲ့တာ မဟုတ်လား၊ ခုတော့ ငါတို့ရဲ့ လျှို့ဝှက်ချက်ကို ကန္တာရကြယ် ကသိနေတယ်၊ မထူးဆန်းဘူးလား'

ဝူပိက....

'တစ်ယောက်ယောက်က သစ္စာဖောက်ပြီး သတင်းပေးလိုက်လို့ဆိုတာ ထင်ရှားနေပါတယ်'

ဟု ပြောလေသည်။



သူဌေးကြီးယုံ၏ မျက်နှာ ကြောက်မက်ဖွယ် ကောင်းအောင် ခက်ထန်တင်းမာ သွားသည်။

'ဟုတ်တယ်၊ ဒီနှစ်ပိုင်းမှာ ငါ့ပစ္စည်းတွေ ဆုံးရှုံးခဲ့ရတာ မနည်းတော့ဘူး၊ တစ်ယောက်ယောက်က သစ္စာဖောက်ပြီး ငါတို့အကြောင်း လက်ထောက်ချနေလို့ပဲ ဖြစ်မယ်'

ဝူပိက....

'ရွှေဘုရင် အာမခံဌာနကနေ သတင်းပေါက်ကြားသွားတာ ဖြစ်နိုင်ပါတယ်သခင်'

ဟု ပြောလေသည်။

သူဌေးကြီးယုံ လက်မခံပါ။

'မဖြစ်နိုင်ဘူး၊ ရွှေဘုရင် အာမခံဌာနကို အသုံးမချခင်က ကျုပ်က အလုပ်ခံနေရတာ၊ သူတို့ အာမခံဌာနလဲ အတော်များများ သေကုန်လို့ ပျက်စီးသလောက် ဖြစ်နေပြီ၊ သူတို့ သစ္စာဖောက်တာ မဟုတ်ဘူး'

ဝူပိ မျက်မှောင် ကြုတ်သွားသည်။

'ဒါဖြင့်....'

သူဌေးကြီးယုံက အလွန် ခံပြင်းသော လေသံဖြင့်....

'သစ္စာဖောက်ဟာ ငါ့ရဲ့ စံအိမ်ထဲမှာပဲရှိရမယ်၊ သူ့ကို ရအောင် ဖော်ထုတ်ရမယ်'

ဝူပိနှင့် ဝူစုတို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်မိကြလေ၏။

သူဌေးကြီးယုံက....

'သုံးရက်အတွင်း သစ္စာဖောက်ကို ဖော်ထုတ်ရမယ်၊ သစ္စာဖောက်ကိုတွေ့ရင် ကန္တာရကြယ်ဟာ ငါ့လက်ထဲရောက်ပြီ...'

ဟု ပြောလေသည်။

သူ့တွင် အစီအစဉ်ရှိကြောင်း ဝူပီတို့ သဘောပေါက် ထားကြလေသည်။

သူဌေးကြီးယုံသည် အလွန် ဉာဏ်များသူဖြစ်သည် မဟုတ်ပါလား။

ထို့ကြောင့်....

အကြောင်း သိသူများက သူဌေးကြီးယုံအား ခေါင်းနှစ်လုံးမြွေဆိုးဟု ကင်မွန်းတပ်ထား ကြလေတော့သည်။

....ဝ....

ရန်၊ ၂၁၃၄၄

## ကံတရား၏စေစားရာ

နေခြည်ထွန်းလင်းကာ တောက်ပနေလေ၏။

တိဗက်နယ်စပ်မှမြို့လေးသည် အနောက် အတော်ဝေးဝေးတွင် ကျန်ရစ်ခဲ့ပြီဖြစ်လေသည်။

ကောက်ယီသည် မြင်းကိုဒုန်းစိုင်းကာ မြို့လေးကို ကျောခိုင်းထွက်လာခဲ့လေသည်။

လွန်ခဲ့သည့် ဆယ်နှစ်ကျော်ကတည်းက သန္နိဋ္ဌာန် ချထားခဲ့သည့်အတိုင်း ဆရာဖြစ်သူအား အနိုင်ယူသွားသည့် ကျူးစိမ်ရှန်ကို ဆုံးမနိုင်ခဲ့ပြီဖြစ်လေသည်။

သို့သော်....

ကောက်ယီ ဝမ်းမသာနိုင်ပါ။

ကျူစိမ်ရှန်သည် ခါးသမားဘဝကို စွန့်လိုက်ပြီး အများအကျိုး ဆောင်ရွက်နေပြီ မဟုတ်ပါလား။

ကျူစိမ်ရှန်အား စိန်ခေါ်လိုက်ခြင်းဖြင့် မတရားမှုများကို တိုက်ဖျက်နေသည့်အဖွဲ့တစ်ခုအား ဟန့်တားရာ ရောက်ပေ၏။

ထို့ကြောင့်လည်း....

ကောက်ယိမှာ သူ၏လုပ်ရပ်အပေါ် မလုံမလဲ ဖြစ်နေလေတော့သည်။

ဆရာ့အတွက် ကျူစိမ်ရှန်ကို စိန်ခေါ်ရသည်မှာ သူ့ဘက်ကကြည့်လျှင် မှန်ကန်သောလုပ်ရပ် ဖြစ်သည်။

အများအကျိုးဘက်မှကြည့်လျှင် အတ္တဆန်သော လုပ်ရပ်တစ်ခုဖြစ်နေသည် မဟုတ်ပါလား။

ထို့ အပြင်....

မိန်းမချောလေး ကျူပေအင်အပေါ် မမျှော်လင့်ဘဲ မေတ္တာသက်ဝင်မိခဲ့သည်ဖြစ်ရာ ကောက်ယိ၏ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ် ခံစားနေရလေတော့သည်။

မြင်းကို တစိုက်မတ်မတ် စီးနင်းနေသော်လည်း သူ၏စိတ်အစဉ်သည် တိဗက်နယ်စပ်မြို့လေး၌ ကျန်ရစ်ခဲ့ပါသည်။

လူနှင့်စိတ်ကင်းကွာနေသော ကောက်ယိမှာ ကန္တာရ၏ တစ်နေရာသို့ အရောက်တွင် ရုတ်တရက် မြင်းဇက်ကြိုး တင်းတင်းဆွဲကာ ရပ်တန့်လိုက်သည်။

သူ၏ဦးခေါင်းထဲ အတွေးတစ်ခု ဝင်ရောက် လာခြင်းကြောင့် ဖြစ်သည်။



တစ်ခဏအတွင်းပင် လူနှင့်စိတ် ပြန်လည် ပေါင်းစည်းမိသွားလေသည်။

ဤတွင်....

....o....

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေသလို အဆောက်အအုံအတွင်း၌လည်း တိတ်ဆိတ်ငြိမ်သက်နေပါသည်။

သွားလာ လှုပ်ရှားနေကြသူများသည် အလွန် ညင်သာပေါ့ပါးစွာ လှုပ်ရှားသွားလာနေကြသည်။

လူတိုင်းလူတိုင်း၏ မျက်နှာတွင် စိုးရိမ်ပူပန်ခြင်း ဝမ်းနည်းခြင်း စသည့် အရိပ်အယောင်များ ပေါ်လွင်နေပါသည်။

ထိုလူများသည် သေမင်းကို ရင်ဆိုင်ရန် မမှုသူများ ဖြစ်ကြသည်။ သတ္တိကောင်းလှသော ကန္တာရပျော်များအနေနှင့် ထိုသို့ စိုးရိမ်ပူပန်နေကြသည်မှာ သူတို့၏ခေါင်းဆောင်အတွက် ဖြစ်ပါသည်။

ကျူစိမ်ရှန်....

ကန္တာရကြယ် အဖွဲ့ခေါင်းဆောင် ကျူစိမ်ရှန်သည် ကောဓာ်ယိနှင့် ဓားပညာ ယှဉ်ပြိုင်ရာတွင် အရေးနိမ့်ခဲ့၏။

အသက်ဆုံးရှုံးသွားခြင်း မရှိသော်လည်း ဒဏ်ရာရခဲ့၏။

ယခု...

ကျူစိမ်ရှန်၏ဒဏ်ရာကို သမားတော်ကြီး တစ်ယောက်က ကုသပေးနေလေသည်။

ကျူစိမ်ရှန်သည် ခုတင်တစ်လုံးပေါ်တွင် လဲလျောင်းနေသည်။

မျက်စိနှစ်လုံးမှိတ်ထားပြီး အသက်ကို မျှင်းမျှင်း ရှူရှိုက်နေသည်။ ခုတင်အနီး၌ သမားတော်ကြီး ရှိနေ၏။

သမားတော်ကြီးသည် လိုအပ်သည့် စစ်ဆေးမှုများ ပြုလုပ်ပြီး လှည့်ထွက်လာသောအခါ သူ့အား စောင့်နေသည့် ကျူပေအင်နှင့် အိုရန်စုတို့အား တွေ့မြင်လိုက်ရလေသည်။

ကျူပေအင်က....

'သမားတော်ကြီးရှင်၊ ကျွန်မအစ်ကို အခြေအနေ ဘယ်လိုရှိတယ်ဆိုတာ သိပါရစေရှင်'

ဟု မေးလိုက်လေသည်။

သမားတော်ကြီးက...

'မကြာခင် သက်သာသွားမှာပါ၊ ဒါပေမယ့် လှုပ်လှုပ်ရှားရှား လုပ်ရင် အန္တရာယ်ရှိနိုင်တယ်၊ တစ်လလောက်အနားယူရလိမ့်မယ်'

ကျူပေအင် သက်ပြင်းချမိလေသည်။



ကျူစိမ်ရှန်သည် အေးအေးဆေးဆေး အနားယူနိုင်သည့် အခြေအနေတွင် မရှိကြောင်း နားလည် သဘောပေါက်ထားလေသည်။

သမားတော်ကြီးက....

'ကျုပ်ပေးတဲ့ဆေးကို မှန်မှန်တိုက်ပါ၊ ကျုပ်လဲ မနက်တစ်ခေါက် ညတစ်ခေါက် လာကြည့်ပါ့မယ်၊ ကဲ....ကျုပ်ကို ခွင့်ပြုပါဦး'

'ကောင်းပါပြီရှင်'

သမားတော်ကြီး နှုတ်ဆက်ပြီး ထွက်သွားလေ၏။

ထိုစဉ်....

'အင်း....အင်း....'

ကျူစိမ်ရှန်ထံမှ ညည်းညူသံ ထွက်ပေါ်လာပြီး လူးလွန့်လှုပ်ရှားလာသည်ကို တွေ့လိုက်ရလေသည်။

'အစ်ကို....'

ကျူပေအင် ကပျာကယာ ချဉ်းကပ်သွားလိုက်သည်။

အိုရန်စုလည်း လိုက်သွား၏။

ကျူစိမ်ရှန်က ညီမဖြစ်သူကိုမြင်လျှင် အားယူပြုံးပြရင်း....

'ညီမလေး ဘာကြောင့် အပင်ပန်းခံပြီးစိတ်ပူနေရတာလဲ'

ဟု ပြောလေသည်။

ကျူပေအင်က....

'အစ်ကိုရယ်....အစ်ကို့ကို အားကိုးအားထား ပြုနေရတဲ့ လူတွေဟာ ညီမတစ်ယောက်တည်းမှမဟုတ်ဘဲ၊ ကန္တာရကြယ် အဖွဲ့မှာ အစ်ကိုမရှိလို့မှမဖြစ်တာ'

'ဒီလိုမပြောရဘူးလေ၊ အားလုံး စည်းစည်းလုံးလုံး ရှိကြရင် ကောက်ယိက ဆက်ပြီး ထိန်းသွားနိုင်မှာပါ'

ကောက်ယိ၏အမည်ကြားလျှင် ကျူပေအောင်၏ မျက်နှာတင်းမာသွားလေသည်။

အိုရန်စုက....

'သူထွက်သွားပြီ အစ်ကိုကြီး'

'ဟင်...'

ကျူစိမ်ရှန် အံ့ဩသွားပုံရလေသည်။

ကျူပေအောင်က....

'သူက အစ်ကိုနဲ့ ဓားချင်းယှဉ်ဖို့လောက်သာသိတဲ့ အတ္တသမားပဲ၊ ကျွန်မတို့ ကန္တာရကြယ်အဖွဲ့အပေါ် ဘယ်လိုလုပ်သံယောဇဉ်ရှိမှာလဲ'

ဟု ပြစ်တင်ပြောဆိုလိုက်လေသည်။

ကျူစိမ်ရှန် သက်ပြင်းချလိုက်၏။

'ကျုပ်ကလဲ အခြေအနေကို သေသေချာချာရှင်းမပြလိုက်မိဘူး၊ နို့မဟုတ်ရင် သူထွက်သွားမှာ မဟုတ်ဘူး'

ကျူပေအောင် မကျေမနပ် ဖြစ်လာလေသည်။

'အစ်ကို... သူက အစ်ကို့ကို ရန်သူတစ်ယောက်လို ဆက်ဆံခဲ့တယ်၊ အစ်ကိုက သူ့ကို သံယောဇဉ်ရှိနေတာ ဘာကြောင့်လဲ'

ဟု မေးလိုက်သည်။



ကျူစိမ်ရှန်က....

'သူဟာ ဓားသမားကောင်းတစ်ယောက်ဆိုတာ သိထားလို့ပါကွယ်'

ကျူပေအောင် ပါးစပ်ပိတ်ထားလိုက်လေ၏။

ကျူစိမ်ရှန်က ဆက်ပြောလိုက်သည်။

'ကောက်ယိက အစ်ကို့ကို ယှဉ်ပြိုင်ချင်တာ တရားမျှတပါတယ်၊ ကွယ်လွန်သွားပြီဖြစ်တဲ့ သူ့ဆရာကို ကတိပေးခဲ့တယ် မဟုတ်လား၊ သူ့ဘက်ကကြည့်ရင် မှန်နေတာပဲ၊ အစ်ကို့ကို ယှဉ်ပြိုင်အနိုင်ယူရမယ်ဆိုတဲ့နှောင်ကြိုးက သူ့ဘဝတစ်ခုလုံးကို တုပ်နှောင်ထားခဲ့တာပဲ၊ ခုတော့ နှောင်ကြိုးတွေ ပြတ်သွားပြီ၊ သူ့ဘဝလွတ်လပ်ပြီ၊ ကောက်ယိရဲ့ စိတ်ထားဟာ တရားမျှတမှုကို မြတ်နိုးတယ်၊ ကြင်နာသနားတတ်တယ်ဆိုတာ အစ်ကိုရိပ်မိတယ်၊ သူဟာ လူကောင်းတစ်ယောက်ပါ၊ အရည်အချင်းလဲရှိတယ်၊ သူ့လိုလူစားမျိုး အစ်ကိုတို့အဖွဲ့ထဲ ရောက်လာမယ်ဆိုရင် ဘယ်လောက်အားကိုးရမလဲဆိုတာ တွေးကြည့်ပေါ့'

အိုရန်စု ခေါင်းညိတ်လိုက်၏။

ကောက်ယိမှာအရည်အချင်းရှိသူတစ်ယောက်ဖြစ်ကြောင်း ကောင်စွာသဘောပေါက်ထား၍ ဖြစ်၏။

ကျူစိမ်ရှန်က....

'ထားပါတော့လေ၊ သူထွက်သွားပြီဆိုတော့ တို့ကိစ္စ တို့ပဲ ရှင်းရတော့မှာပေါ့ အိုရန်စု'

'ဟုတ်ကဲ့၊ အမိန့်ရှိပါ အစ်ကိုကြီး'

'အခြေအနေအရပ်ရပ်ကို ငါသုံးသပ်ပြီးပြီ၊ လူဝံကြီး သစ္စာဖောက်သွားတာပဲ ဖြစ်ရမယ်'

'ဟင်....'

မမျှော်လင့်သောစကားကြားလိုက်ရသဖြင့်အိုရန်စုပါးစပ်အဟောင်းသားဖြစ်သွား၏။

ကျူစိမ်ရှန်က....

'တို့ရဲ့အဖွဲ့သားတွေ တစ်ယောက်ပြီးတစ်ယောက် လုပ်ကြံခံရတယ်ဆိုကတည်းက အတွင်း သစ္စာဖောက်တစ်ယောက်ရှိနေပြီဆိုတာ ငါရိပ်မိတယ်၊ ဒါကြောင့် မင်းတို့နောက်ကိုလိုက်လာတဲ့ရန်သူနဲ့ ရင်ဆိုင်ခိုင်းပြီး လူဝံကြီးကို ရွှေဒင်္ဂါးတွေနဲ့ အရင်လွှတ်လိုက်ဖို့ ငါအမိန့်ပေးခဲ့တာပေါ့'

အိုရန်စုက မကျေမနပ်ဖြစ်လာတော့၏။

ရွှေဒင်္ဂါးများသယ်ဆောင်သွားသည့်အဖွဲ့မှာ လုပ်ကြံခံခဲ့ရသည်။ ထိုအဖွဲ့အား ခေါင်းဆောင်သွားသည့် လူဝံကြီးကား ပျောက်ချင်းမလှ ပျောက်နေသည်။

လူဝံကြီး သစ္စာဖောက်ကာ ရွှေဒင်္ဂါးများအား အပိုင်စီးခဲ့ခြင်းဖြစ်ကြောင်း ပေါ်လွင်လာတော့၏။

ကျူစိမ်ရှန်က....

'လူဝံကြီးဟာ မြို့ကိုပြေးမှာပဲ၊ မြို့မှာရှိတဲ့ ငါတို့လူတွေအတွက် စိတ်မချရတော့ဘူး'

အိုရန်စု မျက်နှာကွက်ခနဲ ပျက်သွား၏။



ကျူစိမ်ရှန်က....

'မင်းရဲ့ညီမအတွက် စိတ်ပူနေပြီလား'

ဟု မေးလေ၏။

အိုရန်စု အံကြိတ်လိုက်၏။

'ကျုပ်ရဲ့ညီမဟာ ကျုပ်တို့အဖွဲ့အတွက် အသက်စွန့်ဖို့ ဝန်မလေးပါဘူး အစ်ကိုကြီး'

ကျူစိမ်ရှန် သက်ပြင်းချလိုက်၏။

'အေး၊ သူတို့ကိုသတိပေးဖို့ လိုလိမ့်မယ်၊ တို့ဆီက စိတ်ချရတဲ့လူတစ်ယောက် လွှတ်လိုက်ပါ့မယ်၊ မင်းကိုယ်တိုင်လိုက်သွားလို့ မဖြစ်ဘူး၊ တို့အဖွဲ့ထဲမှာ လူဝံကြီးလို သစ္စာဖောက်တွေ ဘယ်နှစ်ယောက်များ ရှိနေပြီလဲဆိုတာ ဖော်ထုတ်ရဦးမယ်၊ ပြီးတော့....'

စကားကို ခဏတ္တရပ်ထားလိုက်၏။

သူ၏မျက်နှာ တည်ကြည်လေးနက်လာ၏။

အိုရန်စုနှင့် ကျူပေအောင်တို့က ကျူစိမ်ရှန်ဆက်ပြောလာမည့်စကားကို စိတ်ဝင်စားစွာ နားစွင့်နေကြ၏။

ကျူစိမ်ရှန်က....

'ရွှေတရိုက်အသင်းဌာနကလူတွေဟာ လက်လျှော့သွားကြမှာမဟုတ်ဘူး၊ ဒီအထိ လိုက်လာကြလိမ့်မယ်လို့ ငါထင်တယ်၊ သူတို့ခေါင်းဆောင် 'ယန်ထင်'အကြောင်းကို ငါ ကောင်းကောင်းကြီးသိတယ်'

ယန်ထင်၊ နတ်ဘန်းဒေဝီစွာကျင့်နှင့် သံမဏိသက်သည်း စွန်ထုံတို့သည် ခေသူများမဟုတ်ကြကြောင်း အိုရန်စုသဘောပေါက်ထား၏။

သူနှင့်ကျွဲကြေတို့ ဦးဆောင်ကာ ရင်ဆိုင်လျှင်ပင် အခြေအနေမည်သို့ရှိမည် မပြောနိုင်ပေ။

ကျူးစိမ်ရှန် လူကောင်းပကတိရှိနေပါကမူ အရေးကြီးမည်မဟုတ်ပါ။

ယခု....

ကျူးစိမ်ရှန် ဒဏ်ရာရထားပေသည်။

တွေးတောစဉ်းစားရင်း အိုရန်စု၏ နဖူးပေါ်တွင် ချွေးများစို့ရွှဲလာတော့၏။

ကျူးစိမ်ရှန်က....

'သူတို့ မကြာခင်ရောက်လာကြလိမ့်မယ်လို့ ငါထင်တယ်၊ အဖွဲ့သားတွေကို ရှောင်ခိုင်းလိုက်ပါ၊ သူတို့ ငါ့ဆီကို လာကြပါစေ'

ဟု ပြောသည်။

'အစ်ကို'

'အစ်ကိုကြီး'

ကျူးပေါအင်နှင့် အိုရန်စုတို့ စိုးရိမ်တကြီး ခေါ်လိုက်မိကြလေသည်။

ကျူးစိမ်ရှန်က....

ညီမ....အစ်ကိုဟာ ကန္တာရကြယ်အဖွဲ့ခေါင်းဆောင်ဆိုတာ မမေ့နဲ့လေ'



ဟု ပြောသည်။

မှန်ပေသည်။

ခေါင်းဆောင် တစ်ယောက်သည် အနစ်နာခံစရာရှိလျှင် ရှေ့ဆုံးမှ အနစ်နာခံရမည် မဟုတ်ပါလား။

.... ၁ ....

နယ်ခြားမြို့လေး....

သာယာလှပသော နယ်ခြားမြို့ကလေးအတွင်းသို့ မြင်းစီးသမားသုံးယောက် ဝင်လာကြလေသည်။

ယန်ထင်၊ စွာကျင့်နှင့် စွန်ထုံတို့ဖြစ်လေသည်။

သူတို့သည် အာမခံပစ္စည်းများ ပြန်မရဘဲ ကန္တာရထဲမှ ပြန်ကြမည့်သူများ မဟုတ်ပါ။

အသက်ရှင်နေသရွေ့ အာမခံပစ္စည်းများ ပြန်လည်ရရှိအောင် ကြိုးစားကြမည့်သူများဖြစ်သည်။

သုံးယောက်သား မြင်းကို အသားကျစီးနင်းရင်း မြို့ထဲဝ
လာကြသောအခါ သွားလာလှုပ်ရှားနေကြသူများသည် ခပ်
ဝေးဝေးမှ ကွင်းရှောင်သွားကြလေသည်။

ယန်ထင် ပြုံးလိုက်သည်။

'ဒီမြို့မှာ ကန္တာရကြြယ်ရဲ့လူတွေ ဘယ်လောက်များများ
ရှိနေသလဲ မသိနိုင်ဘူး'

ဟု မှတ်ချက်ချလိုက်သည်။

သူတို့သည် အန္တရာယ်နယ်မြေအတွင်းသို့ ဝင်ရောက်လာ
ကြခြင်းဖြစ်ကြောင်း သုံးယောက်စလုံး နားလည် သဘော
ပေါက်ထားကြသည်။

စွာကျင့်က....

'ကိစ္စမရှိဘူး၊ တစ်မြို့လုံး မီးလောင်တိုက် သွင်းပစ်လိုက်
မယ်'

ဟု ခက်ထန်စွာ ပြောလိုက်သည်။

စွန်ထုံကမူ ဘာမှမပြောဘဲ ပတ်ဝန်းကျင်ကို မျက်ခြည်
မပြတ် အကဲခတ်ကြည့်နေပါသည်။

လမ်းပေါ်တွင် တစ်စထက်တစ်စ လူရှင်းသွားသည်။

ရုတ်တရက်...

လမ်းလယ်ခေါင်၌ လမ်းပိတ်ထားကာ ရပ်နေသူ တစ်
ယောက်အား တွေ့မြင်လိုက်ရသည်။

ယန်ထင်တို့ အလိုလို မြင်းကို ရပ်တန့်လိုက်လေသည်။

လမ်းပိတ်ထားသူမှာ အနက်ရောင်ဝတ်ထားပြီး အလှ
အကျည်းတန် အရုပ်ဆိုးသူ ဖြစ်လေသည်။



ယန်ထင်က....

'သရဲမျက်နှာ'

ဟု ရေရွတ်လိုက်သည်။

မှန်ပေသည်။

လမ်းပိတ်ထားသူမှာ သူရဲမျက်နှာ အိုရန်စုံ ဖြစ်လေသည်။

အိုရန်စုက....

'အာမခံပစ္စည်းတွေလိုချင်ရင် ကျုပ်နောက်လိုက်ခဲ့'

ဟု ပြောကာ ချာခနဲလှည့်ပြီး ထွက်သွားလေသည်။

ယန်ထင်၊ စွန်ထုံနှင့် စွာကျင့်တို့ တစ်ယောက်ကို တစ်
ယောက် ကြည့်လိုက်ကြလေသည်။

ထို့နောက်....

မြင်းပေါ်မှ အသီးသီးဆင်းလိုက်ကြပြီး အိုရန်စုနောက်သို့
လိုက်သွားကြလေသည်။

....င....

အေးချမ်းသာယာသော ခြံဝင်းကြီးအတွင်း၌ လှပသော အိမ်လေးတစ်လုံး ရှိနေပါသည်။

ကျော်ကွေ့က ယန်ထင်တို့အား ထိုအိမ်လေးဆီသို့ ခေါ်သွားခြင်းဖြစ်လေသည်။

အိမ်ထဲရောက်လျှင် ကျူးစိမ်ရှန်က အသင့်ထိုင်စောင့်နေပြီး ကျူးပေအင်နှင့် အိုရန်စုတို့က ဝဲဘက်တစ်ချက်စီတွင် ရပ်နေကြလေသည်။

ကျော်ကွေ့က....

'ဧည့်သည်တွေ ရောက်လာပါပြီအစ်ကိုကြီး'

ဟု ပြောလိုက်လေသည်။

ကျူးစိမ်ရှန် ခေါင်းညိတ်ကာ....

'နေရာထိုင်ခင်းပေးလိုက်ပါ၊ တို့ဘက်က ဧည့်ဝတ် ကျေပါစေ'

'ဟုတ်ကဲ့ အစ်ကိုကြီး'

ကျော်ကွေ့သည် ယန်ထင်တို့အား နေရာထိုင်ခင်းပေးပြီး စားသောက်ဖွယ်ရာများ အရက်များဖြင့် ကျွေးမွေးလိုက်လေသည်။

ကျူးစိမ်ရှန်က....

'ခရီးပြင်းနှင်လာရတော့ ပင်ပန်းနေရောပေါ့ဗျာ၊ စားလိုက်ကြပါဦး'

ယန်ထင်က....

'ကျေးဇူးပဲ'



ပြောပြောဆိုဆို အရက်တစ်ခွက်ငှဲသောက်ရန် ဟန်ပြင်လိုက်လေသည်။

'နေဦး'

စွန်ထု'က ဟန့်တားလိုက်သည်။

'အရက်ထဲမှာ အဆိပ်ခတ်ထားရင် ဘယ်လိုလုပ်မလဲ'

ဟု ပြောလေသည်။

အိုရန်စု ဒေါပွသွားသည်။

'ဟေ့ လူ ခင်ဗျားစကား ကြည့်ပြောပါ၊ ကျုပ်တို့အစ်ကိုကြီးက ဒီလောက်ယုတ်ညံ့တဲ့ လူစားမျိုးမဟုတ်ဘူး'

ဟု အော်ငေါက်လိုက်သည်။

စွန်ထု'က....

'ငါက မင်းတို့ကို ယုံရမှာလားကွ'

ဟု ပြန်အော်လေသည်။

အခြေအနေမှာ ရှုတ်ခြည်း ခက်ထန် တင်းမာသွားလေသည်။

ကျူးစိမ်ရှန်က လက်ကာပြလိုက်သည်။

အိုရန်စုသည် ဒေါသတကြီး ဖြစ်နေသော်လည်း ချက်ချင်းပင် ကိုယ်ရှိန်သပ်ကာ နောက်ဆုတ်သွားလေသည်။

ကျူးစိမ်ရှန်က....

'အရက်ထဲမှာကော၊ စားသောက်စရာ တွေထဲမှာကော အဆိပ်မရှိဘူးဆိုတာ ကျုပ် အာမခံပါတယ်'

ဟု ပြောလိုက်သည်။

ယန်ထင်က....

'ကန္တာရကြယ်ဆိုတာ လျှမ်းလျှမ်းတောက် ကျော်ကြားနေတာပဲ၊ မင်းရဲ့စကားကို ယုံရမှာပေါ့'

ဟု ပြောကာ အရက်တစ်ခွက် ငှဲ့သောက်လိုက်လေသည်။

စွန်ထုံကား မျက်မှောင်ကြီးကြုတ်ကာ ဘာမှမပြောချေ။

စွာကျင့်က....

'ကျွန်မတို့က အေးအေးဆေးဆေး စားဖို့ သောက်ဖို့လာကြတာမဟုတ်ဘူးဆိုတာတော့ ရှင်သိသင့်တယ်'

ဟု ပြောလိုက်သည်။

ကျူစိမ်ရှန် ခေါင်းညိတ်လိုက်သည်။

'ကျုပ်သိပါတယ်၊ ဒါကြောင့်လဲ ခင်ဗျားတို့ လိုက်ရှာနေရမှာ ပင်ပန်းမှာစိုးလို့ ခေါ်ခိုင်းလိုက်တာပါ'

'အာမခံပစ္စည်းတွေ ဘယ်မှာလဲ'

စွာကျင့် မေးလိုက်သည်။

ကျူစိမ်ရှန် ပြုံးလိုက်သည်။

အာမခံပစ္စည်းတွေအကြောင်း မပြောခင် ပစ္စည်းပိုင်ရှင်သူဌေးကြီးယုံအကြောင်း ပြောကြတာပေါ့၊ သူဌေးကြီးယုံဟာ ပြည်မကိုကျူးကျော်ဖို့ စိုင်းပြင်းနေတဲ့ မွန်ဂိုတွေကိုထောက်ပံ့နေတဲ့လူဆိုတာ ခင်ဗျားတို့သိဖို့ လိုပါလိမ့်မယ်

ယန်ထင် သက်ပြင်း ချလိုက်သည်။

'ကျုပ်က သတင်း သိုးသိုးသန့်သန့် ကြားဖူးပါတယ်၊ ဒါပေမယ့် ဒီကိစ္စတွေထက် အာမခံဌာနကိစ္စကိုပဲ အလေးထားနေခဲ့မိပါတယ်'



ကျူစိမ်ရှန်က....

'ခင်ဗျားပြောတာ ကျုပ် သဘောပေါက်ပါတယ်၊ ဒါပေမယ့် သူဌေးကြီးယုံအတွက် အလုပ် လုပ်ပေးတာဟာ မွန်ဂိုတွေကို ကူညီတာနဲ့ အတူတူပဲ ဆိုတာတော့ ဆင်ခြင်သင့်တယ်'

ယန်ထင်မျက်နှာ ပျက်သွားလေ၏။

'ကျုပ်က ကိုယ့်တိုင်းပြည်ကို တိုင်းတပါးတွေ ကျူးကျော်မှာ မလိုလားပါဘူး၊ ခုတလော ကျုပ်တို့ အာမခံဌာနမှာ အလုပ်ပါးလို့ မှီခိုနေတဲ့လူတွေရဲ့ စားဝတ်နေရေး အခက်အခဲကို ဖြေရှင်းနိုင်အောင် သူဌေးကြီးယုံရဲ့ အလုပ်ကို လက်ခံခဲ့တာပါ'

ဟု ရှင်းပြလိုက်သည်။

ကိုယ့်လူမျိုး ကိုယ့်တိုင်းပြည်အပေါ် သစ္စာဖောက်သူထက် ပို၍ ဆိုးဝါးသော လူစားမျိုး လောကပေါ်တွင် ရှိနိုင်မည်မဟုတ်ပေ။

ယန်ထင်သည် သိုင်းသမားတစ်ယောက် ဖြစ်ပါသည်။ မျိုးနွယ် သစ္စာဖောက်တစ်ယောက်ဟု ကင်ပွန်းတပ်ခံရမည်ကို စိုးရိမ်သွားသည်မှာ မဆန်းတော့ပေ။

ယန်ထင်က ဆက်ပြောလိုက်သည်။

'ရွှေဒင်္ဂါးတွေ မွန်ဂိုတွေလက်ထဲ ရောက်မသွားအောင် ကျုပ် တာဝန်ယူပါမယ်၊ ပိုင်ရှင်ဖြစ်တဲ့ သူဌေးယုံလက်ထဲ ပြန်အပ်လိုက်ပါမယ်၊ နောက်နောင် သူ့လိုလူစားမျိုးတွေနဲ့ ဘယ်တော့မှ မပတ်သက်ဘူးလို့ ကတိပေးတယ်'

အလေးအနက်ထားကာ ပြောလိုက်ခြင်းဖြစ်ကြောင်း ထင်ရှားပေသည်။

သို့သော်....
သူ၏ တောင်းဆိုမှုကို ကျူုစိမ်ရှန် လိုက်လျောနိုင်မည် မဟုတ်ပါချေ။

စာကျင့်က....
'အာမခံပစ္စည်းတွေ ပြန်ပေးဖို့က အရေးအကြီးဆုံးပဲ၊ ဒီပြင်ကိစ္စတွေ ဘေးဖယ်ထားလိုက်ပါ၊ ဘတ်လိုနည်းနဲ့ ဖြေရှင်းကြမယ်ဆိုတာ ပြောရင်ကောင်းမယ်'
ဟု ဝင်ပြောလိုက်သည်။

ကျူုစိမ်ရှန် စိတ်ပျက် သွားလေ၏။

ယန်ထင်တို့ လူစုအား ရှင်းပြကာ စည်းရုံးသိမ်းသွင်း၍ ရနိုင်မည်မဟုတ်ကြောင်း သဘောပေါက်သွား၏။

စွန်ထုံက....
'ကျုပ်တို့က သိုင်းသမားတွေပဲ၊ သိုင်းပညာနဲ့ ဖြေရှင်းကြဖို့ပဲ ရှိတယ်'
ဟု ခပ်ပြတ်ပြတ် ပြောလိုက်သည်။
ကျူုစိမ်ရှန်တို့ လူစုတွင် ကောက်ယိကို မတွေ့ရသဖြင့် စိတ်သက်သာရာ ရနေကြပါသည်။
သူတို့သည် ကောက်ယိအား အရေးနိမ့်ခဲ့ရသည်ကို မမေ့မနပ် ဖြစ်နေကြသည်။



သူတို့၏ လက်နက်များ ထုတ်ယူအသုံးပြုခွင့်ရပါက အနိုင်ယူနိုင်မည်ဟု ယုံကြည်ထားကြလေသည်။

ကျူုစိမ်ရှန်က....
'ကောင်းပြီလေ၊ ခင်ဗျားတို့သုံးယောက် ကျုပ်ကိုနိုင်ရင် ရွှေဒင်္ဂါးတွေ ပြန်ပေးလိုက်ပါမယ်'
ဟု ပြောလိုက်သည်။

'သိပ်ကောင်းတာပေါ့'

စွန်ထုံက ထိုင်ရာမှ ဝုန်းခနဲထရပ် လိုက်လေသည်။
အိုရန်စုက မနေနိုင်တော့ပါ။
'အစ်ကိုကြီး ကိုယ်စား ကျုပ် ယှဉ်ပြိုင်မယ်'
ပြောရင်း ရှေ့သို့လှမ်းထွက်ကာ စွန်ထုံနှင့် ရင်ဆိုင်လိုက်လေသည်။

.... ....

လင်းစာပေ
အမှတ် ၁၅/၁၃၈၊ ဗိ
တောင် ဥက္ကလာ
ဖုန်း ၂၁၃၄၄

'ခွပ်ခွပ်....ခွပ်ခွပ်'

မြင်းခွာသံများ စည်းချက်ဝါးချက်ကျကျ ထွက်ပေါ်လာသည်။

ကောက်ယိသည် မြင်းကို တစိုက်မတ်မတ် စီးနင်းလာရင်း ရှတ်ဘရက် တစ်စုံတစ်ခုကို သတိရလာလေသည်။

မြင်းဇက်ကြိုးကို ဆောင့်ဆွဲမိလိုက်သဖြင့်....

'ဟီး....ဟီး....ဟီး'

မြင်းညိုကြီးသည်ရှည်လျားစွာ ဟီကာပတတ်ရပ်လိုက်လေသည်။

ကောက်ယိက နောက်ကြောင်းလှည့်ကာ မျှော်ကြည့်လိုက်သည်။

အရိုင်အာဝါသကင်းမဲ့သော သဲပြင်ကြီးကို တွေ့မြင်နေရပါသည်။

ကောက်ယိ စိတ်လှုပ်ရှားလာသည်။

'တကယ်လို့များ ငါထွက်လာတဲ့အချိန်မှာ ရန်သူ တစ်စုံတစ်ယောက် ရောက်လာမယ်ဆိုရင်....'

ဆက်၍ တွေးတောမနေတော့ပါ။

မြင်းကို နောက်ကြောင်းလှည့်ကာ ဒုန်းစိုင်း မောင်းနှင်သွားလေတော့၏။

'ခွပ်ခွပ်....ခွပ်ခွပ်'



မြင်းခွာသံများ ဆူညံသွားသည်။

ကောက်ယိသည် မောရမှန်း ပန်းရမှန်းပင်မသိ၊ တိဗက်နယ်ခြားမြို့လေးဆီသို့ အပြင်းနှင်နေလေတော့သည်။

....o....

'ဟား....ဟား....ဟား'

စွန်ထု ရယ်မောလိုက်လေ၏။

သူနှင့်ရင်ဆိုင်ရန် ထွက်လာသည့် အိုရန်စုကို ကြည့်ကာ သဘောကျစွာ ရယ်မောလိုက်ခြင်း ဖြစ်လေ၏။

အိုရန်စုနှင့် တစ်ကြိမ် ရင်ဆိုင်ဖူးသည်ဖြစ်ရာ အလွယ်တကူ အနိုင်ရလိမ့်မည်ဟု ယူကြည်ထားလေသည်။

'အိုရန်စု....'

ကျုံးစိမ်ရှန်က ဟန့်တားလိုက်သည်။

သို့သော်....

'ကျုပ်ကို အခွင့်အရေးပေးသင့်ပါတယ် အစ်ကိုကြီး'

အိုရန်စုက စေ့ဒကတက်လိုက်သဖြင့် ဆက်၍ ဟန့်တားခြင်း မပြုနိုင်တော့ပေ။

အိုရန်စုသည် စွန်ထုံနှင့် မျက်နှာချင်းဆိုင်လိုက်ပြီး....

'ကျုပ်က ခင်ဗျားနဲ့ ရင်ဆိုင်မယ်'

ဟု ပြောလေသည်။

စွန်ထုံက

'မင်းရှုံးသွားမှာပေါ့'

'သိပ်သဲ အပြောမကြီးပါနဲ့လေ၊ ခင်ဗျား ကြိုးစားကြည့်ပါဦးဗျ'

အိုရန်စုက ခနဲ့လိုက်သဖြင့် စွန်ထုံ ဒေါပွသွားလေ၏။

'စိတ်ချ၊ မင်းကို ငါ ဆုံးမပြမယ်'

သူတို့နှစ်ယောက်သည် အခန်းအရှေ့ဘက်သို့ ထွက်လိုက်ကြလေသည်။

အားလုံးက တိတ်ဆိတ်ငြိမ်သက်စွာဖြင့် အကဲခတ် ကြည့်နေကြလေ့သည်။

စွန်ထုံက....

'ကဲ....မင်းအရင်စပါ'

ဟု ပြောလိုက်လေ၏။

အိုရန်စုက....

'ယား....'

ငြာသံပေးကာ စတင်တိုက်ခိုက်လိုက်လေသည်။

စွန်ထုံက အသာအယာပင် ရှောင်တိမ်း ပေးလိုက်လေသည်။



သို့သော်....

အိုရန်စုအား ပေါ့ပေါ့တန်တန် သဘောထားလိုက်မိခြင်းကြောင့် အိုရန်စုက ခန္ဓာကိုယ်ချာခနဲလှည့်ကာ ခြေထောက်ဖြင့် ကန်ကျောက်လိုက်သောအခါ လွတ်အောင် မရှောင်နိုင်တော့ဘဲ....

'ဂုန်း....'

စွန်ထုံ ဒယီးဒယိုင်ဖြင့် နောက်ဆုတ် သွားရတော့၏။

ကျူပေအင်နှင့် ကျီကွေတို့ ဝမ်းသာသွားကြလေသည်။

ကျူစိမ်ရှန်ကား သက်ပြင်းချလိုက်သည်။

စွန်ထုံသည် ပေါ့ပေါ့တန်တန်သဘောထားခြင်းကြောင့် သာလျှင် ခံရခြင်းဖြစ်ကြောင်း ဆင်ခြင်မိ၏။

တကယ်တန်းရင်ဆိုင်ကြပြီဆိုလျှင် စွန်ထုံက အိုရန်စုထက် သာကြောင်း သဘောပေါက်ထား၏။

စွန်ထုံသည် ပထမတစ်ချီခံလိုက်ရသည်နှင့် ဒေါသထွက်သွားပြီး....

'သိကြသေးတာပေါ့ကွာ'

ဟု ကြုံးဝါးကာ ပြင်းထန်စွာတိုက်ခိုက်လိုက်၏။

အိုရန်စုကလည်း ပြန်လည်တိုက်ခိုက်လိုက်၏။

ယခုတစ်ကြိမ်....

စွန်ထုံသည် အိုရန်စု၏ တိုက်ကွက်များကို ချေဖျက်ကာ အပေါ်စီးယူကာ တိုက်ခိုက်လိုက်တော့၏။

'ဇုန်း....'

ကျယ်လောင်သော အသံထွက်ပေါ်လာပြီး အိုရန်စုံနောက်ဆုတ်သွားရတော့သည်။

....o....

အိုရန်စုနှင့်စွန်ထုံတို့၏တိုက်ပွဲသည် တစ်ဘက်သတ်ဆန်လှသည်ဟု ဆိုနိုင်ပေသည်။

အိုရန်စုသည် အပြင်းအထန်ခုခံနေသည့်ကြားမှ စွန်ထုံ၏ လှက်ချက်မိသွားခြင်းဖြစ်၏။

မသဲမကွဲညည်းညူရင်း ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားရလေသည်။ စွန်ထုံက လိုက်လံတိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်....

'ရပ်လိုက်'

ဟန့်တားသံ ထွက်ပေါ်လာ၏။



စွန်ထုံက နောက်ဆုတ်လိုက်ပြီး လှမ်းကြည့်လိုက်၏။

ထိုအခါ ကျိကွေ လှမ်းထွက်လာသည်ကို တွေ့ရလေသည်။

ကျိကွေက....

'ခင်ဗျားဆက်ပြီးတိုက်ခိုက်စရာမလိုဘူး၊ သရေပွဲ ဖြစ်သွားပြီဗျ'

ဟု ပြောလိုက်၏။

'ဘာကွ....'

စွန်ထုံ မကျေမနပ်ဖြစ် သွား၏။

အိုရန်စုအား မှည်သည့်နည်းနှင့်မဆို အနိုင်ယူနိုင်သည်ဟု နားလည်ထားပေ၏။

ထို့ကြောင့်....

သရေပွဲပေးရမည်ကို လက်မခံနိုင်ပါချေ။

'ဘာကြောင့်သရေပွဲဖြစ်ရမှာလဲ၊ သူ့ကို ကျုပ်ကကောင်းကောင်းကြီး အနိုင်ယူပြနိုင်တယ်ကွ'

ဟု အော်လိုက်လေ၏။

ကျိကွေက....

'သူ့ကြောင့် ခင်ဗျားအရင်ခံလိုက်ရတာဆိုတာလဲ သတိထားစမ်းပါဦး၊ တစ်ယောက်တစ်ချက်စီခံလိုက်ရတာ သရေပွဲမဟုတ်လို့ ဘာလဲဗျ'

စွန်ထုံ ငိုင်သွား၏။

သို့သော်....

'ဟော့.... ဆက်ပြီးတိုက်ခိုက်ရင် ငါပဲအနိုင်ရမှာကွ'

ဟု ပြောလိုက်၏။

ကျော်ကွေ့ ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်တို့က သိုင်းကွက်အဒနအထားကိုကြည့်ပြီး အနိုင်အရှုံးဆုံးဖြတ်မှာဗျ၊ ဆက်ပြီး တိုက်ခိုက်စရာ မလိုတော့ဘူး၊ သရေပွဲဖြစ်သွားပြီ'

စွန်ထုံ လက်မခံချေ။

'မလိုချင်ဘူး၊ ငါကတော့ သူသေ ကိုယ်သေ ယှဉ်ပြိုင်မှာပဲ'

'ဒါဖြင့် ကျုပ်ယှဉ်မယ်'

ကျော်ကွေ့က ရင်ဆိုင်ရန်ဆုံးဖြတ်လိုက်၏။

စွန်ထုံ မဲ့ပြုံးပြုံးလိုက်၏။

'လာခဲ့စမ်း....ဘယ်သူပဲဖြစ်ဖြစ် ငါ့က ဂရုမစိုက်သေးဘူးကွ'

'ကောင်းပြီ....ခင်ဗျားသတိထားပါ'

ကျော်ကွေ့က စတင်တိုက်ခိုက်လိုက်၏။

စွန်ထုံကလည်း ပြန်လည် တိုက်ခိုက်လိုက်လေ၏။

....o....



'ခွပ်ခွမ်....ခွပ်ခွပ်

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်နေပါသည်။

ကောက်ယိ၏တစ်ကိုယ်လုံး ချွေးရွှဲရွှဲစိုနေသလို မြင်းညိုကြီးမှာလည်း ပါးစပ်မှ အမြှုပ်တစီစီထွက်အောင် မောဟိုက် နွမ်းနယ်နေပြီဖြစ်သည်။

သခင်၏အလိုကျ ဒုန်းစိုင်းပြေးနေဆဲ....

ကောက်ယိသည် အဝေးတကြီး ခရီးနှင်လာရင်း အရှေ့ဘက်၌ တိဗက်နယ်ခြား မြို့လေးကို မှုန်ပျပျ တွေ့မြင်လိုက်ရသောအခါ ဝမ်းသာသွားလေသည်။

'ကဲ....ပြေးလိုက်စမ်းပါဦးကွယ်'

မြင်းညိုကြီးကို အပြင်းနှင်လိုက်ပြန်လေသည်။

မြင်းညိုကြီးက ဆက်၍ဒုန်းစိုင်းပြေးသွားလေတော့သည်။

....o....

ယခုဘစ်ကြိမ်....

စွန်ထုံသည် ရန်သူကို ပေါ့ပေါ့တန်တန် သဘောမထားတော့ချေ။

ကျုံကွေသည် သရဲမျက်နှာဟု နာမည်ကြီးနေသူဖြစ်၍ ခေမည်မဟုတ်ကြောင်း သဘောပေါက်ထားလေသည်။

မှန်ပေသည်။

ကန္တာရကြယ်အဖွဲ့တွင် ကျူစိမ်ရှန်ပြီးလျှင် သရဲမျက်နှာကျုံကွေမှာ သိုင်းပညာ အတော်ဆုံးမဟုတ်ပါလား။

ကျုံကွေသည် လက်ဝါးနှစ်ဘက်တွင် အတွင်းအားစုစည်းကာ ဖြည်းဖြည်းမှန်မှန် တိုက်ခိုက်လိုက်လေသည်။

လေတိုးသံ တဟူးဟူးထွက်ပေါ်လာလေသည်။

စွန်ထုံကလည်း အတွင်းအားထုတ်ဖော်ရင်း လက်ဝါးဖြင့် ပြန်လည်ခုခံလိုက်သည်။

'ဝုန်း....'

လက်ဝါးလေးဘက် ပူးကပ်မိသွားလေသည်။

သူတို့၏ ယှဉ်ပြိုင်ပွဲကိုကြည့်ကာ ကျူစိမ်ရှန်၏မျက်နှာတည်ကြည်လေးနက်လာလေသည်။

ကျုံကွေ အတွင်းအားချင်း ယှဉ်ပြိုင်ချင်းမပြုဘဲ ပေါ့ပါးသော သိုင်းကွက်များဖြင့် ယှဉ်ပြိုင်သင့်သည်ဟု ယူဆမိလေသည်။

ယခုကဲ့သို့ အတွင်းအားချင်း ယှဉ်ပြိုင်သည်မှာ အန္တရာယ်များသည်ဟု နားလည်မိ၏။



စွန်ထုံအား အနိုင်ရလျှင်ပင် ကျုံကွေလည်း သက်သာမည်မဟုတ်ချေ။

ကျူစိမ်ရှန် အတွေးမမှားပါ။

အတွင်းအားချင်း ယှဉ်ပြိုင်ရင်း ထမင်းတစ်အိုးချက်ခန့် အချိန်ကြာလျှင် အနိုင်အရှုံး အဖြေပေါ်လာလေတော့သည်။

ကျုံကွေ၏ မျက်နှာကြီး နီရဲလာသည်။

နဖူးပေါ်မှ ချွေးများ ယိုစီးကျလာလေသည်။

စွန်ထုံကား ဝမ်းသာနေပါသည်။

အတွင်းအားကို ထုတ်ဖော်ကာ ဖိ၍ တိုက်ခိုက်လိုက်လေသည်။ ကျုံကွေ အခြေအနေမဟန်သည်ကို မြင်လျှင်....

'ရပ်လိုက်'

ကျူပေအင်က ဟန့်တားလိုက်လေသည်။

သူမသည် ရှေ့သို့ ခုန်ထွက်လိုက်ပြီး ယပ်တောင်တစ်ချောင်းဖြင့် စွန်ထုံနှင့် ကျုံကွေတို့၏ ပူးကပ်နေသော လက်ဝါးများကို ရိုက်ချလိုက်လေသည်။

'ဖျပ်....ဖျပ်....ဖျပ်'

တဖျပ်ဖျပ်မြည်သံများနှင့်အတူ ယပ်တောင်များ အပိုင်းပိုင်း ကျိုးသွားလေတော့သည်။

စွန်ထုံနှင့်ကျုံကွေတို့ နောက်ဆုတ် လိုက်ကြလေသည်။ ကျုံကွေ ဒယီးဒယိုင် ဖြစ်နေပါသည်။

စွန်ထုံက....

'ဒါ ဘာလုပ်တာလဲ'

ဟု ငေါက်လိုက်လေသည်။

ကျူပေအောင်က....
'ရှင်နဲ့ကျွန်မ ရင်ဆိုင်မလို့'
ဟု ပြောလိုက်သည်။
စွန်ထုံ ဒေါပွသွားလေသည်။
'မင်းတို့က တစ်ယောက်မနိုင်တာနဲ့ နောက်ဘစ်ယောက် ဝင်လာတာကိုး၊ အားလုံးတစ်ခါတည်း ဝင်လာကြလဲ ငါက ဂရုမစိုက်သေးဘူးဆိုတာ မှတ်ထားပါ'
ပြောရင်း တိုက်ခိုက်ရန် ဟန်ပြင်လေသည်။
'နေဦး....'
ကျူစိမ်ရှန်က ဟန့်တားလိုက်၏။
စွန်ထုံက....
'မင်းက တစ်ခါတည်း ဝင်ပြိုင်မလို့လား'
ဟု မေးသည်။
ကျူစိမ်ရှန်က....
'ဟုတ်တယ်'
'ဟား....ဟား....ဟား သိပ်ကောင်းတာပေါ့'
ကျူစိမ်ရှန်က ထိုင်ရာမှ ထလိုက်လေသည်။
'အစ်ကို....'
'အစ်ကိုကြီး....'
ကျီကွေ၊ အိုရန်စုံနှင့် ကျူပေအောင်တို့ အထိတ်တလန့် ခေါ် လိုက်ကြသည်။
ကျူစိမ်ရှန်က လက်ကာပြလိုက်လေသည်။
'ကိစ္စမရှိဘူး'



သူက စွန်ထုံနှင့် ရင်ဆိုင်လိုက်သည်။
စွန်ထုံ အားမည်သူမျှယှဉ်နိုင်မည်မဟုတ်ကြောင်း နားလည် ထားလေသည်။

စွန်ထုံက....
'မင်း ရှုံးသွားရင် အာမခံပစ္စည်းတွေ ပြန်ပေးရလိမ့်မယ်'
ဟု ပြောသည်။

ကျူစိမ်ရှန်က....
'ခင်ဗျား ကြိုးစားကြည့်ပါဦး'
'စိတ်ချ....'

စွန်ထုံက စတင်တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။
ကျူစိမ်ရှန်ကလည်း အသင့် ပြင်လိုက်သည်။
ထို့နောက်....
'ယား....'
ဩသံပေကာ စတင် ယှဉ်ပြိုင်တိုက်ခိုက် ကြလေတော့ သည်။

....o....

လင်းဧဒင
အမှတ် ၁၉/၁၃၈၊ ဗိုလ်
တောင် ၄ ဖြိ
ရုံး ၂၁၇၄၄

စွန်ထု သည် လက်ဝါးတွင် အတွင်းအားထည့်ကာ ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်လေသည်။

ကျူ့စိမ်ရှန်ကလည်း ပြန်လည် တိုက်ခိုက်လိုက်လေ၏။

အမှန်တော့....

ကျူ့စိမ်ရှန်၏ သိုင်းပညာသည် စွန်ထု ထက် မြင့်မားသာလွန် နေပါသည်။

ကောက်ယိ၏ လက်ချက်ကြောင့်သာ ဒဏ်ရာ မရခဲ့ပါလျှင် လွယ်လင့်တကူ အနိုင်ယူနိုင်မည် ဖြစ်ပေသည်။

ယခုမူ....

ဒဏ်ရာပြင်းစွာ ရထားသည်ဖြစ်ရာ ထက်မြက်သော သိုင်းပညာရပ်များကို ထုတ်ဖော်နေသည့်တိုင် စွန်ထု ကို အနိုင်မယူနိုင်သည့်အပြင် သိုင်းကွက်ငါးကွက်အတွင်း နောက်သို့ ခြေလှမ်းဆုတ်လိုက် ရလေတော့သည်။

'ဟား....ဟား....ဟား'

စွန်ထု သဘောကျစွာ ရယ်မောလိုက်သည်။

ကျူ့စိမ်ရှန်အား အနိုင် ယူနိုင်တော့မည်ဖြစ်ကြောင်း ရိပ်မိကာ ရယ်လိုက်ခြင်း ဖြစ်သည်။

'သေပေတော့'

ကြုံးဝါးယင်း လက်ဝါးနှစ်ဘက်ဖြင့် တအား ရိုက်ချပစ်လိုက်လေ၏။

ကျူ့စိမ်ရှန် ရှောင်တိမ်းလျှင် ထပ်မံ တိုက်ခိုက်ဖို့လည်း အကွက် ဆင်ထားလိုက်၏။

သို့သော်....



ကျူ့စိမ်ရှန်သည် မရှောင်နိုင်သဖြင့် လက်ဝါးဖြင့်ပြန်လည် ခုခံပေးလိုက်လေသည်။

'ဝုန်း....'

လက်ဝါးများ ပူးကပ်သွားလေသည်။

စွန်ထု က ထက်မြက်သောအတွင်းအားကို ထုတ်ဖော်ကာ ကျူ့စိမ်ရှန်လဲကျသွားအောင် ကြိုးစားလိုက်လေသည်။

ကျူ့စိမ်ရှန်ကလည်း ခွန်အားကို ဖျစ်ညှစ်ထုတ်ကာ ခုခံလိုက်သည်။

ဤတွင်....

ကျူ့စိမ်ရှန်၏ ဝမ်းဗိုက်ဒဏ်ရာမှ သွေးများ စိမ့်ထွက်လာကာ အင်္ကျီများစိုရွှဲသွားလေတော့၏။

အကဲခတ်ကြည့်နေသော ယန်ထဝိနှင့် စွာကျင့်တို့ အံ့ဩသွားကြလေသည်။

ယန်ထင်က....

'သူ ဒဏ်ရာရထားတာပဲ'

ဟု လွှတ်ခနဲ ရေရွတ်လိုက်လေ၏။

ကျူ့စိမ်ရှန် ဒဏ်ရာရထားကြောင်း ပေါ်လွင်ရာ စွန်ထု အားတက်သွားလေ၏။

သေချာပေါက် အနိုင်ရတော့မည်ဟုလည်း ယုံကြည်လာလေသည်။ ကျူ့စိမ်ရှန်က အံကြိတ်ကာ ခုခံနေဆဲ....

ကျိကွေ၊ အိုရန်စုနှင့် ကျူ့ပေအင်တို့ မနေနိုင်တော့ပါ။

သုံးယောက်သား စွန်ထု အား ပြေးဝင်တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေ၏။

ထိုစဉ်....
'နောက်ဆုတ်လိုက်'
အော်ငေါက်သံတစ်ချက် ထွက်ပေါ်လာပြီး လူရိပ်တစ်ခု ခုန်ဝင်လာကာ စွန်ထုံအား တိုက်ခိုက်လိုက်လေ၏။

စွန်ထုံ ရင်ထိတ်သွားသည်။
ကျူစိမ်ရှန်အား ဆက်ပြီးမတိုက်ခိုက်ပဲတော့ဘဲ လက်ဝါးကို ရုပ်သိမ်းကာ နောက်သို့ ခုန်ဆုတ်သွားရလေ၏။

အားလုံး တအံ့တသြဖြစ်သွားကြပြီး ကြားဝင် တိုက်ခိုက်လာသူကို ကြည့်လိုက်ကြ၏။

'ကောက်ယိ'

ကျိုကွေ့ လွှတ်ခနဲ အော်လိုက်၏။

မှန်ပေသည်၊ ကျူစိမ်ရှန်အား အချိန်မီ ဝင်ရောက် ကယ်တင်လိုက်သူမှာ ကောက်ယိ ဖြစ်ပါသည်။

ကျူစိမ်ရှန်က ပြုံးလိုက်၏။
'မင်း ပြန်လာပြီကိုး'
ဟု ရေရွတ်လိုက်သည်။

ကောက်ယိက....
'ဟုတ်တယ်၊ လူယုတ်မာတွေ ရှိနေသမျှ ကာန္တာရထဲက ကျုပ် ထွက်သွားမှာမဟုတ်ဘူးဗျ'
ဟု ပြောလိုက်သည်။



ကျူစိမ်ရှန် ကျေနပ်သွား၏။
စိတ်ကို လျှော့ချလိုက်သောအခါ....
'စုန်း....'
ကြမ်းပြင်ပေါ်လဲကျကာသတိလစ်မေ့မြောသွားလေတော့သည်။

....ဝ....

ကျူစိမ်ရှန်အား ကျူပေအောင်၊ ကျိုကွေနှင့် အိုရန်စုဘို့က ဖေးမလိုက်ကြလေ၏။

ကျူစိမ်ရှန် သတိလစ် မေ့မြောနေပြီ ဖြစ်ပါသည်။

မည်သို့ဆိုစေ....

စွန်ထု ထွီလူစုအား မှုစရာမလိုတော့ပါ။

ကောက်ယီ ရောက်ရှိလာပြီဖြစ်လေသည်။

စွန်ထု ဒေါသထွက်သွားလေသည်။

'မင်း လာရှုပ်ပြန်ပြီလား'

ဟု ဒေါက်လိုက်လေသည်။



ကောက်ယီက....

'ခင်ဗျားတို့ ထွက်သွားဖို့ကောင်းတာကြာပြီ'

ဟု ပြတ်သားစွာ ပြောလိုက်လေသည်။

စွန်ထုက....

'အာမခံပစ္စည်းတွေမရဘဲ ငါတို့မပြန်ဘူး'

ကောက်ယီ ပြုံးလိုက်သည်။

'အာမခံပစ္စည်းတွေဟာ ခင်ဗျားရဲ့ပစ္စည်းတွေ မဟုတ်ပါဘူး၊ ခုလောက် သဲကြီးမဲကြီးဖြစ်နေတာ အာမခံပစ္စည်းတွေ ပြန်ရရင် သူဌေးကြီးယုံကိုပြန်မအပ်ဘဲ ခင်ဗျားကို အပိုင်စီးဖို့ ကြံစည်နေကြတယ်ဆိုတာ ကျုပ် မရိပ်မိဘူး ထင်နေသလား'

'မင်း....မင်း....'

ကောက်ယီ၏စကားကြောင့် စွန်ထု မျက်နှာပျက်သွားလေသည်။

စွာကျင့်က မနေနိုင်တော့ပါ။

'မင်းနဲ့ဘာဆိုင်သလဲ၊ ဝင်မရှုပ်ဘဲ အေးအေးဆေးဆေး ဘေးဖယ်နေရင် ကောင်းမယ်'

ဟု ဝင်ပြောလိုက်လေသည်။

ကောက်ယီ ပေါင်းခါယမ်းလိုက်သည်။

'ခင်ဗျာ မှားသွားပြီ'

'ဘာ..'

'ကျုပ်နဲ့ ဆိုင်တယ်ဗျ'

စွာကျင့် မဲ့ပြုံး ပြုံးလိုက်သည်။

'ဩော်....မင်းကလဲ ရွှေဒင်္ဂါးတွေကို မက်မောနေတာကိုး'

ကောက်ယိက....

'ရွှေဒင်္ဂါးတွေကို ကျုပ်မမက်ပါဘူး'

'ဒါဖြင့် မင်းနဲ့ဆိုင်တယ်ဆို'

'ကျုပ်နဲ့ဆိုင်တာ ကန္တာရကြယ်အဖွဲ့ပဲ'

စွာကျင့် နားရှုပ်သွားလေသည်။

'မင်း ဘာဆိုလိုတာလဲ'

ကောက်ယိက တည်ကြည်သောမျက်နှာထားဖြင့်....

'ကန္တာရကြယ် အဖွဲ့ကို ကူညီဖို့ ကျုပ် ဆုံးဖြတ်လိုက်လို့ပါ'

'မင်း....မင်း....'

စွာကျင့် မကျေမနပ်ဖြစ်သွားလေသည်။

ကျီကွေတို့ ဝမ်းသာသွားကြသည်။

ကောက်ယိသာ သူတို့အား ကူညီမည်ဆိုလျှင် စွန်ဆုတို့အား မှုစရာမလိုတော့ကြောင်း သဘောပေါက်ထားကြလေသည်။

စွာကျင့်က....

'ငါတို့ အလုပ်ကို ဝင်ရှုပ်မယ်ဆိုရင် ငါတို့ သည်းခံမှာမဟုတ်ဘူး'

ပြောပြောဆိုဆို တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

ကောက်ယိက....

'ခင်ဗျားတို့ ထွက်သွားကြပါဗျာ'

ဟု ပြောလိုက်လေသည်။



စွာကျင့်က လုံးဝဂရုမစိုက်ဘဲ....

'သေပေတော့'

ဩသံပေးကာ စတင်တိုက်ခိုက်လိုက်လေသည်။

....၁....

စွာကျင့်သည် ကောက်ယိအား တစ်ကြိမ် ရင်ဆိုင်ခဲ့ဖူးပေသည်။

ကောက်ယိ၏ သိုင်းပညာမှာ ကြောက်မက်ဖွယ်ကောင်းအောင် ထက်မြက်ကြောင်း သဘောပေါက်ထားသည်။

ထို့ကြောင့် သတိကြီးစွာထားကာ တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

လက်တစ်ဘက်ဝေ့ယမ်းကာ တိုက်ကွက်ဆင်သလို ကျန်လက်တစ်ဘက်က လက်နက်ပုန်းများကို အသင့်ကိုင်ကာ အလစ်တိုက်ခိုက်ရန် ပြင်ဆင်ထား၏။

ကောက်ယီက ဖြည်းဖြည်းမှန်မှန် ပြန်လည်တိုက်ခိုက်လိုက်သည်။ သူတို့၏တိုက်ကွက်များမှာ ခွန်အားအပြည့်ပါသဖြင့် အဝတ်အစားလေ့တိုးသံများ တဟွူးဟွူးမြည်ကာ ထွက်ပေါ်လာ၏။

စွာကျင့်သည် လက်ငါးချောင်းကို ကွေးကာ စွန်ကုတ်လက်သည်း သဏ္ဍာန်ဖြင့် ကုတ်ဆွဲတိုက်ခိုက်ရာမှ ရှတ်ဘရက်သိုင်းကွက်ပြောင်းလိုက်၏။

'သေပေတော့....'

ငြသံပေးရင်း ဖွက်ထားသော လက်နက်ပုန်းများဖြင့် ပစ်ခတ်လိုက်၏။ တစ်ဆက်တည်းပင် ကောက်ယီထံ ခုန်ဝင်ကာ ခြေထောက်ဖြင့် ကန်ကျောက်လိုက်၏။

ကောက်ယီက သူမ အလစ်အငိုက်ဖမ်းကာ တိုက်ခိုက်နိုင်ကြောင်း ဆင်ခြင်မိထား၏။ ထို့ကြောင့် စွာကျင့်က တိုက်ခိုက်လာသည်နှင့် အင်္ကျီလက်ကိုဝှေ့ယမ်းကာ လက်နက်ပုန်းများကို ရိုက်ချပစ်လိုက်၏။

ထို့နောက်....

'ယား....'

ငြသံပေးကာ လက်ဝါးစောင်းဖြင့် ခပ်စွေစွေ ခုတ်ချပစ်လိုက်၏။ နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြသည်နှင့်....

'ဝုန်း....'



ကြယ်လောင်သောအသံ ထွက်ပေါ်လာ၏။

စွာကျင့်သည် မသဲမကွဲညည်းညူကာ နောက်ဆုတ်သွားလေ၏။ သူမအရေးနိမ့်သွားပြီးဖြစ်ပါသည်။

ရွှေပုံစာပေ
အမှတ် ၁၅ ၁၃၈၊ ၆ လမ်း
ဘောင် ၄ ဦး
ရန်၊ ၂၀၇၄၄

စွာကျင့် ခံပြင်းဒေါသထွက်နေပါ၏။

သူမသည် ကောက်ယီထက် အသက်ကြီးပြီး သိုင်းပညာ အတွေ့အကြုံ ပိုရှိရင့်ကျက်သူဖြစ်ပါ၏။

သို့သော်....

ကောက်ယီကို မယှဉ်နိုင်ဘဲ အရေးနိမ့်သွားရသဖြင့် ကြိတ်မနိုင်ခဲမရ ဖြစ်နေခြင်းတည်း။

ကောက်ယီက....

'ခင်ဗျားရှုံးသွားပြီ'

ဟု ပြောလေသည်။

စွာကျင့်က ဝန်ခံခြင်းလည်းမပြု၊ ဘာမျှပြန်မပြောချေ။

ကောက်ယိက စွန်ထုံကိုကြည့်လိုက်၏။

စွန်ထုံက....

'မင်းကို ငါဆုံးမပြမယ်'

ဟုပြောကာ ရှေ့သို့ခုန်ထွက်လာ၏။

သူ၏ကျောပေါ်မှ အထုပ်လေးကိုဖြုတ်ချကာ ဖြေလိုက်သည်။

အရောင်တဖိတ်ဖိတ်တောက်ပြောင်နေသော သံမဏိလက်လက်နက် ထွက်ပေါ်လာ၏။

စွန်ထုံက ထိုလက်နက်ကို ဖဲဘက်ပခုံးတွင် တပ်ဆင်လိုက်လေသည်။

ကောက်ယိ ရင်ထိတ်သွား၏။

'အစ်ကို သတိထား'

ရုတ်တရက် စိုးရိမ်ပူနေသော ချိုလွင်သာယာသည့် အသံလေးထွက်ပေါ်လာ၏။

ကောက်ယိ၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။

ထိုအသံလေးမှာ ကျူပေအင်၏အသံ ဖြစ်သည် မဟုတ်ပါလား။

ကောက်ယိ၏တစ်ကိုယ်လုံး ခွန်အားများပြည့်ဖြိုးလာသည်ဟု ခံစားလိုက်ရတော့၏။

ကောက်ယိ လှည့်ကြည့်လိုက်သောအခါ ကျူပေအင်က ခေါင်းငုံ့ထားလိုက်၏။ ကျူစိမ်ရှန်လည်း သတိရလာပြီဖြစ်လေသည်။

ကောက်ယိကို ပြုံးပြလိုက်၏။



ကောက်ယိက....

'မပူပါနဲ့ဗျာ၊ သူတို့ကို ကျုပ် မောင်းထုတ်လိုက်ပါ့မယ်'

ဟု ပြောလိုက်သည်။

ကျူစိမ်ရှန်က....

'ကျေးဇူးပါပဲဗျာ'

ကောက်ယိက စွန်ထုံနှင့် ရင်ဆိုင်လိုက်သည်။

စွန်ထုံက....

'ဒီတစ်ခါ ငါ့အလှည့်ပဲ သတိထားပေတော့'

ဟု ကြုံးဝါးကာ စတင်တိုက်ခိုက်လိုက်သည်။

ကောက်ယိကလည်း ချက်ချင်း ပြန်လည် တိုက်ခိုက်လိုက်လေတော့သည်။

....o....

'ဝှစ်....ဝှစ်....ဝှစ်'

စွန်ထုံက သံမဏိလက်ကို ဝေ့ယမ်းလိုက်သောအခါ တဝှီးဝှီး မြည်သံများ ထွက်ပေါ်လာလေသည်။

သံမဏိလက်၏ထိပ်ဖိုင်းတွင် ချွန်ထက်နေသော သံမဏိလက်ချောင်းငါးချောင်း တပ်ဆင်ထား၏။

သံမဏိဖြင့် ပြုလုပ်ထားသည် ဆိုသော်လည်း တကယ့်လက်ချောင်းပမာ ကွေး၍ဆန့်၍ ရလေသည်။

စွန်ထုံသည် သံမဏိလက်နက်ဆန်းကို အသုံးပြုကာ ပြိုင်ဘက်များကို အနိုင်ယူခဲ့သူဖြစ်သည်။

ထို့ကြောင့်လည်း သိုင်းလောကတွင် သံမဏိလက်သည်း စွန်ထုံဟု ကျော်ကြားနေကြသည်။

ယခု....

သံမဏိလက်အသည်းလက်နက်ဆန်းကိုအသုံးပြုကာ ကောက်ယိကို အနိုင်ယူရန် ကြိုးစားနေပြီဖြစ်လေသည်။

ကောက်ယိ မပေါ့ဆဝံ့ပါ။

တစ်ချက်လေးမှားသွားသည်နှင့် စွန်ထုံ၏ လက်နက်ဆန်းကြောင့် အသက်ပါသွားမည်ဖြစ်ကြောင်း သဘောပေါက်ထားလေသည်။

သတိကြီးစွာထားကာ ရှောင်တိမ်းရင်း ပြန်လည်တိုက်ခိုက်နေရလေသည်။

သို့တိုင် တစ်ကြိမ်တွင် ပွတ်ကာသီကာ ရှောင်တိမ်းရင်း အနည်းငယ် နောက်ကျသွားသဖြင့်....

'ဗျို....'



ကောက်ယိ၏အင်္ကျီများ စုတ်ပြဲသွားခဲ့ရလေတော့သည်။

'ဟား....ဟား....ဟား'

စွန်ထုံ ဟားတိုက်ရယ်မောလိုက်သည်။

မြို့ပျက်ကြီး၌ ရင်ဆိုင်စဉ်က သံမဏိလက်သည်း လက်နက်ကို အသုံးမပြုနိုင်ခဲ့ခြင်းကြောင့် အရေးနိမ့်ရခြင်း ဖြစ်သည်ဟု ယုံကြည်ထားလေသည်။

ယခု....

သံမဏိလက်သည်း လက်နက်ဆန်းကို အသုံးပြုနိုင်ပြီ ဖြစ်ရာ အနိုင်ယူနိုင်တော့မည်ဟု ယုံကြည်ထားလေသည်။

'သေဖို့သာပြင်ထား'

ဟု ကြုံးဝါးကာ ပို၍ ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်လေသည်။

ကောက်ယိက ရှောင်ရင်းတိမ်းရင်း လူချင်းပူးကပ်မိရန် ကြိုးစားလိုက်၏။

စွန်ထုံကလည်း လူချင်းပူးကပ်သွားလျှင် ကောက်ယိကို အနိုင်ယူဖို့ ပို၍လွယ်ကူမည် ထင်မှတ်ထားလေသည်။

ထို့ကြောင့် မသိမသာ ပူးကပ်ခံလိုက်လေသည်။

တကယ်တမ်း လူချင်းနီးကပ်သွားတော့မှ မိမိမှားသွားပြီဖြစ်ကြောင်း စွန်ထုံ သဘောပေါက်သွားလေတော့သည်။

အကြောင်းမှာ....

'ယား....'

ကောက်ယံက ငြသံပေးကာ ကျောက်စိမ်းဓားကို ဆွဲထုတ်လိုက်ပြီး လျှပ်တစ်ပြက် ခုတ်ချလိုက်ရာ....

'ခြိမ်း....'

စွန်ထုံ၏ သံမဏိလက်သည်း လက်နက်ပုန်း ထက်ပိုင်းပြတ်ကျသွားလေသည်။

'ဟာ....'

စွန်ထုံအထိတ်တလန့် အော်လိုက်၏။

ကပျာကယာ နောက်ဆုတ်ရန်လည်း ကြိုးစားလိုက်လေသည်။

သို့သော်....

'မလှုပ်နဲ့'

ကောက်ယံ၏ အော်သံ ထွက်ပေါ်လာ၏။

ကျောက်စိမ်းဓားဖြင့် စွန်ထုံ၏ ရင်ဝကို ထောက်ထားလိုက်၏။ စွန်ထုံ ထုတ်တုတ်မျှ မလှုပ်ဝံ့တော့ပါ။

ကောက်ယံက လက်ကို ဆန့်ထုတ်လိုက်သည်နှင့် ဓားသည်သူ၏ရင်ဝကိုဖောက်ထွင်းသွားတော့မည်ဖြစ်ကြောင်းသဘောပေါက်ထား၏။

စွန်ထုံ၏ နဖူးပေါ်မှ ချွေးများ စီးကျလာတော့သည်။ သူ၏ အသက်သည် ကောက်ယံ၏ လက်ထဲ၌ ရှိနေပြီတကား။

ကောက်ယံက ဓားကိုရုပ်သိမ်းလိုက်၏။



ပြီးလျှင်....

'ခင်ဗျားတို့ထွက်သွားပါ'

ဟု ပြောလိုက်လေ၏။

လင်းစာပေ
အမှတ် ၁၅ ၁၃၁၊ ၆ လမ်း
ဘောင် ရုံ
ဖုန်း ၂၀၇၄၄

စွန်ထုံ နောက်ဆုတ်လိုက်၏။

ကောက်ယံက သူ့အား အသက်ချမ်းသာပေးလိုက်ပြီဖြစ်သည်။

ရွှေဒင်္ဂါးများကိုရယူဖို့ မည်သည့်နည်းနှင့်မျှမဖြစ်နိုင်တော့သလို ဤနေရာမှ ထွက်သွားဖို့သာ ရှိတော့သည်ဟု နားလည်သွား၏။

သို့သော်....

စွန်ထုံက စွာကျင့်ကိုကြည့်လိုက်၏။

စွာကျင့်လည်း ခံပြင်းဒေါသထွက်နေဟန် ရှိ၏။ သူမ၏မျက်လုံးအစုံ အရောင်တဖိတ်ဖိတ် တောက်ပနေပြီး ကောက်

ကျစ် စဥ်းလဲသည့် အရိပ်အယောင်များ ထွက်ပေါ်နေလေ့ သည်။

စွန်ထုံက ကြည့်လိုက်လျှင် သူမက မျက်ရိပ်ပြလိုက်လေ့ သည်။

သူမ၏အကြံကို စွန်ထုံ သဘောပေါက်သွားသည်။ သူ တို့သည် ကောက်ယိုက မယှဉ်နိုင်ကြသော်လည်း ကျူးစိမ်ရှန် ကို အလွယ်တကူ သုတ်သင်ပစ်နိုင်ကြပါ၏။

ကျူးစိမ်ရှန်အား ဖမ်းဆီးနိုင်လျှင် ကောက်ယိလည်း ဘာမှ တတ်နိုင်တော့မည်မဟုတ်ပေ။

အရှုံးပေးကာ နောက်ဆုတ်သွားရခြင်းထက် ကြိုးစား ခြင်းကမမှားဟု ယူဆထားကြ၏။

စွန်ထုံနှင့်စွာကျင့်တို့သည် အလွန်ခေါင်းမာသူများဖြစ်ကြ ပေတော့၏။

ကောက်ယိက ...

'ကဲ.... သွာ ကြပါတော့ဗျာ၊ ကန္တာရထဲကို ဘယ်တော့မှ ပြန်မလာကြပါနဲ့တော့'

ဟု ပြောလိုက်သည်။

စွန်ထုံက....

'ကောင်းပြီ'

ကြမ်းပြင်ပေါ်တွင်ကျနေသောသံမဏိလက်တစ်ပိုင်းပြတ ကို ကောက်ယူရန် ဟန်ပြင်လိုက်၏။

ကောက်ယိက ဟန့်တားခြင်းမပြုချေ။

ထိုအချိန်မှာပင်....



'ယား....'

စွာကျင့်ကစွန်ထုံထံအာရုံရောက်နေသည့် ကောက်ယိထံသို့ လက်နက်ပုန်းများဖြင့် ပစ်ခတ်လိုက်၏။

ကောက်ယိ ရင်ထိတ်သွားပြီး ကပျာကယာ နောက်ဆုတ် ရှောင်တိမ်းလိုက်၏။

ထိုအချိန်တွင်....

'ယား'

စွန်ထုံက ဩသံပေးကာ ကျူးစိမ်ရှန်ထံသို့ ပြေးဝင်သွား တော့၏။

သူတို့နှစ်ယောက် အချိန်ကိုက် လှုပ်ရှားလိုက်ကြခြင်း ဖြစ် သည်။ စွန်ထုံသည် ကျူးစိမ်ရှန်အား သံမဏိလက်သည်း တစ်ပိုင်းပြတ်ဖြင့်မိုးထားလိုက်ပြီး အနီးရှိ ကျူးပေအင်ကို ကျန် လက်တစ်ဘက်ဖြင့် တွန်းထုတ်လိုက်၏။

မမျှော်လင့်ဘဲ ခံလိုက်ရခြင်းကြောင့်....

'အမေ့....'

ကျူးပေအင် နောက်သို့ လွင့်စဉ်သွားလေ၏။

ကျော်ကွေနှင့် အိုရန်စုတို့ ရင်ထိတ်သွားကြသည်။

ကပျာကယာ လက်နက်များ ဆွဲထုတ်ကာ စွန်ထုံအား တိုက်ခိုက်ရန် ဟန်ပြင်လိုက်ကြလေ၏။

သို့သော်....

'မင်းတို့ခေါင်းဆောင် မသေချင်ရင် ရပ်လိုက်ကြစမ်း'

စွန်ထူ့က ကျူစိမ်ရှန်ကို ဓားစာခံလုပ်ကာ ခြိမ်းခြောက်လိုက်သောအခါ ကျ ကျော့တို့ ကပျာကယာ နောက်ဆုတ်လိုက်ကြလေသည်။

ကောက်ယီသည်း ဘာမှ မတတ်နိုင်တော့ပါ။

'ဟား....ဟား....ဟား'

'ခစ်....ခစ်....ခစ်'

စွန်ထူ့နှင့် စွာကျင့်တို့ သဘောကျစွာ ရယ်မောလိုက်ကြလေသည်။

သူတို့သည် ကောက်ယီအား ရှုံးနိမ့်ခဲ့ကြ သော်လည်း ကျူစိမ်ရှန်ကို ဖမ်းဆီးနိုင်လိုက်ပြီဖြစ်၍ အနိုင်ရသွားကြခြင်း ဖြစ်သည်။

.....○.....

လက်တစ်လုံး ကြား

'ဟား....ဟား....ဟား'

'ခစ်....ခစ်....ခစ်'

စွန်ထူ့နှင့်စွာကျင့်တို့ သဘောကျစွာ ရယ်မောလိုက်ကြလေသည်။ စွာကျင့်က ကောက်ယီကိုကြည့်ကာ လှောင်ပြုံးပြုံးရင်း....

'မဓီး ဘာဘတ်နိုင်သေးသလဲ'

ဟု မေးလိုက်လေ၏။

ကောက်ယီ ဘာမှမပြောပါ။

သို့သော်....

အချိန်မရွေး တိုက်ခိုက်နိုင်ရန် အသင့် ပြင်ထားလိုက်လေသည်။

စွန်ထုံက....

'ကဲ....မင်း မသေချင်ရင် ရွှေဒင်္ဂါးတွေထုတ်ပေး'

ဟု ကျူးစိမ်ရှန်ကို ငေါက်လိုက်သည်။

ကျူးစိမ်ရှန်က အကြောက်အလန့်ကင်းမဲ့စွာဖြင့်....

'ကျုပ်ကိုသတ်လိုက်'

ဟု ပြောလိုက်လေ၏။

စွန်ထုံ ဒေါပွသွားသည်။

'ငါက မသတ်ရဲဘူးများ ထင်နေသလား'

ပြောပြောဆိုဆို သံမဏိလက်သည်း လက်နက်ဖြင့် ကျူးစိမ်ရှန်၏ ငယ်ထိပ်ပေါ်သို့ စိုက်ချရန် ဟန်ပြင်လိုက်လေ၏။

ကျူးပေအောင်၊ ကျုံကွေနှင့် အိုရန်စုတို့ ထိတ်လန့်သွား၏။ ကောက်ယိကလည်း ကျောက်စိမ်းဓားဖြင့် ပစ်ပေါက်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်....

'ခဏနေပါဦးရှင့်'

စွာကျင့်က ဟန့်တားလိုက်လေသည်။

သူမသည် စွန်ထုံ အနီးသို့ လှမ်းသွားရင်း....

'သူ ဆက်ပြီး ခေါင်းမမာနိုင်အောင်၊ မခေပးဘဲ မနေနိုင်အောင် ဘယ်လိုလုပ်ရမယ်ဆိုတာ ကျွန်မသိပါတယ်'

ဟု ပြောလိုက်သည်။

စွန်ထုံက....

'မင်း ဘယ်လိုလုပ်မှာလဲ'

ဟု မေးသည်။



စွာကျင့်က....

'သူ့လူတွေကို သူ့ရှေ့မှာ သတ်ပစ်လိုက်မယ်ဆိုရင် သူ လက်ပိုက်ကြည့်နေနိုင်မှာတဲ့လား၊ ကျွန်မတို့အလိုကို လိုက်လျောရတော့မှာပေါ့'

'ဟား....ဟား....ဟား....ကောင်းတယ်၊ ကဲ....မင်းဘယ်သူ့ကို ရွေးမလဲ'

စွာကျင့်က....

'သူ့ကို....'

ကျူးပေအောင်အား ညွှန်ပြကာ ပြောလိုက်သည်။

ကောက်ယိ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေ၏။

'သူ တစ်ခုခု ဖြစ်သွားမယ်ဆိုရင် ခင်ဗျားတို့ နှစ်ယောက်စလုံးကို ကျုပ် သတ်ပစ်မယ်'

ဟု အော်ပြောလိုက်သည်။

စွာကျင့်က ကောက်ယိကို လှည့်ကြည့်ကာ....

'သူဟာ အဆိပ်ပြင်းတဲ့ မြွေဟောက်တစ်ကောင်ပဲ၊ သူ့ကို အရင်ဆုံးရှင်းပစ်မှ စိတ်ချရမယ်'

ဟု အော်ပြောလိုက်သည်။

ပြောပြောဆိုဆို ကောက်ယိထံသို့ လှမ်းလာလေသည်။

ကောက်ယိက မလှုပ်မယှက် ရပ်နေပါသည်။

စွာကျင့်က....

'မင်းကို သွေးကြောပိတ်ထားရလိမ့်မယ်၊ မင်း လက်မခံရင် မင်းရဲ့မိတ်ဆွေ သေသွားလိမ့်မယ်'

ဟု ခြိမ်းခြောက်လိုက်၏။

ကောက်ယိ မည်သို့ ပြေရှင်းရမှန်းမသိ ဖြစ်သွားလေ၏။

စွာကျင့်က....

'သူ ရှုတ်ရှုတ်သဲသဲလုပ်ရင် ဖိုကောင်လေးကို တစ်ခါတည်းသာ သတ်ပစ်လိုက်'

ဟု စွန်ထုံကို လှမ်းပြောလိုက်သည်။

စွန်ထုံ ခေါင်းညိတ်လိုက်သည်။

'စိတ်ချ...'

စွာကျင့်က ကောက်ယိဘက် ပြန်လှည့်ပြီး....

'ဓား ချလိုက်စမ်း'

ဟု ငေါက်လိုက်သည်။

ကောက်ယိ မည်သို့ ဆုံးဖြတ်ရမည်နည်း။

စွာကျင့်က....

'ဓားချလိုက်ဆိုတာ မကြားဘူးလား'

ဟု ငေါက်လိုက်ပြန်၏။

ကောက်ယိ သက်ပြင်း ချလိုက်သည်။

ကျူးစိမ်ရှန်အတွက် သူက အလျှော့ပေးရတော့မည် ဖြစ်လေသည်။

ကျောက်စိမ်းဓားကို လွှတ်ချရန် ဟန်ပြင်လိုက်၏။

ထိုစဉ်....

'သူ့ကို အလျှော့မပေးနဲ့'

ကျူးစိမ်ရှန်က အော်ပြောလာလေ၏။

စွန်ထုံက....

'မင်း သေချင်ပြီထင်တယ်'



ကျူးစိမ်ရှန်အား ပါးရိုက်ချရန် ဟန်ပြင်လိုက်သည်။

ရုတ်တရက်....

သူ၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်သွားကာ မျက်လုံးကြီး ပြူးထွက် လာလေသည်။

'ခြမ်း....'

လက်ထဲကိုင်ထားသည့်သံမဏိလက်သည်းလက်နက်တစ်ပိုင်းလည်း မြေပေါ် ပြုတ်ကျ သွားလေသည်။

စွာကျင့် ကြောင်အမ်းအမ်း ဖြစ်သွားသည်။

'ရှင် ဘယ်လို ဖြစ်တာလဲ'

ဟု လှမ်းမေးလိုက်သည်။

စွန်ထုံ အဖြေ မပေးနိုင်ပါ။

'ဝုန်း....'

ဒူးများ ကွေးညွတ်ကာ ကြမ်းပြင်ပေါ် လဲကျသွား၏။

ထိုအခါမှ သူ၏ နောက်ကျော၌ ဓားတစ်လက် စိုက်ဝင်နေသည်ကို တွေ့မြင်ရလေသည်။

စွာကျင့် မျက်လုံး ပြူးသွားသည်။

မလှမ်းမကမ်း၌ ရပ်နေသည့် ယန်ထင်ကို ဒေါသတကြီး လှမ်းကြည့်လိုက်လေသည်။

ယန်ထင်က....

'သူတို့ဟာ လူကောင်းတွေပါ၊ ကျုပ်က သူဌေးကြီးယုံရဲ့ အသုံးချမှုကို ဆက်ပြီးခံမှာ မဟုတ်ပါဘူး'

ဟု ပြောလေ၏။

ယန်ထင်သည် ကောက်ယိနှင့် ကျူစိမ်ရှန်တို့ အပေါ် သဘောပေါက်နားလည်သွားပြီ ဖြစ်လေသည်။

ထို့ကြောင့်....

မတရားလုပ်နေသည့် စွန်ထုံတို့အား ဟန့်တားလိုက်ခြင်း ဖြစ်သည်။

စွာကျင့် မျက်နှာပျက်သွားသည်။

အခြေအနေ မဟန်တော့မှန်း သိလျှင် အိမ်ဒေသးထဲမှ တစ်ဟုန်ထိုး ပြေးထွက်သွားလေ၏။

သို့သော်....

အစိမ်းရောင်အလင်းတန်းတစ်ခု ဝင်းလက်တောက်ပသွားလေသည်။ ကောက်ယိ၏ လက်ထဲမှ ကျောက်စိမ်းဓားသည် လှစ်ခနဲပစ်လွင့်သွားပြီး စွာကျင့်၏ နောက်ကျောသို့ စိုက်ဝင်သွားလေ၏။

'အမယ်လေး'

စွာကျင့်သည် စူးရှစွာ အော်ဟစ်လိုက်ပြီး လဲကျသွားလေတော့သည်။

....၈....



အန္တရာယ်များ ချုပ်ငြိမ်းသွားပြီဖြစ်လေသည်။

စွာကျင့်နှင့် စွန်ထုံတို့ မလှုပ်မယှက် လဲကျနေ၏။

လူယုတ်မာတို့ ဇာတ်သိမ်းမကောင်းကြသည်မှာ ထင်ရှားပေါ်လွင်နေပါသည်။

ကောက်ယိနှင့် ကျူစိမ်ရှန်တို့က ယန်ထင်အား ကျေးဇူးတင်သောအကြည့်ဖြင့် ကြည့်လိုက်ကြလေ၏။

ယန်ထင်က....

'ခုချိန်ကစပြီး ရွှေဒင်္ဂါးတွေနဲ့ကော၊ သူဌေးကြီးယုံနဲ့ကော ကျုပ်နဲ့ အယ်လိုမှ မပတ်သက်တော့ပါဘူး၊ ရွှေဘဏ္ဍာင်းအာမခံဌာနကိုလဲ ဖျက်သိမ်းလိုက်ပါပြီ'

ဟု ပြောလေသည်။

ကောက်ယိနှင့် ကျူစိမ်ရှန်တို့ ဝမ်းသာသွားကြ၏။

ကျူစိမ်ရှန်က....

'ကျုပ်တို့ဟာ ကိုယ်ကျိုးအတွက် ဘာတစ်ခုမှ အသုံးမချခဲ့ကြပါဘူးဗျာ'

ယန်ထင် ခေါင်းညိတ်လိုက်သည်။

'ကျုပ် နားလည်ပါတယ်၊ ကဲ....ကျုပ်ကို ခွင့်ပြုကြပါဦး'

ပြောပြောဆိုဆို ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

ကျူစိမ်ရှန်က....

'ခဏနေပါဦးဗျာ'

ဟု ဟန့်တားလိုက်၏။

ယန်ထင်က သူ့အား လှည့်ကြည့်လိုက်လေသည်။

ကျူစိမ်ရှန်က....

'ကျွန်တော် တစ်ခု ပြောချင်ပါတယ်'

'ပြောပါ'

'ကန္တာရကြယ်အဖွဲ့မှာ အရည်အချင်းရှိတဲ့လူတွေ လိုအပ်နေပါတယ်၊ အများအကျိုး၊ သိုင်းလောကအကျိုးအတွက် ကိုယ်ကျိုးစွန့် အနစ်နာခံနိုင်တဲ့ လူစားမျိုးတွေပါဗျာ၊ ဒီလိုလူစားမျိုးတွေဟာ များများစားစား ရှိကြတာ မဟုတ်ဘူး'

ကျုံစိမ်ရှန်၏ စကားကြားလျှင် ယန်ဘင် ပြုံးလိုက်လေသည်။

'ချုပ်က မင်းနဲ့ ရန်သူဖြစ်ခဲ့တယ်ဆိုတာ မင်း မေ့ပစ်နိုင်ပြီလား'

ဟု မေးလေသည်။

ကျုံစိမ်ရှန်က ခေါက်ယိကို ညွှန်ပြရင်း....

'သူနဲ့ကျွန်တော် စားပညာ ယှဉ်ပြိုင်ခဲ့ကြပါတယ်၊ နောက်ဆုံး ကျွန်တော် ဒဏ်ရာရပြီး ရှုံးသွားပါတယ်၊ ဒါပေမယ့် သူ့ကို ကျွန်တော်က မိတ်ဆွေတစ်ယောက်လိုပဲ သဘောထားပါတယ်'

ဟု ပြောလိုက်သည်။

ယန်ထင် ခေါင်းညိတ်လိုက်၏။

'ဒါဆို ငါဟာလဲ မင်းရဲ့ မိတ်ဆွေ ဖြစ်ပြီလို့ မှတ်လိုက်ပါ'

ထိုစကားကိုကြားလျှင် ကျုံစိမ်ရှန်တို့ ဝမ်းသာသွားကြလေသည်။

ကျုံစိမ်ရှန်က....



'မိတ်ဆွေဖြစ်တဲ့အထိမ်းအမှတ်နဲ့ ကျွန်တော်တို့ ကျွေးမွေးပြုစုပါရစေခင်ဗျာ'

ဟု ပြောလိုက်သည်။

ကျုံစိမ်ရှန်၏ ကန္တာရကြယ်အဖွဲ့တွင် အမှန်တကယ် အားကိုး အားထားပြုနိုင်သူနှစ်ယောက်ကိုမိတ်ဆွေအဖြစ်ရရှိလိုက်ပြီ ဖြစ်လေသည်။

သူတို့သည် စားရင်းသောက်ရင်း ပျောက်ဆုံးသွားသော ရွှေဒင်္ဂါးများအကြောင်း၊ သစ္စာဖောက်လူကြီးအကြောင်းနှင့် သူဌေးကြီးယုံအား မည်သို့မည်ပုံ ဆုံးမနှိမ်နင်းသင့်ကြောင်း တိုင်ပင်ဆွေးနွေးလိုက်ကြလေသည်။

....၁....

ခိုလေး....

ခိုလေးမှာ ကျုံကွေ၏ ညာလက်ရုံးတစ်ယောက် ဖြစ်လေသည်။

ယခု....

ခိုလေးသည် ကန္တာရနယ်မြေမှနေ၍ မြို့ပေါ်သို့ ရောက်လာပြီဖြစ်လေသည်။

ခိုလေးသည် မြို့ထဲသို့ရောက်လာသည်နှင့် ခြေကျိုး၏အရက်ဆိုင်လေးဆီသို့ ဦးတည် လှမ်းသွားလိုက်လေ၏။

သို့သော်....

မြို့ထဲဝင်လိုက်သည်နှင့်....

'ဟေ့ ခိုလေး'

ခေါ်သံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ခိုလေး လှည့်ကြည့်လိုက်သောအခါ အလွန်ထွားကျိုင်းသော လူတစ်ယောက်ကို တွေ့မြင်လိုက်ရလေသည်။

'လူ၁ ကြီး'

ခိုလေး ထိတ်လန့်သွား၏။

လူ၁ ကြီးသည် သစ္စာဖောက်ဖြစ်ကြောင်း ကန္တာရကြယ်တစ်ဖွဲ့လုံး သိနေကြပြီ ဖြစ်ပါသည်။

ခိုလေး လာရသည့် အကြောင်းရင်းမှာလည်း လူ၀ ကြီး အကြောင်းကို ခြေကျိုးတို့အားပြောပြရန် ဖြစ်လေသည်။

သစ္စာဖောက် လူ၀ ကြီးနှင့်မှ တည့်တည့်မတ်မတ်လာတိုးသဖြင့် ထိတ်လန့်သွားလေသည်။

'လူ၀ ကြီး'

'အေး....ဟုတ်တယ်လေ၊ မင်းကလဲ ငါ့ကိုမြင်တာနဲ့ သရဲတစ္ဆေတွေ့တာကျနေတာပဲ၊ အစ်ကိုကြီးတို့အခြေအနေ ဘယ်လို ရှိသလဲ'



'ကောင်း....ကောင်းပါတယ်'

'သူတို့ ငါ့အတွက် စိတ်ပူနေကြမယ်ထင်တယ်'

'ဟုတ်....ဟုတ်ပါတယ်'

လူ၀ ကြီးက....

'ရွှေဒင်္ဂါးတွေအကြောင်း ငါပြောပြမယ်၊ လာ လိုက်ခဲ့'

'ဟို....ဟို....ကျွန်တော်....'

'လာစမ်းပါကွာ၊ ငါတောင့် ရွှေဒင်္ဂါးတွေကြောင့် ဒီကို ရောက်နေတာ'

ခိုလေး အံ့သြသွား၏။

'လူ၀ ကြီး ခင်ဗျား ဘာပြောလိုက်တာလဲဗျ'

'ရွှေဒင်္ဂါးတွေကြောင့် နောက်ကလိုက်လာသူတွေ လက်ထဲက သေပြေးရှင်ပြေး ပြေးခဲ့ရတာကွ၊ ငါသာ အစ်ကိုကြီးတို့ဆီကိုပြေးရင် အစ်ကိုကြီးတို့ရှိနေရာကို လမ်းပြပေးသလို ဖြစ်သွားမှာမို့ ဒီမြို့ကို ပြေးလာတာ၊ နောက်ကလိုက်နေသူတွေကို လှည့်စားလိုက်တာပေါ့ကွာ၊ အစ်ကိုကြီးကတော့ ငါ့ကို သစ္စာဖောက်လို့များ ထင်နေမလား မပြောတတ်ဘူး'

ခိုလေးသည် လူ၀ ကြီး၏ လှည့်ကွက်ထဲသို့ ဝင်သွားလေတော့သည်။

'ဟုတ်တယ်၊ အစ်ကိုကြီးက ခင်ဗျားကို သစ္စာဖောက်တယ်လို့ ထင်နေတာ'

လူ၀ ကြီးက....

'အဲဒါ ပြောတာပေါ့ကွ၊ ငါသာ အစ်ကိုကြီးဆီကိုပြေးရင် ရန်သူတွေ နောက်ယောင်ခံလိုက်လာလို့ စခန်းကိုတွေ့သွား

တာကြာပြီပေါ့၊ ငါတို့ဘစ်ဖွဲ့သုံး ရန်သူလက်ချက်နဲ့ ကျဆုံးသွားနိုင်တဲ့အတွက် ငါက ရွှေဒင်္ဂါးတွေကိုဝှက်ပြီး ဒီဘက်ကို ပြန်ပြေးလာတာ'

'ဪ...'

'ငါဒီမှာ ပုန်းလျှိုးကွယ်လျှိုးနေရတာကွ၊ မင်းလာတာနဲ့ အတော်ပဲ၊ ရွှေဒင်္ဂါးတွေ ဘယ်မှာဝှက်ထားတယ်ဆိုတာရယ်၊ နောက်ထပ်ပေါ်လာတဲ့ရန်သူ ဘယ်သူဘယ်ဝါလဲဆိုတာရယ်၊ အစ်ကိုကြီးကို ပြန်ပြောပြလိုက်ပါ၊ ငါတော့ ဒီမှာပဲ ဆက်ပြီး ဇာတ်မြုပ်နေလိုက်ဦးမယ်၊ ရန်သူအကြောင်းကို စုံစမ်းလိုက်ဦးမယ်'

ခိုလေး ဝမ်းသာသွားလေသည်။

'ဟာ....သိပ်ကောင်းတာပေါ့ဗျာ'

'ကဲ...လာ....ငါနဲ့လိုက်ခဲ့'

'ဟုတ်ကဲ့'

ခိုလေး လူဝကြီးကိုယုံကာ လိုက်သွားလေသည်။

လူဝကြီးသည် ခိုလေးကို သူ ပုန်းအောင်းနေသည့် ဘုံကျောင်းဆီသို့ ခေါ်သွားလေသည်။

ထို့နောက်တွင်....

ခိုလေးသည် လောကပေါ်မှ ပျောက်ချင်းမလှ ကွယ်ပျောက်သွားလေသည်။

လူဝကြီးသည်လည်း သူ့နောက်သို့ ကန္တာရကြယ်အဖွဲ့မှ လိုက်လာတော့မည်ဆိုသည်ကို လည်းကောင်း၊ သူဌေးကြီး



ယုံတို့ကလည်း လိုက်ကြတော့မည်ဆိုသည်ကို လည်းကောင်း၊ နားလည်လိုက်သည်။

ထို့ကြောင့်....

....o....

ယနေ့မှ ထူးထူးခြားခြား အရက်ဆိုင်ထဲ၌ လူစည်ကားနေလေသည်။

ဆိုင်လုလင်ခွေးလေးသည် လက်မလည်အောင် လုပ်ကိုင်နေရပြီး ခြေကျိုးလည်း အရက်ရောင်းရငွေကို တွက်ချက်ကာ ပျော်ရှင်နေလေသည်။

ထိုအချိန်တွင် ဆိုင်ထဲသို့ ဝင်လာသူတစ်ယောက်ကို တွေ့မြင်လိုက်ရသဖြင့် ခြေကျိုး မျက်နှာပျက်သွားလေသည်။

'ဒုက္ခပဲ၊ ဒီလောက် လူရှုပ်တဲ့အချိန်မှာ ဘာကြောင့် လာရတာပါလိမ့်'

ခြေကျိုးက လူဝကြီးထံသို့ လှမ်းသွားလေသည်။

လူဝကြီးက ခရီးရောက်မဆိုက်ပင်....
'ပြဿနာတော့ ပေါ်နေပြီကွ'
ဟု ပြောလေသည်။
ခြေကျိုးက....
'ဘာဖြစ်လို့လဲ ပြောပါဦး'
'ရန်သူတွေက ငါ့ကို ခြေရာခံမိသွားပြီ'
'ဟင်....'
'မနက်က ငါ့ဆီကို လူတစ်ယောက် ရောက်လာတယ်။ ဟိုဟိုသည်သည် လာပြီးစစ်ဆေးနေတာနဲ့ ငါ ရှင်းပစ်လိုက်ရတယ်'
'ဟေ...'
ခြေကျိုး မျက်လုံးပြူးသွားသည်။
လူဝကြီးက....
'ငါ ပြောစရာရှိတယ်'
'အေး....'
'လာ ဆိုင်အနောက်ဘက် သွားကြရအောင်'
'ကောင်းပြီ'
ခြေကျိုးသည် လူဝကြီးကို အရက်ဆိုင်အနောက်ဘက်သို့ ခေါ်သွားလေသည်။
ဆိုင်လုလင်ခွေးလေးသည် ဧည့်သည်များကို ဧည့်ခံရင်း လိုအပ်သည်များကို ဆောင်ရွက်ပေးသည်။
အရက်သောက်သူများ ငွေရှင်းသောအခါ ဆိုင်ရှင် ခြေကျိုးကို မတွေ့ရပါ။



'ဆရာ....ဆရာ'
တကြော်ကြော်ခေါ်ကာ လိုက်လံ ရှာဖွေပါသော်လည်း မတွေ့ပါ။
ခြေကျိုး ပျောက်ချင်းမလှ ပျောက်ဆုံးနေသည်။
ခွေးလေးသည် ဆိုင်ထဲဆိုင်ပြင်သာမက အနီးပတ်ဝန်းကျင်၌ လိုက်လံရှာဖွေလေသည်။
ခြေကျိုးတစ်ယောက် မည်သည့်နေရာ၌ ရောက်ရှိနေပါသနည်း။ ခြေကျိုးသည် သူဌေးကြီးယုံ၏ အဆောက်အအုံအတွင်း၌ ရောက်ရှိနေပြီ ဖြစ်သည်။

....ဝ

လှိုင်စာပေ
အမှတ် ၁၅/၁၃၈၊ ၆ လမ်း
တောင် ဥက္ကလာ
ရုန်း ၂၁၃၄၄

သူဌေးကြီးယုံသည် ဝူပိနှင့် ဝူစုတို့ ညီအစ်ကိုကို အထူးတာဝန်တစ်ခု ပေးထားလေသည်။
သစ္စာဖောက်ကာ ကန္တာရအဖွဲ့ကို လက်ထောက်ချနေသူကို စုံစမ်းဖော်ထုတ်ရန် ဖြစ်လေသည်။

သစ္စာဖောက်ကို ဖော်ထုတ်ပြီးမှ ကန္တာရကြယ်အဖွဲ့ကို ချေမှုန်းနိုင်မည်ဟု ယုံကြည် ထားကြပါသည်။

သစ္စာဖောက်ကို ဖော်ထုတ်ဖို့ စိုင်းပြင်းနေချိန်တွင်....

'သခင်ကြီး....သခင်ကြီး'

ခေါ်သံနှင့်အတူ ဝူပိ ပြေးလွှားလာလေသည်။

သူဌေးကြီးယုံ မျက်မှောင် ကြုတ်သွားသည်။

'ဘာဖြစ်တာလဲကွ'

ဟု ဆီးမေးလိုက်သည်။

ဝူပိက ...

'ခြံဝင်းရှေ့မှာ ကြိုးတုပ်ထားတဲ့ လူတစ်ယောက်ကိုမြင်းလှည်းတစ်စီးပေါ်က ကန်ချသွားလို့ အဲဒါ...'

'ဟေ့ အဲဒါ ငါနဲ့ဘာဆိုင်လို့လဲ'

'ဆိုင်ပါတယ် သခင်ကြီး'

ပြောသံနှင့်အတူ ဝူစု ဝင်လာသည်ကို တွေ့ရလေသည်။

ခြေကျိုးသည် ကြိုးများဖြင့် တုပ်နှောင်ခြင်း ခံထားရပေသည်။

သူဌေးကြီးယုံ မျက်မှောင် ကြုတ်သွားသည်။

'ဒါ ဘာသဘောလဲကွ'

ဝူစုက....

'ဟောဒီလူနဲ့ အတူ စာတစ်စောင် ပါလာပါတယ်'

ပြောပြောဆိုဆို စာတစ်စောင် ပေးလေသည်။

သူဌေးကြီးယုံက စာကိုယူကာ ဖတ်လိုက်သည်။

စာထဲ၌....



'သူဌေးကြီးယုံ'

ခြေကျိုးဟာ သူဌေးကြီးယုံရဲ့ သတင်း စုံစမ်းပြီး ကန္တာရကြယ်အဖွဲ့ကို လက်ထောက် ချနေတဲ့လူပဲ၊ သူ့ကို စစ်ဆေး ကြည့်နိုင်ပါတယ်၊ ထပ်မံ ဆက်သွယ်ပါမယ်'

မိတ်ဆွေ။

ဟု ရေးသားထားသည်ကို တွေ့ရလေသည်။

သူဌေးကြီး တအံ့တသြ ဖြစ်သွားလေသည်။

'ဒါ အမှန်ပဲလား'

ဝူစုက....

'သူ့ကို စစ်ဆေးကြည့်ရင်တော့ အဖြေပေါ်လာမှာပဲ'

သူဌေးကြီးယုံက....

'ကောင်းပြီလေ၊ စမ်းကြည့်ပေါ့'

ဝူစုက ခြေကျိုးအား ကြိုးဖြေပေးလိုက်သည်။

ခြေကျိုး ထိတ်လန့်နေပါသည်။

'လူဝကြီးက သူ့အား ဆိုင်အနောက်ဘက်သို့ ခေါ်သွားပြီး အလစ်တွင် သတိမေ့အောင် ရိုက်နှက်ခဲ့သည် မဟုတ်ပါလား'

သတိရလာသောအခါ သူဌေးကြီးယုံ၏ အိမ်၌ ရောက်နေပြီ ဖြစ်လေသည်။

ဝူပိက....

'ကဲ....ခင်ဗျား ပြောမလား ကျုပ်တို့ မေးရမလား'

ဟု ပြောလိုက်သည်။

ခြေကျိုးက....

'ကျုပ်....ကျုပ်မှာ ဘာအပြစ် ရှိလို့လဲဗျာ'

'ဘာကွ....'

ဝူစုက ခြေထောက်ဖြင့် ကန်ကျောက် ပစ်လိုက်လေသည်။

'ဝုန်း....'

'အမယ်လေး'

ဝူပိက....

'ဒီကောင်ကို မှတ်လောက်သားလောက်အောင် ဆုံးမလိုက်မှ ဖွင့်ပြောမှာပဲ ချကွာ'

ပြောပြောဆိုဆို ဝင်ရောက် ထိုးကြိတ်လေသည်။

သူဌေးကြီးယုံက ဘာမှမပြောဘဲ လက်ပိုက်ကြည့်နေလိုက်သည်။

ဝူပိနှင့်ဝူစုတို့သီအစ်ကိုနှစ်ယောက် ငိုင်းဝန်းထိုးကြိတ်လိုက်ရာ ခြေကျိုး၏ဘဲ်ကိုလုံး သွေးချင်းချင်း နီရဲသွားသေးဘော့သည်။

သူဌေးကြီးယုံက....

'ဘော်ကြီးဟော့၊ ဘော်ကြာ ဘာမှ စစ်မေးလို့မရဘဲ နေဦးမယ်'

ဟု ဟန့်တားလိုက်၏။

ဝူပိတို့ နောက်ဆုတ်လိုက်ကြ၏။

သူဌေးကြီးယုံက....

'ကဲ....ပြောစမ်း'



ဟု ငေါက်လိုက်၏။

ခြေကျိုးမှာ ထိတ်လန့်တုန်လှုပ်နေပါ၏။

တစ်နေ့မဟုတ်တစ်နေ့ ယခုလိုအဖြစ်မျိုးနှင့် ကြုံတွေ့ရနိုင်ကြောင်း နားလည်သဘောပေါက်ထား၏။

ထို့ကြောင့် အံကြိတ်ကာ ဘာမျှမပြောဘဲ နေလိုက်လေသည်။

သူဌေးကြီးယုံက....

'ကဲ....သူ့ရဲ့ခြေတစ်ဘက်ကျိုးနေတယ်မဟုတ်လား၊ကျန်တဲ့ခြေတစ်ဘက်ကို ချိုးပစ်လိုက်စမ်း'

ဟု အမိန့်ပေးလိုက်၏။

ဝူစုက....

'စိတ်ချပါ သခင်ကြီး'

ပြောပြောဆိုဆို ခြေကျိုး၏အကောင်းပကတိအတိုင်းရှိနေသော ခြေတစ်ဘက်ကို ရိုက်ချိုးပစ်လိုက်၏။

'အမယ်လေး....သေပါပြီဗျို့'

ခြေကျိုး ငယ်သံပါအောင် အော်လိုက်၏။

ယခု....

သူ၏ကံကြမ္မာကို ကောင်းစွာ နားလည် သဘောပေါက်သွားပြီဖြစ်၏။

သူဌေးကြီးယုံသည် သူ့အား ချက်ချင်း သတ်ပစ်မည်မဟုတ်ဘဲ ရက်ရက်စက်စက် နှိပ်စက်လိမ့်မည်သာ ဖြစ်လေသည်။

သူဌေးကြီးယုံက....

'မင်း လိမ္မာစမ်းပါကွာ ငါ့စကားကို နားထောင်ရင် မင်းကို ငါက ချီးမြှင့် မြှောက်စားမှာပေါ့၊ ငါ့အကြောင်း မင်းကြားဖူးမှာပါ'

ချော့ချီတစ်ခါ ခြောက်ချီဘစ်လှည့် စည်းရုံးသိမ်းသွင်း လိုက်သည်။ ခြေကျိုးမှာ နှိပ်စက်မှုဒဏ်ကို မခံနိုင်တော့သည့် အဆုံး....

'ကျုပ်.... ကျုပ် ပြောပါမယ်ဗျာ'

ဟု ပြောလိုက်လေသည်။

သူဌေးကြီးယုံ ဝမ်းသာသွား၏။

'ကဲ.... ပြောစမ်း'

'ကျုပ်တို့ဟာ ဘဏ္ဍာရကြွယ်အတွက် အလုပ်လုပ်နေသူတွေပါ၊ သူဌေးကြီးရဲ့ သတင်းတွေကို စုံစမ်းပြီး ပေးပို့ရပါတယ်'

'ဒါတော့ ငါသိတယ်၊ ငါ့ရဲ့လျှို့ဝှက်သတင်းတွေကို ဘယ်လိုလုပ်သိတာလဲ၊ ငါ့ရဲ့စံအိမ်ထဲမှာ မင်းတို့အတွက် သတင်းပို့နေသူတစ်ယောက်ရှိတယ် မဟုတ်လား'

သူဌေးကြီးယုံက လိုရင်းအချက်ကို ထောက်ပြကာ မေးလိုက်သည်။

ခြေကျိုးမှာ ကြောက်ရွံ့နေသည်ဖြစ်ရာ....

'ဟုတ်...ဟုတ်ပါတယ်'

ဟု ဝန်ခံလိုက်ရ၏။

သူဌေးကြီးယုံက....



'ကဲ....ဘယ်သူလဲ ပြောစမ်း'

ဟု မေးလိုက်သည်။

ခြေကျိုးက....

'စံပယ်ပါ'

ဟု ပြောလိုက်လေ၏။

....o....

စံအိမ်ကြီး တည်ရှိရာ ခြံဝင်းအနောက်တွင် သီးသန့် အဆောင်တစ်ခု ရှိ၏။

ယခု....

သူဌေးကြီးယုံသည် ထိုအဆောင်ထဲ ရောက်နေပြီ ဖြစ်လေသည်။

သီးသန့်အဆောင်သည် သူဌေးကြီးယုံအား ဖျော်ဖြေရသည့် အမျိုးသမီးများ နေထိုင်ရာ အဆောင်ဖြစ်သည်။

သူဌေးကြီးယုံ၏ ခွင့်ပြုချက်မရှိဘဲ မည်သူမျှ ဝင်ခွင့်မရသည့် သီးသန့်နေရာလည်း ဖြစ်သည်။

သူဌေးကြီးယုံသည် အဆောင်ထဲသို့ ရောက်လျှင် အမျိုးသမီးများက ဆီးကြိုလာသည်။

သူဌေးကြီးက....

'ထွက်သွားကြစမ်း'

ဟု ဟောက်လိုက်သည်။

အမျိုးသမီးများ ချက်ချင်း ဘေးသို့ရှဲသွားကြသည်။

သူဌေးကြီးက....

'စပယ် ဘယ်မှာလဲ'

ဟု မေးလိုက်သည်။

အမျိုးသမီးတစ်ယောက်က....

'ပန်းဥယျာဉ်ထဲမှာ ဗျပ်စောင်းတီးနေပါတယ်'

'ကောင်းပြီ'

သူဌေးကြီးယုံသည် အဆောင်ဝဲဘက်ရှိ ပန်းဥယျာဉ်ထဲသို့ လှမ်းသွားလိုက်သည်။ ချိုလွင်သာယာသော ဗျပ်စောင်းသံများ ထွက်ပေါ်နေပါသည်။

သူဌေးကြီးယုံက ချဉ်းကပ်သွားလိုက်ပြီး....

'စပယ်'

ဟုခေါ်လိုက်သည်။

'ရှင်....'

အမျိုးသမီးသည် ဗျပ်စောင်းကိုချကာ ထူးလာသည်။ ထိုင်ရာမှ ထရပ်လာသည်။

ပန်းရောင်ဝတ်ထားပြီး ချောမောလှပသော အမျိုးသမီးဖြစ်သည်။ အမျိုးသမီးမှာ စပယ်ဆိုသူဖြစ်သည်။



စပယ်သည် သူဌေးကြီးယုံ၏ အချစ်ဆုံးလည်း ဖြစ်သည်။

သူဌေးကြီးယုံသည် စပယ်အား ခြေဆုံးခေါင်းဆုံး စိုက်ကြည့်လိုက်လေသည်။

စပယ်က မခို့တရို့ပြုံးရင်း....

'အစ်ကိုကြီးက လူကိုမမြင်ဖူးတာကျနေတာပဲ၊ ဘာလို့ ဒီလောက်တောင် စိုက်ကြည့်နေရတာလဲ'

သူမသည် ရှေ့သို့လှမ်းလာပြီး သူဌေးကြီးယုံ၏ ရင်ခွင်ထဲ တိုးဝင်လိုက်သည်။

သူဌေးကြီးယုံက....

'စပယ်'

'ပြောလေ အစ်ကိုကြီး'

'အစ်ကိုကြီးက နယ်ခြားမိတ်ဆွေတွေအတွက် ရွှေဒင်္ဂါးတွေ ပို့ပေးလိုက်တာ ကန္တာရထဲမှာ လုယက်ခံရတယ်ကွယ့်'

'ဟင်....ဒုက္ခပါပဲ အစ်ကိုကြီးရယ်'

စပယ် ညည်းညူလိုက်သည်။

စပယ်သည် အံ့ဩသွားဟန် ဆောင်လိုက် သော်လည်း စမ်းသာသွားပုံရကြောင်း သတိပြုလိုက်လေ၏။

ထို့ကြောင့်....

'အဲဒါ ကန္တာရထဲကို အစ်ကိုကြီးလိုက်သွားမယ်လို့ စဉ်းစားထားတယ်'

ဟု ပြောလိုက်သည်။

စပယ် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

'အို....အစ်ကိုကြီးသွားလို့ ဘယ်ဖြစ်ပါ့မလဲ'

'ဘာဖြစ်လို့လဲကွယ်'

'ကန္တာရထဲမှာ လူဆိုးတွေ သောင်းကျန်းနေတယ် မဟုတ်လား၊ တော်ကြာ အစ်ကိုကြီး အန္တရာယ်ဖြစ်နေပါဦးမယ်၊ မသွားပါနဲ့လားရှင်'

သူဌေးကြီးယံ့ ပြုံးလိုက်သည်။

'ခြောင် ..ကျုပ်အတွက် စိုးရိမ်တယ်ပေါ့ ဟုတ်လား'

'ဘယ်လိုပြောလိုက်တာလဲ အစ်ကိုကြီးရယ်၊ အစ်ကိုကြီး မရှိရင် ညီမ ဘယ်သူ့ကို သွားပြီးအားကိုးရမှာလဲ'

'ဟား....ဟား....ဟား'

သူဌေးကြီးယံ့ ရယ်မောလိုက်လေသည်။

စပယ်က....

'ဘာရယ်တာလဲ၊ ညီမက တကယ်ပြောနေတာ'

သူဌေးကြီး ယံ့က....

'ယုံပါတယ်ညီမရယ်....ယုံပါတယ်၊ ကျုပ်လဲတကယ်မသွားပါဘူး'

'အင်းလေ....အစ်ကိုကြီးသွားမယ့်အစား ငှားရမ်းထားတဲ့ လူတွေကို လွှတ်လိုက်လဲရတာပဲ၊ အခု သိမ်းငှက်ကြီး လိစင်းယု တို့လူစုကို ငှားထားတာပဲ မဟုတ်လား'

သူဌေးကြီးယံ့က....

'ဟုတ်ပါတယ် ညီမရယ်၊ သူတို့ကိုပဲ လွှတ်လိုက်မှာပါ၊ အစ်ကိုကြီး ဘပည့်တွေပါ ထည့်ပေးလိုက်မယ်၊ ကန္တာရကြယ် အဖွဲ့ကို အထင်သေးလို့မရဘူး၊ သူတို့ကို အင်နဲ့အားနဲ့ ချေမှုန်းပစ်ရလိမ့်မယ်၊ ဂူစုတို့ ညီအစ်ကိုကိုတောင် ထည့်လိုက်မှာ



စပယ် ပို၍ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

'တကယ်....'

'တကယ်ပေါ့'

'ဒါဆို ဒီမှာဘယ်သူရှိတော့မှာလဲ'

သူဌေးကြီးယံ့ လျှို့ဝှက်စွာ ပြုံးလိုက်လေသည်။

'မြို့ထဲမှာ ဘာကို ကြောက်နေရမှာလဲကွယ်၊ အစောင့် လေး ငါးယောက်နှစ်ယောက်လောက်ရှိရင်ရပြီ၊ အစ်ကိုကြီးရဲ့ နာမည်ကိုကြားရင် ဘယ်သူ နှောင့်ယှက်ဝံ့မှာလဲ'

စပယ်က....

'အင်းလေ....အစ်ကိုကြီး စီစဉ်ပြီးပြီဆိုတော့လဲ အစ်ကိုကြီး သဘောပေါ့လေ၊ ဒါထက် သိမ်းငှက်ကြီးတို့လူစုကို ဘယ်တော့လွှတ်မလဲ'

သူဌေးကြီးယံ့က....

'သုံးရက်အတွင်း လွှတ်လိုက်မယ်'

'ကန္တာရကြယ်အဖွဲ့အကြောင်းကော စုံစမ်းပြီးပြီလား'

သူဌေးကြီးယံ့ ခေါင်းညိတ်လိုက်သည်။

'စုံစမ်းပြီးပြီ၊ သူတို့ဟာ တိဗက်နယ်ခြားမြို့လေးမှာ စခန်း ချထားကြတယ်'

'သိမ်းငှက်ကြီးတို့က အဲဒီမှာကိုသွားပြီး တိုက်ခိုက်ကြမှာ လား'

'ဟုတ်တယ်'

စပယ်က....

'ကောင်းတယ်....ကောင်းတယ်၊ သူတို့ကို အမြန်ဆုံး ချေမှုန်းပစ်လိုက်ပါ၊ ဒါမှ အစ်ကိုကြီး အေးအေးဆေးဆေးနေရမှာ'

'စိတ်ချ၊ ကန္တာရကြယ်နဲ့ သူ့အဖွဲ့ဟာ မကြာခင် လောကပေါ်က ပျောက်ကွယ်သွားရစေမယ်လို့ အစ်ကိုကြီး အာမခံတယ်'

ထိုစကားသည် သူဌေးကြီးယူ ့က စိတ်ပါလက်ပါ ပြောလိုက်ခြင်းဖြစ်လေ၏။

ခြေကျူးကိုရလိုက်ခြင်းဖြင့် စပယ်ကို ရလိုက်ပြီဖြစ်သည်။ စပယ်ကိုရလိုက်သဖြင့် ကန္တာရကြယ်ကို မကြာမီ ရတော့မည်ဟုလည်း စိတ်ချလက်ချ ယုံကြည်ထားပါလေ၏။

သူဌေးကြီးယူ ့သည် စပယ်ကိုရင်ခွင်ထဲပွေ့ရင်း 'မိတ်ဆွေ' ဆိုသည့် သတင်းပေးကို တွေ့လိုစိတ်များ ပြင်းပြလာတော့သည်။

.... ....



'မိတ်ဆွေ....'

သူဌေးကြီးယုံ တီးတိုးရေရွတ်လိုက်လေသည်။

သိမ်းငှက်ကြီး လီစင်းယုက....

'မိတ်ဆွေဆိုတဲ့လူဟာ ကန္တာရကြယ်ရဲ့ လူတစ်ယောက်ပဲ ဖြစ်ရမယ်၊ သူဟာ ခေါင်းဆောင်ပိုင်း တစ်ယောက်တောင် ဖြစ်နိုင်တယ်၊ ဘာကြောင့်လဲဆိုရင် ဒီမြို့မှာ ကန္တာရကြယ်အတွက် အလုပ်လုပ်ပေးနေတဲ့ လူတွေအကြောင်းကို ကောင်းကောင်းကြီး သိနေလို့ပဲ'

ဟု မှတ်ချက်ချလေသည်။

သူဌေးကြီးယူ ့က....

'ဖြစ်နိုင်တယ်၊ သူ ဘယ်သူလဲဆိုတာ ကျုပ်သိချင်တယ်'

အားလုံးက သိလိုနေကြခြင်း ဖြစ်သည်။

သို့သော်....

မိတ်ဆွေဆိုသူမှာ သူတို့အတွက် မည်သူမည်ဝါဟု မပြောနိုင်သည့် ငှက်တစ်ကောင် ဖြစ်နေပေတော့သည်။

သူဌေးကြီးယူ ့က....

'မိတ်ဆွေဆိုတဲ့လူ အစဖော်ပေးတဲ့အတိုင်း သဲလွန်စတွေကို ကျုပ် ဆွဲထုတ်ကြည့်ပြီးပြီ၊ ကျုပ်ရဲ့ လျှို့ဝှက်သတင်းတွေ ပေါက်ကြားတဲ့နေရာကိုလဲ သိပြီးပြီ၊ ဒါကြောင့် အစီအစဉ်ပြောင်းလိုက်ဖို့ ဆုံးဖြတ်လိုက်တယ်'

ဟု ပြောလိုက်သည်။

လီစင်းယု မျက်မှောင်ကြုတ်သွားသည်။

'ဘယ်လိုလဲဗျ၊ ပြောစမ်းပါဦး'

သူဌေးကြီးယု'က လက်သုံးချောင်း ထောင်ပြလိုက်လေသည်။

'သုံးရက်အတွင်း ခင်ဗျားတို့ ဒီက ထွက်သွားကြရလိမ့်မယ်'

လိစင်းယု လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

'ကန္တာရကြယ်ကို သွားပြီး ချေမှုန်းရတော့မှာလား'

'ဟုတ်တယ်'

'သိပ်ကောင်းတာပေါ့ဗျာ'

လိစင်းယု ဝမ်းသာသွားလေသည်။

ကန္တာရကြယ်ကို ချေမှုန်းပြီးလျှင် ရွှေဒင်္ဂါးတစ်သိန်းဖိုးသည် သူတို့လက်ထဲ ရောက်လာမည်ဖြစ်သည်။

သူဌေးကြီးယု'အား ပြန်ပေးသည် မပေးသည်မှာ နောက်ပိုင်းကိစ္စ ဖြစ်ပါသည်။

လိစင်းယုသည် ငွေအတွက် အလုပ်လုပ်နေသည့် ကြေးစားတစ်ဦး မဟုတ်ပါလား။

သူဌေးကြီးယု'က....

'ဒါပေမယ့် ခင်ဗျားတို့ သဲကန္တာရထဲကို တကယ်သွားမှာမဟုတ်ဘူး'

'ဟင်....'

လိစင်းယု အံ့သြသွားလေသည်။

သူဌေးကြီးယု'ကို နားမလည်နိုင်စွာကြည့်ရင်း....

'ဘယ်လိုဖြစ်တာလဲဗျ'

ဟု မေးလိုက်သည်။



သူဌေးကြီးယုံက ပြုံးလိုက်၏။

'ကျုပ်က ကန္တာရကြယ်ကို ထောင်ချောက် ဆင်မလို့လေ'

'ထောင်ချောက်....'

'ဟုတ်တယ်'

လိစင်းယု စိတ်ဝင်စားသွားသည်။

'ဘယ်လို ထောင်ချောက်လဲ'

'ဖြည်းဖြည်းပေါ့၊ ကျုပ်ပြောပြပါ့မယ်ဗျာ'

သူဌေးကြီးယု'သည် သူ၏အစီအစဉ်ကို ပြောပြလိုက်လေသည်။

လိစင်းယုသည် ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေလေတော့၏။

.... ? ....

ဘုန်းကျောင်း အနောက်ဘက်တွင် အဆောင်လေးတစ်ခုရှိနေပါသည်။

ထိုအဆောင်လေးထဲ၌ လူဝကြီးရှိနေ၏။

လူဝကြီး စိတ်မသက်မသာ ဖြစ်နေပါသည်။

ခိုလေးနှင့်ခြေကျိုးကို ရှင်းပစ်ပြီးပြီဖြစ်သည်။

သူ့အတွက် ဒုက္ခပေးမည့်သူ မရှိတော့သော်လည်း တစ်ဦးတည်း အထီးကျန်ခံစားနေရသည်။

သူ့တွင် မိတ်ဆွေမရှိတော့ပါ။

တစ်ဦးတည်း ဘဝကို ရင်ဆိုင် ရုန်းကန်သွားရတော့မည် ဖြစ်ပါသည်။

လူဝကြီး ဘုန်းကျောင်းအနောက်ဘက်မှ ထွက်မသွားနိုင်သေးခြင်း၏အဓိကအကြောင်းရင်းကား ရွှေဒင်္ဂါးများကြောင့် ဖြစ်သည်။

ရွှေဒင်္ဂါးများကို သံကန္တာရထဲတွင် မြှုပ်နှံထားခဲ့ပါသည်။

အကယ်၍....

တစ်စုံတစ်ယောက် ရှာဖွေတွေ့ရှိသွားမည်ဆိုလျှင် ခံလေသမျှ အသဲရေကျရတော့မည် ဖြစ်ပေသည်။

သူကား ကန္တာရကြွယ် အဖွဲ့တွင် နှစ်ပေါင်း များစွာ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပါသည်။

ခေါင်းဆောင်ဖြစ်သော ကျူးစိမ်ရှန်၏ ယုံကြည်အားကိုးမှု ခံခဲ့ရသူ ဖြစ်လေသည်။



ဘဝ တစ်လျှောက်လုံး အနစ်နာခံကာ အများအကျိုးသယ်ပိုးဆောင်ရွက်ခဲ့သူ ဖြစ်သော်လည်း ရွှေဒင်္ဂါး အများအပြား တွေ့မြင်လိုက်ရသောအခါ လောဘ ထွက်လာလေတော့၏။

ဤတွင်....

နောက်လိုက် ငယ်သားများကို သုတ်သင်ရှင်းလင်းပစ်ကာ ရွှေဒင်္ဂါးများကို သဲပြင်တစ်နေရာ၌ အမှတ်အသားလုပ်ပြီး ဝှက်ထားခဲ့ပါသည်။

ထို့နောက်....

ကန္တာရမှ ထွက်ပြေးလာခဲ့ခြင်း ဖြစ်သည်။

မြို့လေးသို့ ရောက်သောအခါ အဝေးသို့ မပြေးနိုင်တော့ပါ။

ဝှက်ထားသည့် ရွှေဒင်္ဂါးများအတွက် စိတ်မချနိုင်အောင် ဖြစ်လာလေသည်။

ကန္တာရထဲသို့ ချက်ချင်းပြန်သွားပြီး တူးဖော်ယူလိုစိတ်များ ဖြစ်လာခဲ့လေသည်။

သူဌေးကြီးယုံကိုလည်း ကြောက်ရ၊ ကျူးစိမ်ရှန်တို့ကိုလည်း ကြောက်ရမို့ ဗျာများလာတော့သည်။

နောက်ဆုံး....

သူဌေးကြီးယုံအား လက်ထောက်ချပြီး ကန္တာရကြွယ် အဖွဲ့ကို အရင်ဆုံးရှင်းပစ်ရန် ကြံစည်လိုက်ခြင်း ဖြစ်သည်။

ကန္တာရကြွယ်အဖွဲ့ မရှိတော့လျှင် ကန္တာရသို့ သူပြန်နိုင်ပေမည်။

ရက်ထားသော ရွှေဒင်္ဂါးများကို တူးဖော်ယူကာ အဝေးသို့ ပြေးနိုင်ပေမည်။

သူဌေးကြီးယုံတို့ လူစုအား ရှောင်ဖို့တိမ်းဖို့ ဖြစ်နိုင်သော်လည်း ကန္တာရကြယ်အဖွဲ့မှာ အကြောင်းသိများ ဖြစ်ကြ၍ ရှောင်ဖို့ မလွယ်ပါ။

ကျူးစိမ်ရှန်တို့အား အရင်ဆုံးရှင်းပစ်ရန် ဦးစားပေးစီစဉ်လိုက်ခြင်း ဖြစ်လေသည်။

'အင်း....ခုချိန်လောက်ဆိုရင် ခြေကျိုးကော စပယ်ကော သူဌေးကြီးယု လက်ထဲရောက်နေလောက်ပြီ၊ သူဌေးကြီးယု ဟာအင်မတန် ကောက်ကျစ်စဉ်းလဲတယ်ဆိုတော့ စပယ်ကို တည်ကြက်လုပ်ပြီး ကျူးစိမ်ရှန်တို့ကို ရှင်းပစ်နိုင်မှာပဲ'

ထိုသို့တွေးယင်း လူဝကြီး သက်ပြင်းချလိုက်သည်။

ကန္တာရကြယ်အား သူဌေးကြီးယုက ရှင်းပြီးသည်အထိ သည်းခံပြီး စောင့်ဆိုင်းနေရလိမ့်မည် ဖြစ်လေသည်။

....၁....



စပယ်သည် တိုသည်ကြည့်ဖြင့် လမ်းကြားထဲ ဝင်လာခဲ့လေသည်။

နံနက် ခေါ်ဝေလင်း အချိန်မို့ လူသွားလူလာ ရှင်းနေပါသည်။

စပယ်သည် အပေါ်စား အရက်ဆိုင်လေးဆီသို့ အပြေးတစ်ပိုင်း လှမ်းသွားလိုက်ရသည်။

အရက်ဆိုင်လေးကား တံခါး ပိတ်ထားပါသည်။

ယခုလို အချိန်မျိုး၌ မည်သူမျှ အရက်သောက်လိမ့်မည် မဟုတ်ပါချေ။

စပယ်သည် ဆိုင်ရှေ့သို့ ရောက်သွားလျှင်....

'ဒေါက်....ဒေါက်....ဒေါက်'

တံခါး ခေါက်လိုက်သည်။

သူမ၏ တံခါးခေါက်သံ ကျယ်လောင်စွာ ထွက်ပေါ်လာပါသည်။

မရှေးမနှောင်းတွင်....

'ဘယ်သူလဲ'

'အတွင်းဘက်မှ မေးမြန်းသံ ထွက်ပေါ်လာသည်။

တစ်ဆက်တည်းပင်....

'ဆရာလား အရာပြန်လာပြီလား'

ဟု မေးမြန်းရင်း ပြေးလာသော ခြေသံများ ကြားလိုက်ရသည်။

ထို့နောက်....

တံခါး ပွင့်သွားလေသည်။

ဆိုင်ထဲမှ ဆိုင်လုလင်ခွေးလေး ထွက်လာပါသည်။

ခွေးလေးသည် အပြင်ဘက်၌ ရပ်နေသော စပယ်ကိုမြင်လျှင် ကြောင်အံ့အားသင့် ဖြစ်သွားလေသည်။

'ဟင်... ဆရာလဲ မဟုတ်ပါလား'

စပယ်ကလည်း ပတ်ဝန်းကျင်ကို ကျီးကန်းတောင်းမှောက် ကြည့်ရင်း....

'ဆိုင်ရှင် ခြေကျိုးကို ဒီစာပေးလိုက်'

ဟုပြောကာ စာတစ်စောင်လှမ်းပေး၏။

ခွေးလေးက....

'အစ်မလေး ဆိုင်ရှင်က....'

'ကိစ္စမရှိဘူး၊ ဒီစာရရင် သူဘာလုပ်ရမလဲဆိုတာသိတယ်၊ သူ့ကိုသာပေးလိုက်'

စကားမဆုံးလျှင် စပယ်သည် အဝေးသို့အကြီး လှည့်ထွက်သွား၏။

'အစ်မလေး....အစ်မလေး....'

ဆိုင်လုလင်က လှမ်းခေါ်လိုက်သော်လည်း စပယ်က လှည့်မကြည့်တော့ဘဲ ထွက်သွား၏။



ခွေးလေး ခေါင်းကုတ်ကာ ကျန်ရစ်ခဲ့လေတော့သည်။

စပယ်က ခွေးလေးအား စာတစ်စောင်ပေးကာ ထွက်သွားသည်ကို တိတ်တဆိတ်ချောင်းမြောင်းကြည့်နေသူတစ်ဦး ရှိနေပါ၏။

ထိုလူမှာ သူဌေးကြီးယု ဖြစ်၏။

စပယ် မြင်ကွင်းမှကွယ်ပျောက်သွားသောအခါ သူဌေးကြီးယုံသည် သဘောကျစွာဖြင့် ဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

'စပယ်....စပယ်....ငါက မင်းကို ချစ်တယ်၊အလိုလိုက်ထားတယ်၊မင်းကငါ့ကိုလက်တုံ့ပြန်ဖို့ကြိုတ်ပြီးကြံစားနေတာကိုး၊ ငါက မြွေပွေး ခါးပိုက် ပိုက်ထားမတဲ့လား၊ သနားစရာကောင်းလိုက်တဲ့ မိန်းကလေးပဲ'

ဟု ရေရွတ်လိုက်တော့သည်။

.... ....

မှန်းဘည့်တော့မည် ဖြစ်၏။

အရက်သောက်မည့်သူများ ရောက်လာကြပါသော်လည်း ဆိုင်တံခါးပိတ်ထား၍ လှည့်ပြန်သွားကြရလေသည်။

ဆိုင်ထဲ၌ ခွေးလေးရှိနေပါသည်။

သို့သော်....

ခွေးလေးက ဆိုင်မဖွင့်ပါ။

ဆိုင်ရှင် ခြေကျိုး ပျောက်ချင်းမလှ ပျောက်ဆုံးသွားခြင်းကြောင့် ဘာလုပ်ရမှန်း မသိအောင် ဖြစ်နေပေတော့သည်။

ထို့ကြောင့်....

ဆိုင်ပိတ်ထားပြီး ခြေကျိုး ပြန်လာမည့်အချိန်ကို စောင့်မျှော်နေခြင်း ဖြစ်ပေသည်။

'ဒေါက်....ဒေါက်....'

တံခါးခေါက်သံ ထွက်ပေါ်လာသည်။

ခွေးလေးက....

'ဆိုင်ပိတ်ထားတယ်၊ အရက်မရောင်းဘူး'
ဟု အော်ပြောလိုက်၏။

အပြင်ဘက်မှ....



'အရက်သောက် မလို့မဟုတ်ဘူး၊ ဆိုင်ရှင်ခြေကျိုးနဲ့ တွေ့ချင်လို့'

'ဆိုင်ရှင်မရှိဘူးဗျ'

'တံခါးဖွင့်ပါဦး'

တစ်မနက်လုံး တံခါးလာခေါက်နေသည့် အရက်သမားများအား ဆိုင်ပိတ်ထားကြောင်းပြောနေရသည့် ခွေးလေးမှာ စိတ်လည်းညစ်၊ စိတ်လည်းတိုလာလေသည်။

ထို့ကြောင့်....

'ဟေ့လူ....ထွက်သွားစမ်းဗျာ'

ဟု ငေါက်ပစ်လိုက်မိသည်။

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင်....

'ဝုန်း....'

ကျယ်လောင်သော အသံနှင့်အတူ တံခါးစုန်းခနဲ မြည်အောင် ပွင့်သွားတော့သည်။

အပြင်ဘက်မှသူက တွန်းဖွင့်လိုက်ခြင်း ဖြစ်သည်။

အလွန် သန်မာသူဖြစ်ကြောင်း ထင်ရှားပေတော့သည်။

'ဟာ...'

ခွေးလေး လွှတ်ခနဲ အော်ကာ ဝေါက်ခနဲ ထရပ်လိုက်မိသည်။

ဝင်လာသူကို မျက်လုံးပြူး၍ ကြည့်လိုက်မိလေ၏။

ဝင်လာသူက....

'ခြေကျိုးကော'

ဟု မေးလေသည်။

ခွေးလေး ခေါင်းခါယမ်းလိုက်သည်။

'မရှိဘူးဗျ'

'သူ ဘယ်သွားလဲ'

'မသိဘူး'

'ဘာကွ'

ခွေးလေးက....

'ဆရာ မနေ့ကထဲကထွက်သွားတာ ခုထိ ပြန်ရောက်မလာသေးဘူး'

ဝင်လာသူမှာ ကျိုက်ကွေ့ဖြစ်ပါသည်။

ကျိုက်ကွေ့က ခိုလေးအား လွှတ်လိုက်ရသည်ကို စိတ်မချသဖြင့် ကိုယ်တိုင်လိုက်လာခြင်းဖြစ်သည်။



ယခု....

ခိုလေးသာမက ခြေကျိုးလည်း ပျောက်ဆုံးနေပြီဖြစ်လေသည်။

'ငါ့ကို အကျိုးအကြောင်းပြောပြစမ်း'

ဟု ထပ်မေးလိုက်သည်။

ခွေးလေးက ရှင်းပြလိုက်သည်။

ကျိုက်ကွေ့ မျက်မှောင်ကြုတ်သွားသည်။

'ခြေကျိုးကို လာခေါ်သွားတဲ့ လူဟာ လူဝကြီးတစ်ကောင်လို့ သန်မာထွားကျိုင်းတယ် မဟုတ်လား'

ဟု မေးလေသည်။

ခွေးလေး ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်ဗျ'

လူဝကြီး၏ ပုံပန်းသဏ္ဌာန်ကို ပြောပြလိုက်သည်။

ကျိုက်ကွေ့ ရင်ထိတ်သွားသည်။

'လက်စသတ်တော့ လူဝကြီးက ဒီမှာ ပုန်းနေတာကိုး။ တောက်'

ခံပြင်းစွာ တက်ခေါက်လိုက်မိသည်။

လူဝ ကြီးသည် ခြေကျိုးအား နှုတ်ပိတ်လိုက်ပြီဟု ယုံကြည်မိလေသည်။

လူဝ ကြီးမှာ မြို့အရှေ့ဘက် ဘုကျောင်းအနောက်ဘက်တွင် ခိုလှုံနေမှန်း ခွေးလေးသိပါ၏။

သို့သော်....

ကျိုကွေအား မည်သူမည်ဝါမှန်းမသိ၍ ပြောမပြဖြစ်ပေ။

ကျိုကွေက....

‘မင်းဆရာအကြောင်း တခြား လာ မေး တဲ့လူ ရှိသေးလား’

ဟု မေးလိုက်သည်။

ခွေးလေးက....

‘မနက်က မိန်းကလေးတစ်ယောက်လာပြီး စာတစ်စောင် ပေးသွားသေးတယ်’

‘ဟာင်....စပယ်’

ကျိုကွေ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

‘အဲဒီစာ ဘယ်မှာလဲ’

ဟု မေးလိုက်လေသည်။



ခွေးလေးက....

‘ဒီမှာပါ’

စာကို ထုတ်ပေးလိုက်သည်။

ကျိုကွေကယူပြီး ဖောက်ဖတ်ကြည့်လိုက်လေသည်။ ခွေးလေးက အကဲခတ် ကြည့်နေပါသည်။

ကျိုကွေသည်စာကိုဖတ်ရင်း အလွန်အရေးကြီးသည့်အသွင် ပြောင်းလဲသွားသည်ကို တွေ့ရ၏။

ခွေးလေး မနေနိုင်တော့ပါ။

‘ဘာစာလဲဗျ’

ဟု မေးလိုက်သည်။

ကျိုကွေ ခေါင်းခါယမ်းလိုက်သည်။

‘မသိချင်စမ်းပါနဲ့ကွာ၊ ဆိုင်ပိတ်ပြီး မင်းလဲ တခြားနေရာ သွားနေတော့’

‘ဗျာ’

‘ဒီနေရာမှာ ဆက်မနေနဲ့တော့၊ ခြေကျိုးလဲ ဒုက္ခရောက်နေလောက်ပြီ၊ မြန်မြန်သွား’

‘ကျွန်တော်....’

ခွေးလေးက မအူမလည်ဖြစ်နေခြင်းကြောင့် ကျိုကျေ စိတ်မရှည်နိုင်တော့ဘဲ....

'မင်း မြန်မြန်သွား၊ ဒီမှာဆက်နေရင် သေသွားလိမ့်မယ်' ဟု ဟောက်လိုက်ပြီး ချာခနဲလှည့်ကာ ထွက်သွား၏။

ခွေးလေး ပါးစပ်အဟောင်းသားဖြစ်ကာ ကျန်ရစ်ခဲ့လေတော့သည်။

....o....

## မြိုင်ပွဲ

ကျိုကျေသည် ကန္တာရကို ခရီးပြင်းဖြတ်သန်းကာ တိဗက် နယ်ခြားမြို့လေးသို့ ပြန်ရောက်လာပြီဖြစ်သည်။

ကျူစိမ်ရှန်သည် သမားတော်ကြီး၏ ဂရုတစိုက်ကုသပေးမှုကြောင့် တစ်စထက်တစ်စ ကျန်းမာလာပြီဖြစ်သလို ယန်ထင်နှင့် ကောက်ယိတို့ ပူးပေါင်းလာကြသဖြင့် အားတက်သရော ဖြစ်နေမိလေသည်။

လူဝကြီး သစ္စာဖောက်သွားခြင်း၊ ငယ်သားအချို့ တိုက်ပွဲ၌ ကျဆုံးသွားခြင်းစသည့် လိုအပ်ချက်များကို ကောက်ယိတို့က ဖြည့်တင်းပေးလိုက်သလို ရှိနေ၏။

ထို့အပြင်....

ကန္တာရအဖွဲ့သည် ပို၍ အင်အား ဟောင့်တင်းလာသည်ဟု ဆိုနိုင်ပေတော့သည်။

ကျူးစိမ်ရှန်၏ မေတ္တာရပ်ခံချက်ဖြင့် ကောက်ယိက အိုရန်စုနှင့် လက်တွဲကာ ကန္တာရကြယ်အဖွဲ့ကို ပြန်လည်ဖွဲ့စည်းခဲ့သည်။

အဖွဲ့သားများအား သိုင်းပညာသင်ပေးသည်။

သူဌေးကြီးယုံအား ရင်ဆိုင်ရန် အစစအရာရာ ကြိုတင်ပြင်ထားလိုက်သည်။ ထိုအချိန်တွင် ကျိုကေ့ ပြန်လည် ရောက်ရှိလာခြင်း ဖြစ်လေသည်။

....၁....

ဝန်းကျင်တစ်ခုလုံး သာယာလှပနေသည်။

ကောက်ယိသည် သစ်ပင်ရိပ်အောက်၌ ရပ်ကာ အဝေး၌ တွေ့မြင်နေရသည့် မှိုင်းညို့ညို့တောင်တန်းကြီးများကို ငေးမောကြည့်ရှုနေလေသည်။



တိဗက်နယ်မှာ အေးချမ်းသာယာသော နယ်မြေတစ်ခု ဖြစ်ပါသည်။ ကောက်ယိ ငေးမောကြည့်နေစဉ် ခြေသံများ ထွက်ပေါ်လာခြင်းကြောင့် လှည့်ကြည့်လိုက်ရာ ကျူးပေအောင် လှမ်းလာနေသည်ကို တွေ့မြင်လိုက်ရလေ့သည်။

ကောက်ယိရင်ထဲ လှုပ်ရှားသွားသည်။

ကျူးစိမ်ရှန်ထံသို့ သူ ပြန်လာခဲ့ရသည့်အကြောင်းများတွင် ကျူးပေအောင်က တစ်ကြောင်းဖြစ်လေသည်။

ကောက်ယ မှာ သူမအား မြင်မြင်ချင်း မေတ္တာသက်ဝင်သွားခဲ့မိသည် မဟုတ်ပါလား။

ကျူးပေအောင်သည် အနီးသို့ရောက်လာပြီး ကောက်ယိက သူမအား စိုက်ကြည့်နေသောအခါ ရှက်သွေးဖြန်းကာ ခေါင်းလေးငုံ့ထားလိုက်လေသည်။

'အစ်ကို ခေါ်ခိုင်းလိုက်လို့'

ဟုလည်း တိုးတိုးပြောလိုက်သည်။

ကျူးစိမ်ရှန် ခေါ်လိုက်သည်ဆိုရာ အကြောင်းကိစ္စရှိမည်ဟု ကောက်ယိ ဆင်ခြင်မိသည်။

သို့တိုင်....

ချက်ချင်းလိုက်မသွားသေးဘဲ ကျူးပေအောင်ကို စိုက်ကြည့်နေလိုက်လေသည်။

ကျူးပေအောင် မနေနိုင်တော့ပါ။

'အစ်ကိုခေါ်နေတယ်'

ဟု ထပ်ပြောသည်။

ကောက်ယိ ပြုံးလိုက်လေသည်။

'ကျုပ် ကြားပါတယ်၊ ဒါပေမယ့်ညီမကို ပြောစရာရှိလို့ပါ'

'ရှင်....'

ကောက်ယိက....

'ပြောစရာထက် မေးစရာဆိုရင် ပိုမှန်ပါလိမ့်မယ်'

ကျူပေအင် အံ့ဩသွားပြီး....

'ဘာမေးမလို့လဲရှင်'

'ဩြော်....ကျုပ်ကို ခုထိ စိတ်ဆိုးနေတုန်းပဲလားလို့ပါ'

ကျူပေအင်သည် ကောက်ယိကိုကြည့်လိုက်ပြီး ခေါင်းငုံ့ထားလိုက်လေသည်။

ကောက်ယိက....

'ပြောပါဦး ညီမရယ်၊ ကျုပ်ကိုစိတ်ဆိုးနေတုန်းပဲလားဟင်'

ကျူပေအင် မနေနိုင်တော့ပေ။

'မ....မဆိုးပါဘူး'

မပွင့်တပွင့် ပြောလာလေသည်။

ကောက်ယိ၏မျက်နှာ ပြုံးရွှင်သွားလေသည်။

'ဝမ်းသာလိုက်တာ ညီမရယ်၊ ကျုပ်က မလွဲမရှောင်သာလို့ အစ်ကိုကြီးနဲ့ ဉ်ပြိုင်ရတာပါ'

ကောက်ယိက ကျူစိမ်ရှန်အား အစ်ကိုကြီးဟု ခေါ်လိုက်ခြင်းကြောင့် ကျူပေအင်က မျက်စောင်းထိုးလိုက်ပါသည်။



ကောက်ယိက....

'အစ်ကိုကြီးရဲ့ စိတ်သဘောထားကို ခုတော့ ကျုပ်ကောင်းကောင်းကြီး သဘောပေါက်သွားပါပြီ၊ ဒါကြောင့် ကန္တာရကြယ်အဖွဲ့နဲ့လက်တွဲပြီး သူဌေးကြီးယုံကို ချေမှုန်းမယ်လို့ ဆုံးဖြတ်လိုက်တယ်လေ'

ကျူပေအင်က....

'ကျေးဇူးတင်ပါတယ်ရှင်'

ဟု ပြောလာသည်။

ကောက်ယိက....

'ဒါပေမယ့် ကန္တာရကနေ တစ်နေ့ ကျုပ် ထွက်သွားရဦးမှာပဲ'

သူ၏စကားကြောင့် ကျူပေအင် မျက်လုံးလေး ဝိုင်းသွားလေသည်။

ကောက်ယိကို မော့ကြည့်ရင်း....

'ကန္တာရကနေ ထွက်သွားမယ် ဟုတ်လား ဟင်'

ကောက်ယိ ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'

'ဘာဖြစ်လို့လဲ'

'ကျုပ်ဟာ ကန္တာရရဲ့ဧည့်သည်ပါ၊ ဧည့်သည်ဆိုတာ ကြာကြာနေလို့ ကောင်းတာမှမဟုတ်ဘဲ'

'အို....ဘာဆိုင်လို့လဲ'

'ဆိုင်တာပေါ့၊ အိမ်ရှင်ကကြည်ဖြူမှ နေလို့ရမှာပဲ'

ကောက်ယံ အာဝဇ္ဇန်းရွှင်နေပါသည်။

ကိုယ့်ကိုကိုယ်ပင် အံ့ဩယူရသည်အထိ ဖြစ်ရပေသည်။

ကျူပေအင်က....

'ကန္တာရထဲမှာ ဘယ်သူမဆို နေနိုင်တာပဲရှင်၊ အိမ်ရှင်ဆိုတာ မရှိပါဘူး'

'မဟုတ်ဘူးလေ၊ အခု ကျုပ်ဟာ ညီမတို့ရဲ့ဧည့်သည် မဟုတ်လား'

'ဩော်....'

'ဒီမှာနေ့သွားဖို့ဆိုတာ ညီမလက်ခံမှ....'

ကောက်ကံက စကားကိုရပ်ကာ ကျူပေအင်ကိုစိုက်ကြည့်လိုက်သည်။ ကောက်ယံ၏ သဘောထားကို ကျူပေအင် ကောင်းစွာသဘောပေါက်ထားသည်။

ရှက်သွေးကြောင့် သူမ၏ ပါးပြင်နှစ်ဘက် နီရဲသွား၏။

ကောက်ယံက....

'တကယ်လို့သာ ညီမလက်ခံမယ်ဆိုရင် အစ်ကို ဒီမှာ တစ်သက်လုံးနေသွားချင်ပါတယ်'

ဟု ပြောလိုက်သည်။

ကျူပေအင်က....

'အစ်ကို့ကို ကျွန်မတို့မောင်နှမ ၇ ဘယ်တော့မှ မောင်းထုတ်မှာ မဟုတ်ပါဘူး'

'ဟာ....'

ကောက်ယံ အားမလိုအားမရ ဖြစ်သွားလေ၏။



ကျူပေအင်က....

'အစ်ကိုကြီး စောင့်နေတယ်၊ သွားကြရအောင်'

ဟု ပြောကာ ထွက်သွား၏။

ကောက်ယံလည်း မချင့်မရဲဖြင့် လိုက်ပါသွားရလေတော့သည်။

....o....

'လူဝံကြီး သစ္စာဖောက်လိုက်တာ အမှန်ပဲ'

ကျီကွေ့က တည်ကြည်သော မျက်နှာထားဖြင့် ပြောလေသည်။

အထောက်တော်ခြေကျိုးနှင့် သဘင်း ပို့ခိုင်းလိုက်သည့် စိုလေးတို့ ၃း ဖြစ်ဆိုး ကြုံတွေ့သွားကြောင်းလည်း ပြောပြလိုက်လေသည်။

အားလုံး ခံပြင်း သွားကြလေသည်။

ကျူစိမ်ရှန်က...
'ဒီအတိုင်းဆိုရင် လူဝကြီးဟာ မြို့တစ်နေရာရာမှာ ပုန်းနေလိမ့်မယ်'
ဟု မှတ်ချက်ချလိုက်၏။

တစ်ဆက်တည်းပင်....
'ခင်ဗျား တွေ့ခဲ့ရတဲ့ ဆိုင်လုလှင်ဆီမှာ စုံစမ်းမကြည့်ခဲ့ဖူးလား'
ဟု မေးလိုက်သည်။

ကျီကွေ့က နဖူးကိုသက်ဝါးဖြင့် ဖြန်းခနဲမြည်အောင် ရိုက်လိုက်လေသည်။
'ကျုပ် မေ့သွားဘယ် အစ်ကိုကြီး၊ ဟောဒီစာကြောင့် မေ့သွားတာပဲ'

ပြောပြောဆိုဆို စာတစ်စောင် ထုတ်ပေးလိုက်၏။

စပယ်၏ စာ ဖြစ်လေသည်။

ကျူစိမ်ရှိန်သည် စာကို ဖောက်ဖတ်လိုက်သည်။
ရုတ်တရက်....
သူ၏မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပလာပါသည်။
'စပယ်ဆီက စာပဲ'
သူ၏ စကားကြောင့် အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။



ကျူစိမ်ရှန်က....
'သူဌေးကြီးယုဟာ သိမ်းငှက်ကြီး လိစင်းယုဆိုတဲ့ ဘိုင်းသမားတစ်ယောက် ခေါင်းဆောင်တဲ့ ကြေးစားအဖွဲ့ကို ငှားရမ်းပြီးကျုပ်တို့ကိုချေမှုန်းဖို့သုံးရက်အတွင်း ကန်ဒွာရထဲ့ကိုလွှတ်လိမ့်မယ်လို့ သတင်းပို့တာပဲ'

အိုရန်စုက....

'သေချင်ရင် လာကြပါစေပေါ့'

ဟု ပြောလိုက်သည်။

ယန်ထင် မနေနိုင်တော့ပါ။ ထိုင်ရာမှ ထရပ်လိုက်ပြီး....
'လိစင်းယုကို အထင်သေးလို့မရဘူး၊ သူဟာ အင်မတန်ကြောက်စရာကောင်းတဲ့ လူတစ်ယောက်ဗျ'

အားလုံးက သူ့အား ပိုင်းကြည့်လာကြလေသည်။
ယန်ထင်က....
'လိစင်းယုကြောင့် ဒုက္ခရောက်သွားကြရတဲ့ ဘိုင်းအကျော်အမော်တွေ နည်းတာမဟုတ်ဘူး၊ လိစင်းယုရဲ့ အဖွဲ့လာမယ်ဆိုရင် ကျုပ်တို့ ရှောင်နေတာ အကောင်းဆုံးပဲ'
ကျူစိမ်ရှန်က ကောက်ယ°ကို လှမ်းကြည့်လိုက်လေ၏။
သူတို့ လူစုတွင် ယန်ထင်သည် အသက်အကြီးဆုံးဖြစ်သလို ဘိုင်းလောက အတွေ့အကြုံ အရင့်ကျက်ဆုံးဖြစ်လေသည်။
ထို့ကြောင့် သူ၏စကားကို လျစ်လျူရှုထား၍ မရကြောင်း သဘောပေါက် ထားလေသည်။

ယန်ထင်က....

'လီစင်းယုတို့ဟာ တကယ့် ကြေးစားတွေပဲ၊ တိုက်ဖို့ခိုက်ဖို့ သတ်ဖို့ဖြတ်ဖို့ကလွဲပြီး ဘာမှ သိကြတာမဟုတ်ဘူး၊ သူတို့နဲ့ ရင်ဆိုင်လို့ အကျိုးမရှိနိုင်ဘူး'

အကျိုးအကြောင်း ဆီလျော်စွာ ပြောလေသည်။

ကျူးစိမ်ရှန်က....

'ခင်ဗျားဘယ်လို သဘောရသလဲ'

ဟု ကောက်ယိကို မေးလေသည်။

ကောက်ယိက....

'သူ့စကားကို အလေးအနက် ထားသင့်တယ်'

ဟု ပြောလိုက်သည်။

ကျူးစိမ်ရှန် ခေါင်းညိတ်လိုက်သည်။

'ကောင်းပြီလေ၊ သူတို့နဲ့ရင်မဆိုင်ဘဲ ရှောင်လိုက်ကြတာပေါ့၊ ဒါပေမယ့်....'

သူ၏ စကားမဆုံးမီ ကျိုကွေ့က....

'အစ်ကိုကြီး ကြေးစားတွေကို ရင်မဆိုင်ရဲရင် ကျုပ်တို့ အဖွဲ့ သိက္ခာကျသွားမှာပေါ့'

ဟု ပြောလေသည်။

အိုရန်စုကလည်း....

'ဟုတ်တယ် အစ်ကိုကြီး၊ ကျုပ်တို့ သေသွားတော ဘာ အရေးလဲ နာမည်ပျက်မခံနိုင်ဘူး'



ကျူးစိမ်ရှန်ကလက်ကာပြလိုက်၏။

'နေပါဦးလေ၊ ကျုပ်စကားမဆုံးသေးဘူး၊ စပယ်ရဲ့စာထဲမှာ သူဌေးကြီးယု ရဲ့ လူတွေပါ လီစင်းယုတို့ အဖွဲ့နဲ့ ပေါင်းပြီး လိုက်လာကြလိမ့်မယ်လို့ ရေးထားတယ်၊ ကျုပ်တို့ကို အပြတ်အသတ် ချေမှုန်းဖို့ အလုံးအရင်းနဲ့လာကြမှာ'

'လာပါစေပေါ့၊ ကန္တာရထဲရောက်ရင်ကျုပ်တို့အကြောင်း သိသွားစေရမယ်'

'ကန္တာရကြယ်အကြောင်း သိချင်ရင် လာကြပါစေပေါ့'

ကျိုကွေ့နှင့်အိုရန်စုတို့က ဝင်ပြောကြပြန်သည်။

ကောက်ယိ အသာငြိမ်နေ၏။

ကျူးစိမ်ရှန်တွင် ပြောစရာ ကျန်သေးကြောင်း သတိပြုမိထား၍ဖြစ်လေသည်။

ကျူးစိမ်ရှန်က....

'သူတို့အလုံးအရင်းနဲ့ ကန္တာရထဲကိုလာနေတဲ့အချိန်သူဌေး ကြီးယုံရဲ့စံအိမ်မှာ အစောင့်အကြပ် အနည်းအပါးပဲ ကျန်ရစ် ခဲ့လိမ့်မယ်'

ယခု....

ကျိုကွေ့နှင့်အိုရန်စုတို့ဘာမျှမပြောကြတော့ဘဲ ငြိမ်ကျသွား ကြတော့သည်။

ကျူးစိမ်ရှန်က လီစင်းယုနှင့် ထိပ်တိုက်ရင်မဆိုင်ဘဲ ရှောင် တိမ်းရန်အဘယ့်ကြောင့် သဘောတူလိုက်သည်ကို ကောက်ယိ သဘောပေါက်သွားသည်။

ကျူစိမ်ရှန်တွင် သျှို့ဘိုက်အကြံအစည်ရှိနေသည် မဟုတ်ပါလား။

ယန်ထင်လည်း စိတ်ဝင်စားလာပုံရှိလေသည်။

ကျူစိမ်ရှန်က....

'သူတို့ ဒီကိုရောက်လာတဲ့အခါ ကျုပ်တို့စခန်းမှာ ဘာနဲ့ ရှာမတွေ့တဲ့ အခွံသာရှိနေတာတွေ့ရလိမ့်မယ်၊ အဲဒီအချိန်မှာ ကျုပ်တို့က သူဌေးကြီးယုံရဲ့ စံအိမ်ကို ရောက်နေလောက်ပြီ ပေါ့'

ကျဲကွေနှင့်အိုရန်စုတို့ မနေနိုင်ကြတော့ပါ။

ကျဲကွေက....

'ကျုပ်တို့ စိတ်လောပြီးပြောမိတာကို တောင်းပန်ပါတယ် အစ်ကိုကြီး'

အိုရန်စုကလည်း....

'ကျုပ်လဲ တောင်းပန်ပါတယ် အစ်ကိုကြီး'

ဟု တောင်းပန်လိုက်ကြသည်။

ကျူစိမ်ရှန်က....

'ကိစ္စမရှိဘူး၊ အရေးအကြီးဆုံးက အဓိကသရားခံသူဌေးကြီး ကို သုတ်သင်ရှင်းလင်းပစ်နိုင်ဖို့ပဲ၊ ကဲ....အားလုံးအသင့်ဖြစ်ကြ ပါ၊ ကျုပ်တို့ ဒီကအမြန်ဆုံးသွားကြမယ်'



အားလုံး လှုပ်လှုပ်ရွရွဖြစ်သွားကြသည်။

သူတို့သည် သူဌေးကြီးယုံအား သုတ်သင်ရှင်းလင်းပစ်ရန် အခွင့်အရေးပေါ်ပြီဟု တွက်ဆကာ ဝမ်းသာပျော်ရွှင်နေကြ၏။

အကယ်၍....

သူတို့အားသူဌေးကြီးယုံက ထောင်ချောက်ဆင်ထားခြင်း ဖြစ်ကြောင်း သိနိုင်ကြမည်ဆိုပါလျှင်....

သူတို့သည် သေမင်းထောင်ချောက်အတွင်းသို့ ဦးတည်သွားရန် ပြင်ဆင်နေကြခြင်းဖြစ်ကြောင်း သိနိုင်ကြမည် ဆိုပါလျှင်....

ကန္တာရကြယ်အဖွဲ့သည် ခရီးပြင်းထွက်ဖို့ အပြေးအလွှား စီစဉ်နေကြလေတော့သည်။

.... ◦ ....

သူဌေးကြီးယုံက အရက်တစ်ခွက် ငှဲ့သောက်လိုက်၏။ အရက်ခွက်ကို စားပွဲပေါ် ပြန်ချ လိုက်ချိန်၌အခန်းတွင်းသို့ ဝူပီ ဝင်ရောက်လာသည်။

သူဌေးကြီးယု သည် ဝူပီကိုမြင်သည်နှင့်....

'ဘယ်လိုလဲဟေ့'

ဟုလှမ်းမေးလိုက်၏။

ဝူပီက ဦးညွှတ်လိုက်၏။

'အရက်ဆိုင်လေးကို စောင့်ကြည့်ရင်းမသင်္ကာစရာကောင်းတဲ့ လူနှစ်ဦးကို တွေ့ခဲ့ရပါတယ်'

ဟု ပြောလေသည်။

သူဌေးကြီးယုံက....

'ဘယ်သူတွေလဲ ပြောစမ်း'

'တစ်ယောက်က လူစိမ်းပါပဲ၊ အရက်ဆိုင်ထဲဝင်သွားပြီး ဆိုင်လုလင်နဲ့ စကားပြောနေတာ တွေ့ရတယ်၊ ပြီးတော့ ချက်ချင်းထွက်သွားပါတယ်၊ သူ့ဆီမှာ စပယ်ရှဲစာ ပါသွားပုံရပါတယ်၊ နောက်ကလိုက်ကြည့်တော့ ကန္တာရထဲ ထွက်သွားတာ တွေ့ရပါတယ်'

'ဖျောက်....'

သူဌေးကြီးယုံ လက်ဖျောက်တစ်ချက် တီးလိုက်သည်။ ကန္တာရကြယ်အဖွဲ့အား တောင်ချောက် ဆင်ထားသည့်စာဖြစ်သည်။



ထိုစာကိုသာ ကန္တာရကြယ်အဖွဲ့ ရသွားပါက ချက်ချင်းဒုန်းစိုင်း ရောက်လာကြတော့မည်ဖြစ်ကြောင်း ဆင်ခြင်မိလေသည်။

'ကောင်းတယ်၊ သူတို့ကို အသင့်စောင့်ကြိုပြီး ချော့ဝတ်ပြုဖို့ ပြင်ဆင်ထားလိုက်'

ဝူပီက....

'ဟုတ်ကဲ့၊ အစစအရာရာ လိုလေသေးမရှိ စီစဉ်ထားပါတယ်'

သူဌေးကြီးယု သဘောကျသွားသည်။

'ကန္တာရကြယ်အဖွဲ့ကို ဆုံးမပြီးရင် မင်းတို့ကို ဆုချီးမြှင့်ရဦးမယ်၊ ကဲ.... နောက်တစ်ယောက်အကြောင်း ပြောစမ်းပါဦး'

ဟု မေးလိုက်သည်။

ဝူပီက....

'နောက်ထပ် မသင်္ကာစရာကောင်းတဲ့ လူတစ်ယောက်ကတော့ အရက်ဆိုင်ကို တစေ့တစောင်း အကဲခတ်တဲ့ လူသန်ကြီး တစ်ယောက်ပါပဲ၊ သူ့ကို သိပ်မသင်္ကာလို့ ငယ်သား တစ်ယောက်လွှတ်ပြီး အကျိုးအကြောင်း စုံစမ်းကြည့်ခိုင်းလိုက်ပါတယ်'

'အဲဒီတော့....'

'ကျွန်တော်လွှတ်လိုက်တဲ့ ငယ်သားဟာ ပြန်မလာတော့ဘဲ ပျောက်ချင်းမလှ ပျောက်သွားပါတယ်'

ထိုစကားကြားလျှင် သူဌေးကြီးယုံ မျက်မှောင်ကြုတ်သွားလေသည်။

'မသင်္ကာစရာကောင်းတဲ့ လူသန်ကြီးက လက်စဖျောက်လိုက်တယ်လို့ မင်း ယူဆတာလား'

'ဟုတ်ပါတယ်၊ သူ့လက်ချက်ပါပဲ'

'ဒါဖြင့် သူဘယ်မှာလဲ'

'မြို့အရှေ့ပိုင်းက ဘုံကျောင်းတစ်ခုရဲ့ အနောက်ဘက်အဆောင်မှာ ခိုအောင်းနေပါတယ်'

သူဌေးကြီးယုံက....

'သူ့ကို ငါ လိုချင်တယ်၊ ကိုယ်ရောင်ပျောက်နေတဲ့ မိတ်ဆွေဆိုတာ သူပဲဖြစ်မယ်'

ဟု ပြောလိုက်လေသည်။

....ဝ....



ရုတ်တရက် ခြေသံများ ကျယ်ကျယ်လောင်လောင် ထွက်ပေါ်လာလေသည်။

အခန်းတွင်းရှိ ခုတင်တစ်လုံးပေါ်၌ လဲလျောင်းနေသော လူဝံကြီး ငေါက်ခနဲ ထထိုင်မိလိုက်သည်။

ထူးခြားမှု တစ်ခုခုရှိနေပြီဖြစ်ကြောင်း ဆင်ခြင်မိလိုက်စဉ် အခန်းတွင်းသို့ လူတစ်စု ဝင်ရောက် လာကြလေတော့သည်။

လူဝံကြီးက....

'မင်းတို့ ဘယ်သူတွေလဲ၊ ဘာလာလုပ်ကြတာလဲ'

ဟု ငေါက်လိုက်သည်။

ဝင်လာကြသူများမှာ ဂူပိနှင့် ဂူစုတို့ ခေါင်းဆောင်သော သူဌေးကြီးယုံ၏ လူများဖြစ်နေကြပါသည်။

ဂူပိက....

'ခင်ဗျားကြောင့် ကန္တာရကြယ်ရဲ့သူလျှိုတွေကို ဖော်ထုတ်နိုင်ခဲ့တဲ့အတွက် ဂုဏ်ပြုချင်လို့ သူဌေးကြီးယုံက ဖိတ်ကြားခိုင်းလိုက်လို့ပါဗျာ'

ဟု ပြောလိုက်လေသည်။

လူဝံကြီး ရင်ထိတ်သွားသည်။

'မင်းတို့ ဘာတွေလာပြောနေကြတာလဲ၊ ငါဘာမှ နားမလည်ဘူးကွ'

ဟု ခပ်တည်တည် ပြောလိုက်သည်။

ဂူပိက ရယ်မောလိုက်လေ၏။

'ဟဲ....ဟဲ ဟဲ....မိတ်ဆွေကြီးကလဲ ဟန်ဆောင်မနေပါနဲ့တော့ဗျာ၊ သူဌေးကြီးယုံနဲ့ပူးပေါင်းရင် အကျိုးများမယ်ဆို

တာ မိတ်ဆွေသိပါတယ်၊ ကျုပ်တို့နဲ့ အေးအေးဆေးဆေး လိုက်ခဲ့ပါ'

လူဝံကြီး အံကြိတ်လိုက်သည်။

'ကျုပ်က မလိုက်ဘူးဆိုရင်ကော...'

'ဒီလိုမလုပ်ပါနဲ့လေ၊ ကျုပ်တို့က အဓမ္မ ခေါ်မသွားချင်ပါဘူးဗျာ'

ဝူပိ၏လူများသည် လူဝံကြီးအား ချက်ချင်းဝိုင်းရံထားလိုက်ကြလေသည်။

လူဝံကြီး သက်ပြင်းချလိုက်၏။

အခြေအနေအရ သူဌေးကြီးယုံနှင့် သဗ္ဗိတင့်စွာနေနိုင်မှ ဖြစ်မည်ဟု ဆင်ခြင်မိလိုက်သဖြင့်....

'ကောင်းပြီ၊ ကျုပ် လိုက်ခဲ့မယ်'

ဟု ပြောလိုက်ရလေသည်။

....ဝ....



သူဌေးကြီးယုံ ပြုံးနေသည်။

သူ၏ဝဲဘက် တစ်ဘက်တစ်ချက်တွင် ဝူပိနှင့်ဝူစုတို့ ညီအစ်ကို ရပ်နေကြပြီး တစ်ခုံကျော်၌ လီစင်းယု ထိုင်နေ၏။

သူတို့နှင့်မျက်နှာချင်းဆိုင်တွင် လူဝံကြီး ရှိနေသည်။

ယခု....

လူဝံကြီးသည် သူဌေးကြီးယုံ၏ရှေ့မှောက်သို့ရောက်လာပြီ ဖြစ်လေသည်။

သူဌေးကြီးယုံက....

'ကန္တာရကြယ်ရဲ့အထောက်တော်တွေကို ဖော်ထုတ်ပေးတဲ့ အတွက် ကျေးဇူးတင်ပါတယ်ဗျာ၊ ကျုပ်တို့ ရှေ့ဆက် လက်တွဲသွားကြဖို့ စိတ်ဝင်စားမယ် ထင်ပါတယ်'

ဟု စကား စလိုက်သည်။

လူဝံကြီး ခေါင်းညိတ်လိုက်သည်။

'သူဌေးမင်းရဲ့ အကျိုးစီးပွားအတွက် ပူးပေါင်း ဆောင်ရွက်ဖို့ ကျုပ် စိတ်ဝင်စားပါတယ်'

သူဌေးကြီးယုံ သဘောကျသွားသည်။

'ကန္တာရကြယ်အဖွဲ့က ကျုပ်ရဲ့ရွှေဇက်ါးတွေကို တိုက်ခိုက်လုယက်သွားတယ်'

ဟု ပြောလိုက်သည်။

လူဝကြီး ခေါင်းညိတ်လိုက်၏။

'ကျုပ်သိတယ်'

'ခင်ဗျားဟာ ကန္တာရကြယ်အဖွဲ့က မဟုတ်လား'

'ဟုတ်တယ်၊ ဒါပေမယ့် ကျုပ်က ဓားပြတစ်ယောက်ဗျ၊ တိုက်ခိုက်လုယက်ဖို့ပဲသိတယ်၊ ကျူပ်စိမ်ရှုနီလို အတွေးအခေါ်မရှိဘူး၊ သူ့ရဲ့အယူအဆလဲ ကျုပ်သဘောမကျဘူး'

လူဝကြီးသည် တမင် လူဆိုးတစ်ယောက်အသွင်ဖမ်းကာ ပြောလိုက်ခြင်း ဖြစ်လေ၏။

သူဌေးကြီးယုံက....

'ဘာလဲ၊ လုယက်တိုက်ခိုက်လို့ရတဲ့အထဲကခင်ဗျားအတွက် ဝေစုလိုချင်တာလား'

'သိပ်မှန်တာပေါ့ဗျာ၊ ခုတော့သူကဆင်းရဲနွမ်းပါးသူတွေကို ဝေခြမ်းပစ်တယ်၊ တကယ်တမ်း အသက်စွန့်တိုက်ခိုက်ရတဲ့ ကျုပ်တို့အတွက်တော့ ဘာမှ အကျိုးမခံစားရဘူး၊ ဒါကြောင့် သူနဲ့ လမ်းခွဲထွက်လာတာပေါ့'

သူဌေးကြီးယုံ ကျေနပ်သွားသည်။

'ကျုပ်နဲ့ပူးပေါင်းဆောင်ရွက်လို့ကတော့ ခင်ဗျားအတွက် အကျိုးမယုတ်စေရဘူးလို့ ကျုပ် အာမခံတယ်၊ ကျုပ်ရဲ့ ရွှေဒင်္ဂါးတွေကော ငှဲသေးရဲ့လား'



'ရှိတာပေါ့၊ ကန္တာရထဲမှာပဲ ဝှက်ထားတယ်၊တုတ်သုံးဖို့ အချိန်မရသေးဘူး'

သူဌေးယုံ၏မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပလာလေ၏။

'ရွှေဒင်္ဂါးတွေကိုပြန်ရရင် တစ်ဝက်တိတိကို ကြိုးစားတဲ့လူတွေအတွက် ဝေခြမ်းပေးမယ်လို့ ကျုပ် ဆုံးဖြတ်ထားတယ်၊ ဘယ်မှာဝှက်ထားတယ်ဆိုတာ ခင်ဗျားလိုက်ပြရင် အပိုဆုထပ်ပေးမယ်၊ ဘယ်လိုသဘောရသလဲ'

ဟု မေးလေသည်။

လူဝကြီးက....

'ကန္တာရထဲကိုသွားရမှာဆိုတော့ သူတို့နဲ့ရင်ဆိုင်ရမှာ မလွဲဘူးဗျ၊ သူတို့ကျွမ်းကျင်တဲ့အရပ်ဒေသဆိုတော့....'

သူ၏စကားမဆုံးမီ သူဌေးကြီးယုံက ကြားဖြတ်ပြောလိုက်သည်။

'ကိစ္စမရှိဘူး၊ သူတို့ကို ချေမှုန်းဖို့ ကျုပ်မှာ အစီအစဉ်ရှိတယ်၊ ဘာမှမပူနဲ့'

လူဝကြီး ဝမ်းသာသွား၏။

'ဒါဆို သူတို့ကို အရင်ဆုံး ချေမှုန်းပစ်လိုက်ပါ၊ ပြီးရင် ရွှေဒင်္ဂါးတွေ ဘယ်မှာဝှက်ထားတယ် ဆိုတာ ကျုပ်လိုက်ပြမယ်'

'ကောင်းပြီ၊ ခုချိန်ကစပြီး ခင်ဗျားဟာ ကျုပ်တို့လူတစ်ဦး ဖြစ်သွားပြီဗျာ'

လူဝကြီးသည် သူဌေးကြီးယူ ဘက်သို့ ကူးပြောင်းသွားခဲ့တော့သည်။

....ဝ....

တိုက်ပွဲ

ငါးလပိုင်း လဆန်းငါးရက်....

ထိုနေ့မနက်တွင် လိစင်းယူဦးဆောင်သည့်လူစုသည် မြို့ထဲမှ ထွက်သွားကြလေသည်။

သို့သော်....

မိုးချုပ်သွားသည့်အခါ မြို့တွင်းသို့ တိတ်တဆိတ်ပြန်လည် ဝင်ရောက်လာကြသည်။

ပြီးလျှင်....

ကြိုတင်စီစဉ်ထားသည့်အတိုင်း သူဌေးကြီးယုံ၏ ခြံဝင်း အတွင်း၌ ကိုယ်ယောင် ဖျောက်ထားလိုက်ကြလေတော့ သည်။

....၁....

ငါးလပိုင်း ခြောက်ရက်နေ့....

သူဌေးကြီးယုံ၏ အိမ်ဂေဟာမှ ဈေးဝယ်သည့် မြင်းလှည်းသည်မြို့လယ်ဈေးသို့ထွက်လာခဲ့လေသည်။

စပယ်သည် အိမ်ဖော်နှစ်ဦးနှင့်အတူ လိုက်ပါလာခဲ့၏။

မြို့လယ်ဈေးသို့ရောက်လျှင် အိမ်ဖော်နှစ်ဦးနှင့်အတူ လိုအပ်သည်များ ဝယ်ယူကြလေသည်။

ကြက်ဥများရောင်းသည့် ဆိုင်တစ်ဆိုင်ရှေ့သို့ရောက်လျှင် ကြက်ဥရောင်းနေသူက....

'အစ်မလေး ယ်သွားပ ဦးလား၊ ကြက်ဥတွေ အင်မတန် လပ်ဆတ်ပါတယ်၊ ဈေးလဲ ချိုပါတယ်'

ကြက်ဥခြင်းတောင်းကို ရှေ့သို့တိုးပေးကာ ပြောလေသည်။

စပယ်က....

'ဒီတစ်ခါ ာ့ မဝယ်သေးပါဘူးရှင်၊ ညွှ်သည်တွေ အ ြင်ထွက်သွားကြလို့ သူတို့ ပြန်လာမှပဲ ဝယ်ပါတော့မယ်'

'ကောင်းပါပြီ အစ်မလေးခင်ဗျာ'

စပယ်သည် ဈေးဝယ်ပြီးလျှင် အိမ်ဖော် နှစ်ဦးနှင့်အတူ မြင်းလှည်းစီးကာ ပြန်သွားလေသည်။



သူဌေးကြီးယုံ၏ အိမ်ဂေဟာသို့ပြန်လည်ရောက်ရှိသွားလျှင် ဝူစုံနှင့်ဝူပိတို့ညီအစ်ကိုက အသင့်စောင့်ကြိုနေကြပြီး ဖမ်းဆီးထိန်းသိမ်းထားလိုက်ကြတော့သည်။

ရန်၊ ၂၁၇၄၅

မြို့ပြင် တောအုပ်....

တောအုပ်ထဲ၌ လူနှစ်ယောက် ထင်းခုတ်နေကြလေသည်။

'ကြက်ဥရမယ်ဗျို့ ...ကြက်ဥရမယ်'

ကြက်ဥသည်သည် တကြော်ကြော်အော်ကာရောင်းချရင်း တောအုပ်ထဲရောက်လာ၏။

ထင်းခုတ်သမားနှစ်ဦးအနီးသို့ ရောက်လျှင်....

'ကြက်ဥဝယ်ပါဦးလား၊ မြို့ထဲမှာတော့ ညွှ်သည်တွေ အလုံးအရင်းနဲ့ ခရီးထွက်သွားလို့ ဝယ်စားမယ့်လူ မရှိတော့ဘူးဗျ'

ဟု ပြောလေသည်။

ထင်းခုတ်သမားနှစ်ယောက်အနက် တစ်ယောက်က ...

'ကျုပ်တို့လဲ ဒီည လုပ်စရာရှိသေးလို့ မငယ်သေးဘူး'

ဟု ပြောလျှင်....

'ကြက်ဥရမယ်ဗျို့....ကြက်ဥရမယ်'

ကြက်ဥသည်သည် တကြော်ကြော်အော်ကာ ရောင်းချရင်း ရှေ့ဆက် ထွက်သွားလေတော့သည်။

ကြက်ဥသည်သည် လည်းကောင်း၊ ထင်းခုတ်သမားများသည် လည်းကောင်း၊ ကျူးစိမ်ရှန်၏ ကန္တာရကြယ်အဖွဲ့သားများ ဖြစ်ကြလေသည်။

ယခု....

သူဌေးကြီးယုံ၏ စံအိမ်မှ လိဇင်းယုတို့လူစု ထွက်သွားကြပြီ ဖြစ်ကြောင်း အဆင့်ဆင့် သတင်းပို့ရင်း နောက်ဆုံး ကျူးစိမ်ရှန်ထံသို့ ရောက်ရှိသွားသည်။

ကျူးစိမ်ရှန်လည်း အချိန်မဖြုန်းတော့ဘဲ ည သန်းခေါင် အချိန်တွင် ဝင်ရောက်တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်လေသည်။

....–....



ည....

ကောင်းကင်ပေါ်တွင် လဝန်း ထိန်ထိန်သာနေ၏။

လျှို့ဝှက်သော အမှုကိစ္စပြုလုပ်ကြသူများသည် လမိုက်ည များကို သဘောကျလေ့ရှိပြီး ယခုလို လသာသောညများကို ရှောင်ရှားလေ့ရှိကြပေသည်။

ကျူးစိမ်ရှန်တို့လူစုမှာကား လသာသောည ဖြစ်သည့်တိုင် မရှောင်နိုင်ကြတော့ပါ။

အခွင့်အရေးရခိုက် သူဌေးကြီးယုံအား သုတ်သင်ရှင်းလင်း ပစ်ရန် အရေးကြီးလှသည် မဟုတ်ပါလား။

အေးမြသော ညလေအေးများ တိုက်ခတ်လာသည်။

ညသည် တစ်စထက်တစ်စ နက်ရှိုင်းလာသည်။

ညသန်းခေါင်အချိန်သို့ ရောက်မှန်းမသိ ရောက်လာလေသည်။

ရုတ်တရက်....

'ဂစ်....'

ညဥ့်ငှက်တစ်ကောင်သည် စူးစူးရှရှ မြည်သံပေးကာ ပျံသန်းသွားလေသည်။

ညဥ့်ငှက်အော်သံနှင့် မရှေးမနှောင်းတွင် လူရိပ်များ ထွက်ပေါ်လာသည်။

ထိုလူရိပ်များသည် သူဌေးကြီးယုံ၏ စံအိမ်ဆီသို့ လျင်မြန်စွာ ချဉ်းကပ်သွားကြလေသည်။

ကောက်ယိ၊ ကျူးစိမ်ရှန်၊ အိုရန်စုနှင့် ယန်ထင်တို့ ဖြစ်လေသည်။

သူတို့သည် သူဌေးကြီးယု၏ စံအိမ်အနီးသို့ ရောက်သည်နှင့် နှစ်ယောက်တစ်တွဲ လူချင်းခွဲလိုက်ကြသည်။

ကျူစိမ်ရှန်နှင့် ယန်ထင်တို့ကတစ်တွဲ ကောက်ယိနှင့် အိုရန်စုတို့ကတစ်တွဲ ဖြစ်လေသည်။

ကောက်ယိနှင့် အိုရန်စုတို့သည် အဆောက်အအုံဝဲဘက်မှ ပတ်ကာ အနောက်ဘက်သို့ ပြေးလွှားသွားကြပြီး ကျူစိမ်ရှန်နှင့် ယန်ထင်တို့က အဆောက်အအုံအရှေ့ဘက်မှတစ်ဆင့် ယာဘက်သို့ ပြေးလွှားသွားကြလေသည်။

သူတို့သည် သူဌေးကြီးယု၏ စံအိမ်ကို တစ်နေ့လုံး လေ့လာခဲ့ထားကြပြီ ဖြစ်သည်။

ထို့ကြောင့် ဝဲယာတစ်ဘက်တစ်ချက်ရှိ ပြတင်းပေါက်များမှ တစ်ဆင့် ထိုးဖောက်ဝင်ရောက် စီစဉ်ခဲ့ကြလေသည်။

ယင်းသို့ စီစဉ်ထားကြသည့်အတိုင်း လျှင်မြန်စွာ ချဉ်းကပ်သွားလိုက်ကြခြင်း ဖြစ်လေသည်။

ပြတင်းပေါက်များ အနီးသို့ရောက်လျှင် ပြတင်းပေါက်များကို ရိုက်ချိုးကာ အတွင်းဘက်သို့ ဝင်လိုက်ကြလေသည်။

'ဝုန်း....'

'ဒုန်း....'

ကျယ်လောင်သော အသံများ ထွက်ပေါ်လာလေသည်။

ကောက်ယိနှင့် အိုရန်စုတို့ စံအိမ်ကြီးအတွင်းသို့ ရောက်ရှိသွားကြလေသည်။

စံအိမ်ထဲ၌ မှောင်နှင့်မည်းမည်း ရှိနေပါသည်။



ကောက်ယိက....

'သတိထား'

ဟု အိုရန်စုအား သတိပေးလိုက်သည်။

ပြတင်းပေါက်ရိုက်ချိုးသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသော်လည်း အစောင့်အကြပ်များ၏အသံ မကြားရသဖြင့် ထူးဆန်းသည်ဟု ထင်မှတ်မိလိုက်လေသည်။

အိုရန်စုကမူ....

'မြန်မြန်လာ'

အမှောင်ထဲမှာပင် တဟုတ်ထိုး ပြေးလွှားသွားလေ၏။

ရုတ်တရက်....

'ဟင်....'

'ဟာ....'

ကောက်ယိနှင့် အိုရန်စုတို့ လွှတ်ခနဲ ရေရွတ်မိကြရအောင် ပင် မီးရောင်များ ထိန်ထိန်လင်းသွားလေသည်။

သူတို့သည် ကျယ်ဝန်းသော ခန်းမဆောင်ကြီး တစ်ခုအတွင်း၌ ရောက်ရှိနေပါသည်။

ပတ်ပတ်လည်တွင် လက်နက်ကိုယ်စီကိုင်ဆောင်ကာ ဝိုင်းရံထားကြသူများ။

'ထောင်ချောက်....'

ကောက်ယိ ရင်ထိတ်သွားသည်။

သူတို့သည် ထောင်ချောက်တစ်ခုအတွင်းသို့ သက်ဆင်းမိကြပြီဖြစ်ကြောင်း သဘောပေါက်သွားကြလေသည်။

ခန်းမအလယ်တွင် ‘ကျူစိမ်ရှန်နှင့် ယန်ထင်တို့ ရှိနေကြပါ၏။

သူတို့လည်း ထောင်ချောက်မိနေကြပြီ ဖြစ်သည်။

ထိုစဉ်....

‘ဟား....ဟား....ဟား’

ရယ်မောသံနှင့်အတူ သူဌေးကြီးယု လှမ်းဝင်လာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

....o....

သူဌေးယု သဘောကျစွာ ရယ်မောနေလေသည်။

သူ၏ ဝဲဘက် တစ်ဘက်တစ်ချက်တွင် ဝူပိနှင့် ဝူစုံတို့ ရှိနေကြ၏။

လီစင်းယုက မလှမ်းမကမ်းတွင် ရပ်နေသည်။

ကောက်ယ၀်၊ အိုရန်စု၊ ကျူစိမ်ရှန်နှင့် ယန်ထင်တို့ ရင်ဘောင်တန်းကာ ရပ်လိုက်ကြ၏။



ကျူစိမ်ရှန်က....

‘စပယ် သစ္စာဖောက်ပြီ’

ဟု ပြောလေသည်။

အိုရန်စုံ မျက်နှာပျက်သွားသည်။

‘ကျုပ်ညီမသာ သစ္စာဖောက်တယ်ဆိုရင် ကျုပ်ကိုယ်တိုင်သူ့ကိုသတ်ပစ်မယ်’

ကောက်ယ၀်၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါ သွားလေသည်။

အိုရန်စု၏ညီမကို သူဌေးသားယုံပွေက ဖမ်းဆီး ခေါ်ဆောင်သွားပြီး အတင်းအဓမ္မ သွေးဆောင် ပေါင်းသင်းခဲ့ကြောင်း သိခဲ့ရပေသည်။

ယခု

ကန္တာရကြယ် အဖွဲ့အား လျှို့ဝှက်သတင်း ပေးနေသည့် အထောက်တော်မှာ ဘဝကို စတေးခံကာ ကူညီနေသည့် အိုရန်စု၏ ညီမပင် ဖြစ်နေပေတော့သည်။

မှန်ပေသည်။

စပယ်သည် အိုရန်စု၏ညီမ ဖြစ်လေသည်။

သူဌေးကြီးယုသည် အိုရန်စုအား ချက်ချင်း မှတ်မိသွားသည်။

‘ဩော်....မင်းကိုး၊ တောင်ပေါ်ကပစ်ချလိုက်တာတောင် မင်းကမသေသေးဘဲကိုး၊ မင်းညီမက မင်းနဲ့ဆက်သွယ်ပြီး ငါ့အကြောင်းသတင်းပေးနေတာကိုး၊ တဲ....တဲ ခုတော့ ဘာတတ်နိုင်သေးသလဲ၊ ဟေ့....စပယ်ကိုခေါ်လာခဲ့ကြစမ်း’

ဟု အမိန့်ပေးလိုက်သည်။

အစောင့် သိုင်းသမား အချို့ စပယ်ကို တွန်းထိုး ခေါ်ဆောင်လာကြလေသည်။

စပယ်မှာ ရိုက်နှက်နှိပ်စက်ခံထားရခြင်းကြောင့် တစ်ကိုယ်လုံး သွေးချင်းချင်းနီရဲနေပါ၏။

ကျူးစိမ်ရှန် သက်ပြင်းချလိုက်၏။

'ကျုပ်စကားကိုကျုပ် ပြန်ပြီးရုပ်သိမ်းပါတယ်'

ဟု ပြောလိုက်လေသည်။

အိုရန်စုက....

'ကိစ္စမရှိပါဘူးဗျာ၊ ကျုပ်ညီမက အမှားတစ်ခုခုလုပ်မိလို့ ခုလို ဖြစ်ရတာပါ'

သူ၏ အသံမှာ ဆွေးမြည့်ကြေကွဲ နေသည်။

ညီမဖြစ်သူ၏ ဖြစ်အင်ကိုကြည့်ကာ မချိတင်ကဲ ဖြစ်နေပုံရလေသည်။

ကျူးစိမ်ရှန်က....

'ကျုပ်ရဲ့ အခြေအနေကို ကြည့်နေပါ၊ ကျုပ် မလှုပ်ရှားသေးဘဲ ဘယ်သူမှစပြီး မလှုပ်ရှားပါနဲ့'

ဟု တိုးတိုး မှာကြားလိုက်ရသည်။

သူဌေးကြီးယု က....

'ကန္တာရကြယ် မင်းဟာ ငါ့ကို တော်တော် ဒုက္ခပေးခဲ့တာပဲ၊ ခုတော့ အားလုံးပြီးသွားပါပြီ၊ မင်းတို့ဟာ ငါ့လက်ခုပ်ထဲကရေ ဖြစ်နေပြီ'

ဟု ဝင့်ကြွားစွာ ပြောလာလေသည်။



ကျူးစိမ်ရှန်က....

'ကျုပ်သေသွားလဲခင်ဗျားရဲ့လုပ်ရပ်တွေကိုတားဆီးမယ့်လူတွေ ပေါ်လာဦးမှာပါဗျာ၊ ခင်ဗျားဘယ်တော့မှ အနိုင်မရနိုင်ပါဘူး'

ဟု ခပ်ပြတ်ပြတ် ပြောလိုက်သည်။

သူဌေးကြီးယု ဒေါပွသွားသည်။

'ဟေ့....သူတို့ကို ရှင်းပစ်လိုက်စမ်း'

ဟု အမိန့်ပေး လိုက်လေသည်။

လီစင်းယုတို့ လူစုသည် ချက်ချင်းပင် တိုက်ခိုက်ရန် ဟန်ပြင်လိုက်ကြသည်။

'နေဦး....'

ကျူးစိမ်ရှန်က ဟန့်တားလိုက်သည်။

သူဌေးကြီးယု က....

'မင်း....ဘာပြောချင်သလဲ'

ဟု မေးလေသည်။

ကျူးစိမ်ရှန်က....

'ခင်ဗျားရဲ့ ရွှေဒင်္ဂါးတွေကို ပြန်မလိုချင်ဘူးလား'

'ဟား....ဟား....ဟား'

သူဌေးကြီးယု ဟားတိုက် ရယ်မောလိုက်သည်။

ဦးခေါင်း သွင်သွင် ခါယမ်းလိုက်ပြီး....

'မလိုချင်တော့ဘူး'

ကျူးစိမ်ရှန် သက်ပြင်း ချလိုက်သည်။

ကောက်ယိဘက်လှည့်ကာ....

'လူဝ ကြီးက သူ့ဘက် ပါသွားပြီ'

ဟု ပြောလိုက်သည်။

ကောက်ယိက....

'စိတ်ချ၊ လူဝကြီးကို ကျုပ် သုတ်သင်ရှင်းလင်းပစ်မယ်လို့ ကတိပေးပါတယ်ဗျာ'

သူဌေးကြီးယု သည် ကျူစိမ်ရှန်အား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီး....

'မင်းအတွက် အသက် ချမ်းသာရာရဖို့ တစ်နည်းပဲရှိတယ်၊ ကျုပ်ရှေ့မှာ ဒူးထောက်ပြီး ဦးသုံးကြိမ်ချကန်တော့ပါ၊ မင်းရဲ့အသက်ကို ချမ်းသာပေးလိုက်မယ်'

ဟု ပြောလေသည်။

သူ့အနေနှင့် ကျူစိမ်ရှန်အား အလွန် မုန်းတီးလေ၏။

ကျူစိမ်ရှန်က သူ့အား နှစ်ပေါင်းများစွာ ဒုက္ခပေးခဲ့သည် မဟုတ်ပါလား။

ယခု...

သူ၏ လက်ခုပ်ထဲကရေ ဖြစ်လာသောအခါ ချိုးနှိမ်ပစ်ရန် ကြံရွယ်လိုက်ခြင်း ဖြစ်လေသည်။

'ဟား....ဟား....ဟား'

ကျူစိမ်ရှန်က ရယ်မောလိုက်သည်။

သူဌေးကြီးယုက....

'မင်း သေချင်တယ်ပေါ့ ဟုတ်လား'

ဟု မေးသည်။

ကျူစိမ်ရှန် ရင်ကော့လိုက်၏။



'ကျုပ်က ခုထိမတ်ဘတ်ရပ်နိုင်နေသေးတယ်ဆိုတာ မမေ့ပါနဲ့ဦးဗျာ၊ ကျုပ်ကိုလွယ်လွယ်နဲ့ရမယ်မထင်ပါနဲ့'

သူဌေးကြီးယုက....

'ကောင်းပြီလေ'

သူက အိုရန်စုတို့ဘက်လှည့်ကာ....

'မင်းညီမ ဒုက္ခရောက်နေတာကို မင်းလက်ပိုက်ကြည့်နေတော့မှာလား'

ဟု မေးလေသည်။

အိုရန်စုက ဘာမျှမပြောဘဲနေလိုက်၏။

သူဌေးကြီးယုက....

'မင်းညီမကို ငါကတင့်တောင့်တင့်တယ်ထားတာပါကွာ၊ ဓားနဂါးရကြယ်အဖွဲ့က ထွက်လိုက်စမ်းပါ၊ မင်းကိုငါချမ်းသာအောင် လုပ်ပေးပါ့မယ်'

'ထို....'

အိုရန်စုက ဘာမျှမပြောဘဲ တံတွေးဖြင့် လှမ်းထွေးလိုက်သည်။

သူ၏လုပ်ရပ်ကြောင့် သူဌေးကြီးယု ဒေါသခြောင်းခြောင်းထွက်သွားသည်။

'ဝူပီ....ဟိုခွေးမကိုရှင်းပစ်လိုက်စမ်း'

ဟု အမိန့်ပေးလိုက်၏။

'ကောင်းပါပြီ သခင်'

ဝူပီသည် အနှိပ်စက်ခံထားရသဖြင့် စကားပင်မပြောနိုင်တော့သည့် စပယ်ကို လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

'စုန်း....'

စပယ်မှာ ကြမ်းပြင်ပေါ်တွင် ပုံလျက်သားလဲကျသွားပြီး တုတ်တုတ်မျှ မလှုပ်တော့ချေ။

ကောက်ယိ မျက်နှာပျက်သွား၏။

အိုရန်စုသည် ဒေါသထွက်ကာ တိုက်ခိုက်လိုက်လိမ့်မည်ဟု ထင်မှတ်မိလေသည်။

သို့သော်....

အိုရန်စုသည် တုတ်တုတ်မျှ မလှုပ်ဘဲ ရပ်နေ၏။

ကောက်ယိက သူ့အားကြည့်လိုက်သောအခါ ခံစားချက်ကင်းမဲ့သောလေသံဖြင့်....

'အရှင်လတ်လတ် ငရဲခံနေရတာထက် သေသွားတာက ပိုကောင်းတာပေါ့ဗျာ၊ ဝဋ်ကျွတ်သွားတာပေါ့'

ဟု ပြောလေသည်။

ကောက်ယိ ရင်ထဲနင့်သွား၏။

သူဌေးကြီးယုံအား သုတ်သင် ရှင်းလင်းပစ်ရန် ဆုံးဖြတ်လိုက်မိတော့၏။

သူဌေးကြီးယုံက....

'လီစင်းယု....သူတို့ကို ရှင်းပစ်လိုက်'

ဟု အမိန့်ပေးလိုက်၏။

လီစင်းယုက....

'စိတ်ချ....'



ဟုပြောပြီး ဓား တစ်လက်ဆွဲကာ ခုန်စင်လာ၏။

သူ၏အဖွဲ့သားများလည်း ချက်ချင်းပင် ဝိုင်းရံတိုက်ခိုက်လာကြတော့သည်။

....၀....

တိုက်ပွဲရုတ်ခြည်းဖြစ်ပေါ်လာ၏။

ကောက်ယိ၊ ကျူစိမ်ရှန်၊ ယန်ထင်နှင့် အိုရန်စုတို့ကလည်း တက်ညီလက်ညီ ပြန်လည်တိုက်ခိုက်လိုက်ကြသည်။

'စုန်း....'

'အား....'

'အမယ်လေး'

စူးရှသော အော်ဟစ်သံများထွက်ပေါ်လာသည်။

ကောက်ယိတို့ လေးယောက် ပေါင်း၍ တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ် ကောင်းလောက်အောင် ပြင်းထန်နေ၏

သည်ဖြစ်ရာ လိစင်းယု၏ လူများ အထိနာသွားလေတော့သည်။

သို့သော် လိစင်းယုတို့သည် လူအင်အားများပြီး အထပ်ထပ်ဝိုင်းရံထားကြသည်ဖြစ်ရာ ကောက်ယိတို့ လွတ်မြောက်ဖို့ လမ်းမမြင်ချေ။

မည်သို့ဆိုစေ....

ကောက်ယိတို့လူစုသည် မကြောက်မရွံ့ ရဲဝံ့စွာဖြင့် တိုက်ပွဲဝင်နေကြလေတော့သည်။

....၄....

သူဌေးကြီးယု၏ စံအိမ်ထဲမှ မီးရောင်များ ထွက်ပေါ်လာလေသည်။

မရှေးမနှောင်းမှာပင် ပြင်းထန်စွာ တိုက်ခိုက်နေကြသော အသံများ ထွက်ပေါ်လာလေသည်။



အမှောင်ရိပ်ထဲမှ စောင့်ကြည့်နေကြသော ကျူပေအောင်နှင့် ကျိုကွေတို့ ခေါင်းဆောင်သော ကန္တာရကြယ်အဖွဲ့သားများ ရင်ထိတ်သွားကြလေသည်။

ကျူပေအောင်က....

'တိုက်ပွဲဖြစ်နေပြီ ဒါထောင်ချောက်ပဲ'

ဟု ရေရွတ်လိုက်သည်။

ကျိုကွေက....

'ကျုပ်သွားမယ်'

'ရှင်တစ်ယောက်တည်းသွားလို့ ဘယ်ဖြစ်မလဲ၊ အားလုံးသွားကြမယ်'

ကျိုကွေက တားချုရမည်မဟုတ်ကြောင်း ရိပ်မိသဖြင့်....

'ကောင်းပြီ၊ သွားကြတာပေါ့'

သူတို့သည် မြင်းများပေါ်သို့ ကိုယ်စီကိုယ်စီ တက်လိုက်ကြလေသည်။

ထို့နောက်....

'ကဲ....အားလုံး အသင့်ပြင်ကြ၊ ရန်သူကို မြတ်မြတ် သားသား ချေမှုန်းကြမယ်'

ကျိုကွေက အော်ပြောလိုက်၏။

'ဟေး....'

ကန္တာရကြယ် အဖွဲ့သားများက ပြသံပေးလိုက်ကြလေသည်။

ပြီးလျှင်....

'ခွပ်ခွပ်....ခွပ်ခွပ်'

'ခွပ်ခွပ်....ခွပ်ခွပ်'

မြင်းခွာသံများ မိုးခြိမ်းသံအသွား ထွက်ပေါ်လာခဲ့သော်ပင် ဒုန်းစိုင်းသွားကြတော့သည်။

သူတို့၏ဦးတည်ရာကား သူဌေးကြီးယု၏ စံအိမ်ကြီး ဆီသို့ဖြစ်ပေတော့သည်။

....၁....

'ဝုန်း....'

'အား....'

'အမယ်လေး....'

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသေသည်။ တိုက်ပွဲကား ကြောက်ခမန်းလီလီ ပြင်းထန်လှပေသည်။ လီစင်ယုတို့လူစုသည် သိုင်းပညာတော်ပြီး အတွေ့အကြုံရင့်ကျက်သည့် ကြေးစားသိုင်းသမားများ ဖြစ်ခဲ့သည်။



ပြိုင်ဘက်ကိုသုတ်သင်ပစ်ရန် မည်သည့် နည်းလမ်းကိုမဆို အသုံးပြုမည့်သူများ ဖြစ်ကြသည်။

သူတို့၏တိုက်ခိုက်မှုမှာ ပြင်းထန်ပြီး ရက်စက်ကြမ်းကြုတ်လှပေသည်။

သို့သော်....

ကောက်ယိ၊ ကျူစိမ်ရှန်နှင့် ယန်ထင်တို့၏ ပညာလည်း မခေပါ။

သူတို့က တက်ညီလက်ညီ တိုက်ခိုက် လိုက်ခြင်းကြောင့် လီစင်ယု၏ လူများ အခြေအနေမဟန်ဘဲ ဖြစ်သွားလေသည်။

ကောက်ယိတို့အား ရုတ်တရက် သုတ်သင်နိုင်ခြင်း မရှိသဖြင့် သူဌေးကြီးယု ဒေါပွသွားလေသည်။

'အသုံးမကျတဲ့လူတွေ၊ ဘာမဟုတ်တဲ့ သူခိုးဓားပြတွေကိုတောင် နိုင်အောင် မတိုက်ခိုက်နိုင်ဘူးလား'

ဟု အော်လိုက်လေသည်။

လီစင်ယု ခံပြင်းသွားသော်လည်း ဘာမှ ပြန်မပြောပါ။ သူ့တွင် အကြံအစည်တစ်ခုရှိနေသည် မဟုတ်ပါလား။

ထို့ကြောင့်....

တိုက်ခိုက်ရင်း တဖြည်းဖြည်း နောက်ဆုတ်လိုက်လေသည်။

ထိုအချိန်တွင်....

'ခွပ်ခွပ်....ခွပ်ခွပ်'

'ဟေး....ဟေး'

'ကန္တာရကြယ်အဖွဲ့တဲ့ဟေ့'

'လူယုတ်မာတွေကို သုတ်သင်ကြ'

'နယ်ချဲ့လက်ပါးစေတွေကို တိုက်ဖျက်ပစ်'

အပြင်ဘက်မှ ငြာသံပေးသံများ၊ မြင်းခွာသံများ ကျယ်လောင်စွာ ဟိန်းဆူက်လာသည်ကို ကြားလိုက်ရလေ၏။

သူဌေးကြီးယု မျက်လုံးပြူးသွား၏။

သူ၏ထောင်ချောက်ထဲသို့ ကန္တာရကြယ်အဖွဲ့မှ ခေါင်းဆောင်ပိုင်းသာ တိုးဝင်လာမည်ဟု ယု ကြည့်ခဲ့၏။

ကန္တာရကြယ်တစ်ဖွဲ့လုံး ချီတက်လာကြမည် မထင်ခဲ့ချေ။

သူ၏အစီအစဉ်သည် အနည်းငယ် ချွတ်ယွင်း တိမ်းချော်သွားလေသည်။

မည်သို့ဆိုစေ....

လိစင်းယုတို့လူစုသည် အားကိုးအားထားပြုနိုင်သည်ဖြစ်၍ ကန္တာရကြယ်တစ်ဖွဲ့လုံးလာလျှင်လည်း မှုစရာလိုမည် မဟုတ်ပါ။

သို့သော်....

လိစင်းယုသည် ဖိဖိစီးစီး တိုက်ခိုက်ခြင်းမပြုဘဲ နေသဖြင့် ကောက်ယိတို့ကိုပင် သုတ်သင်ရှင်းပစ်ဖို့မစွမ်းသာဘဲ ဖြစ်နေရတော့သည်။

လိစင်းယုက နောက်သို့ ခုန်ဆုတ်လာသည်။

သူဌေးကြီးယု က....

'ခင်ဗျား ဘာကြောင့် သူတို့ကိုဖိဖိစီးစီး မတိုက်ခိုက်တာလဲဗျ'

ဟု မကျေမနပ်မေးလိုက်လေသည်။

လိစင်းယုက....



'ကျုပ် တိုက်ခိုက်နေတာပဲ မတွေ့ဘူးလား'

'ခင်ဗျား....'

'သူတို့ဟာ ဒီလောက် စည်းလုံးညီညွတ်တာ ဘာကြောင့် ကျုပ်ကို ကြိုပြီးမပြောခဲ့တာလဲ'

လိစင်းယုသည် သူဌေးကြီးယု ကိုပင် အပြစ်တင်လိုက်လေသည်။

သူဌေးကြီးယု ဒေါပွသွားလေသည်။

'အဲဒါဘာဖြစ်သလဲ ခင်ဗျားတာဝန်ကသူတို့ကိုသုတ်သင်ရှင်းလင်းပစ်ဖို့ပဲ၊ ကျုပ်က ခင်ဗျားတောင်းသလောက် ပေးထားပြီးပြီပဲ'

'ကျုပ်လိုချင်တာက ရွှေဒင်္ဂါးတစ်သိန်းဖိုးဗျ'

'ဘာ....'

'ဒီလူတွေကို ခင်ဗျားဘာသာရှင်းပေတော့'

စကားဆုံးလျှင် လိစင်းယုသည် ကြမ်းပြင်ပေါ်ခြေဆောင့်ကာ အပြင်ဘက် ခုန်ထွက်သွားလေ၏။

'အသုံးမကျတဲ့လူ'

သူဌေးကြီးယု က အော်လိုက်သော်လည်း လိစင်းယုက လှည့်မကြည့်တော့ပေ။

သူဌေးကြီးယု သည် ဒေါသထွက်နေရာမှ လိစင်းယု ပြေးသွားရာဘက်သို့ကြည့်ကာ မျက်လုံးပြူးသွားလေ၏။

'ဟင်... သူက လူဝ ကြီးရဲ့အခန်းကို သွားနေတာပဲ'

လူဝ ကြီးကို အခန်းတစ်ခုတွင် နေရာချပေးထားပြီး ထွက်မသွားနိုင်အောင် အစောင့်ချထားပါသည်။

လီစင်းယုက လူဝံကြီးထံသို့ သွားနေသည်မှာ....

'တောက်....သူက လူဝံကြီးကိုခေါ်ထုတ်ပြီး ရွှေဒင်္ဂါးတွေ သွားတူးမလို့ပါလား'

လီစင်းယု၏အကြံကို ရိပ်မိသွားလေတော့သည်။

လီစင်းယုလို ကြေးစားတစ်ယောက်အဖို့ မည်သူ့ကိုမှ သစ္စာစောင့်သိနေမည်မဟုတ်ပါ။

ငွေကိုအဓိကထား၍ ငွေရလျှင်ဘာမဆိုလုပ်မည်သာ ဖြစ်လေသည်။

ယခု....

ကောက်ယိတို့လူစုထက် ရွှေဒင်္ဂါးများကို ပို၍ အလေးအနက်ထားသည်မှာ အဆန်းမဟုတ်တော့ချေ။

'မြန်မြန်လိုက်စမ်း'

သူဌေးကြီးယုက ဝူပိနှင့် ဝူစုတို့အား အမိန့်ပေးလိုက်၏။

ဝူစုက....

'ယခင် သူ့နောက်ကို လိုက်ဖို့ထက် အသက်လွတ်အောင် ရှောင်တိမ်းသွားဖို့က အရေးကြီးနေပါတယ်'

'ဘာကွ....'

'ရန်သူတွေ ထိုးဖောက်ဝင်လာကြပါပြီ'

'ဟေ....'

သူဌေးကြီးယု လှမ်းကြည့်လိုက်သောအခါ ကန္တာရကြယ် အဖွဲ့သားများ ထိုးဖောက်ဝင်လာကြသည်ကို တွေ့မြင်ရလေသည်။



ထိုအချိန်တွင်....

'ဆရာ....'

ကြေးစားသိုင်းသမားများဘက်မှ ပါဝင်တိုက်ခိုက်နေသော ထင်ကျန်သည် ကောက်ယိနှင့်အတူ ယန်ထင်ကို တွေ့လိုက်ရသောအခါ တအံ့တသြခေါ်လိုက်၏။

ယန်ထင်က....

'ဟေ့...လူမိုက်.... ဘာကြောင့် လူယုတ်မာတွေဘက်က နေနေတာလဲ၊ ကန္တာရကြယ် အဖွဲ့သားတွေနဲ့အတူ လူယုတ်မာတွေကို သုတ်သင်ရှင်းလင်းပါတော့လား'

ဟု အော်ပြောလိုက်၏။

ထင်ကျန်မှာ နဂိုကပင် သူဌေးကြီးယုတို့လူစုကိုမုန်းတီးနေခဲ့သည်။

ယန်ထင်က ကုန်းစိမ်းရှန်တို့နှင့် ပူးပေါင်းလိုက်ပြီဖြစ်ရာ ..

'ကောင်းပါပြီဆရာ၊ လူယုတ်မာတွေကို ကျွန်တော် ဆုံးမပါတော့မယ်'

ဟု ပြောကာ လီစင်းယုတို့လူစုအား ပြန်လည်တိုက်ခိုက်လိုက်၏။

ဒီအခြေအနေမှာ အလွန်ရှုပ်ထွေးသွားလေသည်။

ကြေးစားများသည် သူတို့အားထားပြီး လီစင်းယု ထွက်သွားခြင်းကြောင့် သို့လောသို့လော ဖြစ်နေကြ၏။

ထို့အပြင်....

ကန္တာရကြယ်အဖွဲ့သားများ အလုံးအရင်းနှင့် ချဉ်ရောက်လာကြသောအခါ ထိတ်သန့်လာကြတော့သည်။

....○....

ကန္တာရကြယ်အဖွဲ့သားများသည် အများအကျိုး ဆောင်ရွက်နေကြသူများဖြစ်သည်။

မတရားမှုကို တိုက်ဖျက်ပြီး နယ်ချဲ့မွန်ဂိုအန္တရာယ်ကို ကာကွယ်နေကြသူများဖြစ်သည်။

အသက်ကို ပဓာနမထားဘဲ တိုင်းပြည်နှင့်လူမျိုးအတွက် ကိုယ်ကျိုးစွန့်ရဲကြသူများဖြစ်သည်။

အချင်းချင်း စည်းလုံးညီညွတ်မှုလည်း ရှိကြပြီး ရဲဝံ့ကြသူများဖြစ်သည်။

ကြေးစားသိုင်းသမားများကား သိုင်းပညာ တော်ကြသည်မှန်သော်လည်း အချင်းချင်း စည်းလုံးညီညွတ်မှုမရှိကြပေ။



ငွေမျက်နှာတစ်ခုတည်း ကြည့်ကြသူများလည်း ဖြစ်ကြသည်။

လီစင်းယု ရှောင်ထွက်သွားသည်ကို တွေ့မြင်ထားကြရာ ဆက်၍ရင်ဆိုင်တိုက်ခိုက်ဖို့ထက် ကိုယ်လွတ်ရုန်းရှောင်ထွက်ရန် ကြိုးစားလာကြတော့သည်။

ညီညွတ်သော ကန္တာရအဖွဲ့သားများကပြင်းပြင်းထန်ထန် တိုက်ခိုက်လာသောအခါ....

'ဂုန်း....'

'အား....'

'အမယ်လေး'

စူးရှသောအော်သံများ တစ်ခဲနက် ထွက်ပေါ်လာလေသည်။

ကြေးစားသိုင်းသမားများသည် ဖရိုဖရဲထွက်ပြေးကုန်ကြတော့သည်။

....○....

ကြေးစားသိုင်းသမားများသည် သူဌေးကြီးယု အပေါ် သစ္စာစောင့်သိခြင်းမရှိဘဲ ထွက်ပြေးသွားကြသည်။

သူဌေးကြီးယုမှာ အဖြစ်အပျက်ကို မယုံနိုင်အောင် ဖြစ်နေသည်။

သူက လိစင်းယုတို့အဖွဲ့အပေါ် အလွန်အားကိုးပြီး ကျူးစိမ်ရှန်အား ချေမှုန်းနိုင်မည် ယုံကြည်ခဲ့သည်။

လက်တွေ့တွင်....

လိစင်းယုတို့သည် ကိုယ်ကျိုးကြည့်ပြီး သူ့အားပစ်ထားခဲ့ကြပြီ ဖြစ်သည်။

'သခင်ကြီး မြန်မြန်ပြေးပါ'

ဝူစုက စိုးရိမ်တကြီး ပြောလိုက်သည်။

ယခု....

သူဌေးကြီးယုလည်း မနေနိုင်တော့ပါ။

ပစ္စည်းဥစ္စာများထက် သူ၏အသက်က ပို၍ အရေးကြီးကြောင်း နားလည် သဘောပေါက်သွားပြီ ဖြစ်လေသည်။

ထို့ကြောင့် ချာခနဲလှည့်ကာ ထွက်ပြေးသွားလေသည်။

သို့သော်....

'ရပ်လိုက်စမ်း'

ကျူးစိမ်ရှန်က အော်ငေါက်ကာ ပြေးလိုက်သွားလေသည်။

'ယား....'

ဝူစုက ဆီးကြိုတိုက်ခိုက်လိုက်သည်။

ကျူးစိမ်ရှန်လည်း သူဌေးကြီးယု နောက်သို့ လိုက်မသွားနိုင်တော့ဘဲ ဝူစုနှင့်ရင်ဆိုင်လိုက်ရလေသည်။



ထိုစဉ်....

လူရိပ်တစ်ခုသည် ကျူးစိမ်ရှန်တို့အား ကျော်ဖြတ်ကာ သူဌေးကြီးယု နောက်သို့ ပြေးလိုက်သွားလေသည်။

အိုရန်စုဖြစ်ပါသည်။

ကျူးစိမ်ရှန် ရင်ထိတ်သွား၏။

သူဌေးကြီးယု အနီးတွင် သက်တော်စောင့်ဝူပိ ရှိနေသေးသည် မဟုတ်ပါလား။

အိုရန်စုက....

'လူယုတ်မာကြီး ခင်ဗျားဘယ်ပြေးမလဲ'

ဟု အော်ငေါက်ကာ ပြေးဝင် တိုက်ခိုက်လိုက်လေသည်။

'ယား....'

ဝူပိကလည်း ဓားသံပေးကာ ပြန်လည် တိုက်ခိုက်လိုက်လေသည်။

သူဌေးကြီးယုကား ကိုယ်လွတ်ရုန်းပြီး ထွက်ပြေးလေသည်။

အိုရန်စုမှာ ဒေါသချောင်းချောင်း ထွက်နေသည်ဖြစ်ရာ ဝူပိကို တိုက်ခိုက်လိုက်ပြီး အမှုမထားတော့ဘဲ သူဌေးကြီးယု နောက်သို့ ပြေးလိုက်သွားရန် ဟန်ပြင်လိုက်၏။

ဤတွင်....

'သေပေတော့'

ဝူပိထိုးသွင်းလိုက်သော လျှပ်တစ်ပြက်ဓားချက်က သူ၏ရင်ဝကို ဖောက်ထွင်းသွားလေတော့သည်။

'အား....'

အိုရန်စု စူးရှစွာ အော်ဟစ်လိုက်ပြီး ကြမ်းပြင်ပေါ် လဲကျသွားလေသည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် သူနှင့် မလှမ်းမကမ်းတွင် သူ၏ညီမ စပယ် လဲကျသေဆုံးနေပါသည်။

'ညီမလေး'

အိုရန်စုက စပယ်ထံ လှမ်းသွားရန် ဟန်ပြင်၏။

ဝူပီက နောက်ထပ် ဓားဖြင့်ခုတ်ချရန် ကြိုးစားလေသည်။

'သွားစမ်း'

အော်ငေါက်သံနှင့်အတူ လူရိပ်တစ်ခု လှစ်ခနဲ ရောက်ရှိလာပြီး ဝူပီအား ကန်ထုတ်လိုက်လေသည်။

'ဂုန်း....'

ဝူပီမှာ အိုရန်စုကို ဆက်၍တိုက်ခိုက်နိုင်ခြင်း မရှိတော့ဘဲ အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

ကြားဝင်လာသူမှာ ကောက်ယီဖြစ်ပါသည်။

ကောက်ယီက အိုရန်စုကို ပွေ့မလိုက်လေသည်။

အိုရန်စု အားယူပြီးပြုံးလိုက်သည်။

'သူဌေးကြီးယုံကို မလွတ်ပါစေနဲ့ဗျာ'

'စိတ်ချ၊ ကျုပ် ရှင်းပစ်ပါမယ်'

ကောက်ယီက ကတိပေးလိုက်သည်။

အိုရန်စုက....

'ကျုပ်တို့မောင်နှမကို မြို့ပြင်သုသာန်မှာ ဘေးချင်းယှဉ်ပြီး မြှုပ်ပေးပါဗျာ၊ ကျုပ်....'

စကားဆုံးအောင် မပြောနိုင်တော့ပါ။



နှုတ်ခမ်းထောင့်မှ သွေးများ ယိုစီးကျလာပြီး ခေါင်းငိုက်စိုက်ကျကာ သေဆုံးသွားလေ၏။

ကောက်ယီ စိတ်ထိခိုက်သွား၏။

အိုရန်စု၏ အလောင်းကိုချပြီး လှမ်းကြည့်လိုက်သောအခါ ဝူပီမှာ သူဌေးကြီးယုံနောက်သို့ ပြေးလိုက်သွားသည်ကို တွေ့မြင်လိုက်ရသည်။

သူတို့နှစ်ယောက် လွတ်မြောက်သွားတော့မည့် အခြေအနေရှိလေသည်။

ကောက်ယီ မနေနိုင်တော့ဘဲ....

'ရပ်လိုက်'

အော်ငေါက်ကာ တစ်ဟုန်ထိုး ပြေးလိုက်သွားလေ၏။

ထိုစဉ်....

'ဂုန်း....'

'အား....'

စူးရှသော အော်ဟစ်သံ ထွက်ပေါ်လာလေသည်။

သိုင်းကွက် နှစ်ဆယ်ကျော် တိုက်ခိုက်ပြီးနောက် ဝူစုမှာ ကျူစိမ်ရှန်ကို မယှဉ်နိုင်တော့ဘဲ လဲကျသွားတော့သည်။

ကျူစိမ်ရှန်သည် ဝူစုအား သုတ်သင်ပြီးသည်နှင့် ကောက်ယီတို့ နောက်သို့ ပြေးလိုက်သွားလေတော့သည်။

သတ္တိသွေး

'ဝုန်း....'
'အား....'
'အမယ်လေး'

စူးရှသော အော်ဟစ်သံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ကန္တာရကြယ် အဖွဲ့သားများသည် အသာစီး ရနေကြပြီ ဖြစ်လေသည်။

သူဌေးကြီးယု၏ လူများ ဘစ်ယောက်ပြီး တစ်ယောက် ကျဆုံး သွားကြသလို လီစင်းယု၏ အဖွဲ့သား ကြေးစား



သိုင်းသမား များသည်လည်းအကွဲကွဲအပြားပြားထွက်ပြေးနေကြပြီ ဖြစ်သည်။

ကန္တာရကြယ်အဖွဲ့ အနိုင်ရလာသော်လည်း ရှေ့ဆုံးမှဦးဆောင်တိုက်ခိုက်ခဲ့သည့် ကျီကွေ့နှင့် ကျူပေအင်တို့ သက်သာလှသည် မဟုတ်ပါလား။

တစ်ကိုယ်လုံး သွေးချင်းချင်း နီရဲအောင်ပင် ဒဏ်ရာများ ရထားကြလေသည်။

ကျူပေအင်သည် တိုက်ခိုက်ရင်း ကောက်ယိနှင့် ကျူစိမ်ရှန်ကို ရှာဖွေကြည့်လိုက်သည်။

ထိုအခါ....

ကျူစိမ်ရှန်နှင့် ကောက်ယိတို့သည် ထွက်ပြေးသွားသော သူဌေးကြီးယု နောက်သို့ သဲကြီးမဲကြီး လိုက်နေကြသည်ကို တွေ့လိုက်ရသဖြင့်....

'လူယုတ်မာကြီး ပြေးလို့လွတ်မလား'

ဟု ကြုံးဝါးကာ ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက် ခုန်ထွက်လိုက်သည်။

ထို့နောက် ခြံဝင်းကိုဖြတ်ကာ သူဌေးကြီးယုံ ထွက်ပြေးသည့်ဘက်သို့ လိုက်သွားပြီး ရှေ့မှ ပိတ်ဆို့ဟန့်တားရန် ကြိုးစားလိုက်သည်။

သူဌေးကြီးယုသည် ကိုယ်လွတ်ရုန်းကာ ထွက်ပြေးပါသော်လည်း....

'ရပ်လိုက်စမ်း'

ကျူပေအောင် ရိမ်ခနဲ ရောက်လာပြီး ရှေ့မှလမ်းပိတ် ထားလိုက်သောအခါ ဆက်မပြေးနိုင်အောင် ဖြစ်သွားလေသည်။

ထိုအချိန်တွင်....

'သခင်ကြီး သတိထား'

ဝူပီ ရောက်လာပြီး ကျူပေအင်အား တိုက်ခိုက်လိုက်လေသည်။

ကျူပေအောင်ကလည်း ပြန်လည် တိုက်ခိုက်လိုက်သည်။

'ညီမ သတိထား'

သတိပေးသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ကောက်ယိနှင့် ကျူစိမ်ရှန်တို့ တစ်ဟုန်ထိုး ပြေးလွှားလာကြလေသည်။

ကျူပေအောင်သည် ကောက်ယိတို့ ပြေးလိုက်လာသည်ကို မြင်လျှင် အားတက်သွားပြီး....

'လူယုတ်မာကြီးကို မလွှတ်စေနဲ့'

ဟု အော်ပြောလိုက်သည်။

ဝူပီသည် အခြေအနေ မဟန်မှန်းသိလျှင် ထွက်ပြေးတော့မည့်ဟန် ပြုလိုက်ရာ....

'ပြေးလို့ရမလား'

ကျူပေအင်က လွတ်သွားမည်ကို စိုးရိမ်ကာ အလောတကြီး တိုက်ခိုက်လိုက်လေ၏။

ဤတွင်....

'ယား....'



ဝူပီသည် ချာခနဲလှည့်ကာ ခြေထောက်ဖြင့် ကန်လိုက်လျှင် ကျူပေအောင် မရှောင်နိုင်တော့ဘဲ....

'ဝုန်း....'

မြေပေါ် လဲကျသွားလေသည်။

'မလှုပ်နဲ့'

ဝူပီက သူမအား ဓားတစ်လက်ဖြင့် ထောက်ထားလိုက်သည်။

'ဟင်....'

'ဟာ....'

ကောက်ယိနှင့် ကျူစိမ်ရှန်တို့ အထိတ်တလန့် ဖြစ်သွားကြသည်။

ဝူပီက....

'သူ့အသက်မသေစေချင်ရင် သူဌေးကြီးကို လွှတ်ပေးရမယ်၊ ဒါမှမဟုတ်ရင် သူ့ကိုသတ်ပစ်လိုက်မယ်'

ဟု ခြိမ်းခြောက်လိုက်လေ၏။

ကျူပေအင်၏အသက်ကိုငဲ့ညှာမည်ဆိုလျှင် သူဌေးကြီးယုံအား လွှတ်ပေးရလိမ့်မည် ဖြစ်လေသည်။

ကျူပေအင်က....

'အစ်ကို လူယုတ်မာကြီးကို လွှတ်မပေးနဲ့'

ဟု အော်ပြောလေသည်။

ဝူပိ ဒေါသထွက်သွားပြီး....

'ခွေးမ ပါးစပ်ပိတ်ထားစမ်း'

ဟု ငေါက်ကာ ပါးရိုက်ချလိုက်လေသည်။

ဖြန်းခနဲမြည်သံနှင့်အတူ ကျူပေအောင် ချာခနဲ လည်ထွက် သွားလေသည်။

သို့သော်....

'ဟာ....'

သူမသည် ချက်ချင်းပင် ဝူပီအား တိုက်ခိုက်လိုက် လေသည်။

အလွန်အန္တရာယ်များသော အလုပ် ဖြစ်သည်။

'မလုပ်နဲ့'

'ညီမ သတိထား'

ကောက်ယီနှင့်ကျူစိမ်ရှန်တို့ အထိတ်တလန့် အော်လိုက်ကြ၏။

သို့တိုင်....

နောက်ကျသွားပြီ ဖြစ်လေသည်။

ဝူပီသည် ကျူပေအောင်အား လွှတ်လိုက်ရမည်ကို စိုးရိမ်ကာ ဓားဖြင့် ထိုးသွင်းလိုက်ရာ....

'ဒုတ်...'

'အမယ်လေး'

ကျူပေအောင် မရှောင်နိုင်ဘဲ မြေပေါ် လဲကျသွားတော့၏။

အမှန်တော့....

သူမသည် သူဌေးကြီးယုံအား အလွတ်မခံနိုင်သဖြင့် အသက်စွန့်လိုက်ခြင်း ဖြစ်လေသည်။

'ညီမ...'



ကောက်ယီသည် အသံနက်ကြီးဖြင့် အော်ရင်း ဝူပီထံ ခုန်ဝင်သွားပြီး ပြင်းထန်စွာ တိုက်ခိုက်လိုက်လေသည်။

ဝူပီမှာ ဖြန်လည်ခုခံရန်ကြိုးစားပါသော်လည်း ကြာကြာ မခံနိုင်ဘဲ....

'အား....'

စူးရှစွာအော်ဟစ်ကာ မြေပေါ် လဲကျသွား၏။

မရှေးမနှောင်းမှာပင်...

'သေပါပြီဗျာ'

သူဌေးကြီးယုံ၏ ငယ်သံပါအောင် အော်လိုက်သောအသံ ထွက်ပေါ်လာသည်။

ကျူစိမ်ရှန်က လူယုတ်မာသူဌေးကြီးအား ရှင်းပစ်လိုက်ပြီ ဖြစ်သည်။

ဖုန်း ၂၀၄၄

ကောင်းကင်တစ်ခုလုံး ကြည်ပြာရောင် သမ်းနေလေသည်။

အရှေ့ဘက်တွင် အရုဏ်ဦး၏ရောင်နီများထွက်ပေါ်လာစပြုနေပြီဖြစ်သည်။

ကန္တာရအတွင်း၌ မြင်းစီးသမားနှစ်ယောက် ခရီးနှင်နေကြလေသည်။

လူဝံကြီးနှင့် လီစင်းယုတို့ ဖြစ်ပေါ့သည်။

လီစင်းယုသည် လူဝံကြီးအား စည်းရုံး သိမ်းသွင်းကာ ခေါ်ဆောင်လာခဲ့ခြင်းဖြစ်လေသည်။

လူဝံကြီးကလည်း သူ့ငွေးကြီးယုံထက် လီစင်းယုံနှင့် ပူးပေါင်းရခြင်းကို ပို၍သဘောကျ၏။

နှစ်ဦးသား ကန္တာရအတွင်း ခရီးပြင်း နှင်လာခဲ့ကြရာ သဲတောင်ပူစာလေးများရှိသည့် နေရာတစ်ခုသို့ ရောက်လာကြလေသည်။

လူဝံကြီးက....

'အဲဒီ ဘောင်မူစာလေးတွေကြားမှာ ရွှေဒင်္ဂါးတွေကို ကျုပ်မြှုပ်ထားခဲ့တာပေါ့'

ဟု ညွှန်ပြကာပြော လေသည်။

လီစင်းယု ခေါင်းညိတ်လိုက်၏။

'သိပ်ကောင်းတာပေါ့၊ ခင်ဗျားနဲ့ ကျုပ် တစ်ယောက်တစ်ဝက်ယူကြမယ်၊ ဘယ့်နှယ် သဲ'

လူဝံကြီး သဘောတူလိုက်၏။

'ကောင်းတယ်'



'ကဲ....သွားကြမယ်'၊

နှစ်ယောက်သား မြင်းပေါ်မှဆင်းကာ တောင်ပူစာလေးများကြားသို့ လျှောက်သွားလိုက်ကြလေသည်။

လူဝံကြီးက....

'ဟောဒီနေရာပဲ'

သဲပြင်တစ်ခုလုံးကို ညွှန်ပြလိုက်သည်။

လီစင်းယုက....

'ကျုပ်တစ်သက်စားမကုန်အောင် ချမ်းသာပြီပေါ့'

သူ၏ စကားကြောင့် လူဝံကြီး မျက်မှောင်ကုတ်သွားသည်။

လီစင်းယုသည် တစ်ဦးတည်း စကားပြောနေသည် မဟုတ်ပါလား။

လီစင်းယုက....

'မင်းအတွက် ဝမ်းနည်းပါတယ်ကွာ'

ဟု ပြောကာ လက်ဝါးဖြင့် ရိုက်ချလိုက်သည်။

'ခင်ဗျား....လူယုတ်မာ'

လူဝံကြီး အထိတ်တလန့်အော်ကာ ရှောင်တိမ်းရန် ဟန်ပြင်လိုက်သည်။

'ဝုန်း....'

'အား....'

စူးရှစွာ အော်သံတစ်ကာ သဲပြင်ပေါ် ပုံလျက်သားလဲကျသွားလေတော့သည်။

'ဟား....ဟား....ဟား'

လိစင်းယု သဘောကျစွာ ရယ်မောလိုက်၏။

ချက်ချင်းပင် သဲပြင်ဘဲဝှက်ထားသည့် ဗွေဒင်္ဂါးများ ဘူး ဖော်ရန် ဟန်ပြင်လိုက်၏။

ထိုစဉ်....

'ဝေါ....ဝေါ...ဝေါ...'

အဝေးမှ တဝေါဝေါမြည်သံများ ထွက်ပေါ်လာလေသည်။

လိစင်းယု ရင်ထိတ်သွားပြီး လှည့်ကြည့်လိုက်ရာ အဝေး၌ သဲပင်လယ်ကြီးသည် အလိပ်လိုက်အတွန့်လိုက် ကြွတက်လာပြီး လျင်မြန်စွာ ရွေ့လျားလာနေသည်ကို တွေ့လိုက်ရသည်။

ရာသီဥတု ရုတ်ခြည်းဖောက်ပြန်သွားပြီး သဲမုန်တိုင်းတိုက်ခတ်လာပြီ ဖြစ်သည်။

ကန္တာရနှင့်ပတ်သက်ပြီး အတွေ့အကြုံမရှိသဖြင့် သဲမုန်တိုင်း၏ အန္တရာယ်မှ လွတ်မြောက်အောင် မည်သို့ရှောင်ကွင်းရမှန်း မသိ ဖြစ်သွား၏။

လိစင်းယု ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေစဉ် အဟုန်ပြင်းစွာ တိုက်ခတ်လာသော သဲမုန်တိုင်း၏ ဝါးမျိုခြင်း ခံလိုက်ရလေတော့သည်။

....ဃ....



မြင်းစီးသမားတစ်စုသည် ကန္တာရကို ဖြတ်သန်းလာကြလေသည်။

ရှေ့ဆုံးမှ ဦးဆောင်လာသူမှာ ကျူစိမ်ရှန် ဖြစ်သည်။

သူတို့က ကန္တာရကြယ်အဖွဲ့သည် ခေါင်းနှစ်လုံး မြွေဆိုး (ဝါ) သူဌေးကြီးယု အား သုတ်သင်ရှင်းလင်းနိုင်ခဲ့ပြီး ကျူးကျော်သူ မွန်ဂိုတို့အား အထောက်အပံ့များ ဖြတ်တောက်နိုင်လိုက်ပြီ ဖြစ်သည်။

သူဌေးကြီးယု ၏ အထောက်အပံ့မရတော့သဖြင့် မွန်ဂိုတို့ ကျူးကျော်ဖို့ မလွယ်တော့ပေ။

သူဌေးကြီးယု အား ချေမှုန်းသည့်တိုက်ပွဲတွင် အိုရန်စုံ စပယ်၊ ကျူပေအင်တို့အပါအဝင် အဖွဲ့သား အတော်များများ ကျဆုံးခဲ့ကြပေသည်။

သို့သော်....

ကျဆုံးသွားသူများအတွက် မည်သူမျှ မျက်ရည်မကျပါ။

စွန့်လွှတ်စွန့်စား တိုက်ပွဲဝင်ကြသူများအဖြစ် ဂုဏ်ယူ၍သာ နေကြလေသည်။

ကန္တာရကြယ်အဖွဲ့သည် မတရားမှုများ ရှိနေသရွေ့ ဆက်လက် ဖြည်ရှိနေဦးမည် ဖြစ်သည်။

အသက်သွေးချွေး ပေးဆပ်ကာ ရင်ဆိုင်တွန်းလှန်သွားကြမည် ဖြစ်ပါသည်။

ကျူစိမ်ရှန်တို့ ကန္တာရထဲမှ ဖြတ်သန်းလာရင်း သဲပြင် အနေအထား ပြောင်းလဲနေမှုကြောင့် ကျိုကွေ့က....

'မနက်က သဲမုန်တိုင်း တိုက်သွားပုံရတယ်'

ဟု ပြောလေသည်။

ကျူစိမ်ရှန် ခေါင်းညိတ်လိုက်သည်။

'ဟုတ်လိမ့်မယ်'

သူတို့ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ရာ သဲပြင်ပေါ်၌ ငံးလက် ဘောက်ပြောင်နေသည့် အရာဝတ္ထုများ ရှိနေသည်ကို တွေ့ရ၏။

ကျိုကွေ့က မြင်းဒုန်းစိုင်းကာ ချဉ်းကပ်သွားပြီး စစ်ဆေး ကြည့်လိုက်သည်။

ထိုငံးလက်တောက်ပြောင်နေသော အရာများမှာ ရွှေဒင်္ဂါးများဖြစ်နေပါသည်။

'ရွှေဒင်္ဂါးတွေ...'

ကျိုကွေ့ အော်လိုက်၏။

မှန်ပေသည်။

လူဝံကြီးဝှက်ထားသည့် ရွှေဒင်္ဂါးများသည် သဲမုန်တိုင်း တိုက်ခတ်မှုကြောင့် သဲပြင်ထဲမှ ထွက်ပေါ်လာခဲ့လေသည်။

ကျူစိမ်ရှန် သက်ပြင်းချလိုက်၏။

လူဝံကြီးနှင့် လီစင်းယုတို့ အဖြစ်ဆိုးကြုံသွားရပြီဖြစ် ကြောင်း ဆင်ခြင်မိလိုက်၏။



လောဘရမ္မက်ကြီးသူတို့၏ နောက်ဆုံး သွားရာ လမ်း ကြောင်းသည် ဘယ်ဒသာအခါမှ ဖြောင့်ဖြူးမှု ရှိလိမ့်မည် မဟုတ်ပါတကား။

.... ....

လေပြည်လေညင်း ငြေ့ယမ်းတိုက်ခတ်နေသည်။

တောက်ပသော နေရောင်ခြည်အောက်တွင် ဝန်းကျင် တစ်ခုလုံး သာယာလှပနေသည်။

'ခွပ်ခွပ်....ခွပ်ခွပ်'

မြင်းခွာသံ မှန်မှန် ထွက်ပေါ်နေလေသည်။

လုလင်တစ်ဦးသည် ပြည်မဆီသို့ ဦးတည်ကာ ခရီးနှင်နေ ပါသည်။

လုလင်မှာ ကောက်ယိဖြစ်သည်။

ကောက်ယိသည် ကန္တာရမှ ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကြောင့် ကောင်းကောင်းကြီး သင်ခန်းစာရနေပြီ ဖြစ်သည်။

သူ၏ဘဝကို မတရားမှုများတိုက်ဖျက်ရာတွင် မြှုပ်နှံသွားရန် သန္နိဋ္ဌာန်ချထားပြီး ဖြစ်လေသည်။

ကန္တာရတွင် ဆက်၍ နေစရာအကြောင်း မရှိတော့သဖြင့် ကျူစိမ်ရှန့်တို့အား နှုတ်ဆက်ကာ ထွက်လာခဲ့ခြင်း ဖြစ်ပေသည်။

လူက မြင်းတစ်စီးဖြင့် ပြည်မသို့ ဦးတည်ခရီးနှင်နေသော်လည်း အသည်းနှလုံးမှာ ကန္တာရတွင် ကျန်ရစ် ခဲ့ရှာပြီတကား။

ဒုတိယပိုင်း ဇာတ်သိမ်း ပြီး၏။

တက္ကသိုလ်သိဟအောင်

ဖုန်း ၂၁၇၉၉